
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဆုလေးနွယ်(ရန်ကုန်တက္ကသိုလ်)

## ပျံသန်းထွက်ခွာထိုမာယာ

စိုးမိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၀၇၀၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၅၀၀၁၀၉
အဖုံးဒီဇိုင်း - Lလင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၈၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
ဆုလေးနွယ်
ပျံသန်းထွက်ခွာ ထိုမာယာ / ဆုလေးနွယ်
- စိုးမိုးစာပေ၊ ၂၀၀၉၊ ရန်ကုန်
၂၆၄ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ပျံသန်းထွက်ခွာ ထိုမာယာ

BURMESE CLASSIC .com

ယိမ်းနွဲ့နွဲ့မိုသည် နာရီလေးကို ကြည့်ကာကြည့်ကာ မိနစ် ...ဿယ်လောက်နှင့် ခပ်မြန်မြန်အလှပြင်နေသည်။

အမှန်တော့ ယိမ်းက မိတ်ကပ်ကြိုက်သူမဟုတ်ပါ။ ...်လောက် (Brand)မြင့်တဲ့ အသားအရေထိန်းသိမ်းတဲ့ ပစ္စည်း ...ဖြစ် သူမမျက်နှာပေါ်တင်ရတာကို မနှစ်သက်။ တစ်ခုခုလိမ်းရ ...ကိုပင် မျက်နှာပေါ် ရှပ်တယ်ထင်တဲ့သူပင်။

အခုကတော့ မင်္ဂလာဆောင်ဆိုတော့ ခါတိုင်းလို မျက်နှာ ...င်ဖြင့် သွားလို့ကမဖြစ်။

ယိမ်းက အခုအချိန်ထိ ရှင်မတောင်သနပ်ခါးကိုပဲ ...ကြိုက်နှစ်သက်ဆဲ ဖြစ်သည်။ ခပ်တုံးတုံးအပျိုမဟု ထင်လိုက ...ချင်စရာ။ ယိမ်း မျက်နှာအသားအရေမှာ ကံအားလျော်စွာ ...လေးငယ်တစ်ဦးလို နုနယ်ချောမွတ်နေသည်။ နေကလေး ...ည်းပူပြီဆိုတာနှင့် ပါးပြင်နှစ်ဖက်က နှင်းဆီသွေးရောင်



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းလာသည်။

ယိမ်းတို့အသွားဘက်က ရှမ်းစပ်မို့ ယိမ်းမျက်နှာနုနုက ပန်းသွေးရောင် ခပ်လွှမ်းလွှမ်းဖြစ်သည်။ အမေ့က အသားနည်းနည်း ညိုတဲ့ အညာသူပါ။ အမေက သူ့အဖေ(ယိမ်းတို့အဖိုး)နှင့်တူတာတဲ့။

ယိမ်းကျတော့ အရပ်မြင့်ပြီး အသားကလာဖြူနေတော့ အချောစာရင်းဝင် အလိုလိုဖြစ်ရသည်။ မောင်လေး သိမ်းဝဏ္ဏကျ တော့ အရပ်လည်းသိပ်မမြင့်တဲ့အပြင် အသားက ခပ်ညိုညိုဖြစ်နေ သည်။

မောင်နှမနှစ်ယောက်က ရုပ်ချင်းမဆင်။

အမေက မိန်းကလေးဖြစ်တဲ့ ယိမ်းကို ချောချောလှလှလေး ဖြစ်အောင်မွေးပြီး ယောက်ျားလေးဖြစ်တဲ့ ဝဏ္ဏကိုတော့ ကြည့်ပျော် ရှုပျော် ယောက်ျားပီသခန့်ညားရုံလေး မွေးပေးခဲ့တာ။

အညာသားရုပ်လေး ပေါက်ချင်တဲ့ ဝဏ္ဏက အင်္ဂလိပ် ဘာသာစကားမှာ အလွန်တော်ပြီး ယခုတော့ စင်ကာပူကိုပင် ရောက်နေပြီ။

အိမ်မှာ အမေရယ် သူမရယ်ပဲ ကျန်ခဲ့သည်။

ယိမ်းသည် မှန်တင်ခုံမှာထိုင်ကာ မျက်နှာလေးကို (Foundation) လိမ်းပြီးနောက် မျက်ခုံးကို ခပ်မြန်မြန်ပုံဖော်သည်။





ယိမ်းမျက်ခုံးလေးမှာ ထူထူတန်းတန်း အနေတော်လေး ဖြစ်ပြီးသားပါ။ မျက်ခုံးပြီးတော့ မျက်လုံး။

အိုင်းလိုင်နာကို အရင်ကွပ်လိုက်သည်။

ပြင်နေကြမဟုတ်တော့ အနည်းငယ်နေးကွေးနေရ၏။

ပြီးလျှင် မက်ကာရာ ပန်းနုရောင်လေးခြယ်သည်။ အရောင်လင်းအောင် ငွေရောင်လေးလည်း မျက်ခွံနားတစ်ဝိုက် သိမ်းခြယ်ရ၏။

နှုတ်ခမ်းထူအာအာ ခပ်ဖူးဖူးလေးကို ပန်းနုရောင်နှုတ်ခမ်း နီအရည်(Lip Gloss) လေးတင်ပြီးလျှင် သူမရဲ့ မျက်နှာပြင်ခြယ်သမှု က ပြီးစီးပါပြီ။

အဲ…ဆံပင် ဆံပင်ကို ဘယ်လိုလုပ်ရပါ့။

ဝတ်မှာက ပိုးဝမ်းဆက်ရှိုးရှိုးလေးဆိုတော့ ဆံပင်ကို အားလျားချထားလို့မဖြစ်။

နောက်တွဲလေးအမြန်ထုံးကာ ဖန်စီဆံထိုးလေးမှာ ထိုးလိုက် ၏။ ပြီးမှ ဆံထိုးကို သိပ်မကြိုက်သဖြင့် ပြန်ဖြုတ်သည်။

အဝတ်အစားအရင်လဲလိုက်တာ ကောင်းမည်။

အင်္ကျီက ယိမ်းအကြိုက် ပိုးပန်းရောင်လေးဖြစ်သည်။

အင်္ကျီမှာ ပိုးကြိုးနီညိုရောင်လေးတွေလည်း ပါပြီးသား။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ယိမ်းကိုယ်တိုင် ဘော်ကြယ်ပြားလေးတွေ၊ ကျောက်ပန်းရောင်လေး တွေနှင့် အလှဆင်ထားတာ။

ကိုယ့်အင်္ကျီကိုယ် အလှဆင်ထားတာမို့ အင်္ကျီလေးက ကြွရွလှပနေပါသည်။ ထမိပုံအတိုင်း ချုပ်ထားတဲ့ စကဒ်ထမီမှာလည်း အလားတူ နှင်းဆီပွင့်လေးတွေ ဘော်ကြယ်ပြားလေးတွေ ကျောက်ပွင့်လေးတွေနှင့် အလှဆင်ထားပါသည်။

ပန်းပုရုပ်လေးလို ကိုယ်လုံးလေးက အနေတော် လှပချပ်ရပ်တဲ့ ယိမ်းမှာ ထိုဝတ်စုံကြောင့် လှချင်တိုင်းလှနေပါတော့သည်။

ပန်းနုရောင်ကြောင့်လည်း ပိုထင်းနေတယ်ထင်မိတာပဲ။ ပန်းရောင်ဟာ ယိမ်း ခရေဇီအဖြစ်ဆုံးကာလာ။ ဒီအရောင်လေးမှာ နူးညံ့မှုတွေ၊ သိမ်မွေ့မှုတွေ၊ ဆွတ်ပျံ့မှုတွေ ပါဝင်နေသည်ဟု ထင်သည်။

ပန်းရောင်ဝတ်လိုက်တဲ့အခါ ပို၍ မိန်းမဆန်ပြီး ယိမ်း မျက်နှာလေး ပိုအရောင်ဟပ်တယ်လို့ ယူဆမိတာပါပဲ။

ဘီရိုကို ဖွင့်လိုက်ရင် ပန်းနုရောင်အဝတ်အထည်တွေက အများဆုံးဖြစ်နေလို့ မေမေကတောင် ပြောရသည်။

"ယိမ်းရယ် သမီးမှာလဲ ပန်းရောင်ချည်းပဲ ဖြစ်နေပါလား၊ တခြားအရောင်လေးဘာလေး ပြောင်းဝယ်စမ်းပါဦးတော့"





"မသိပါဘူး မေမေရယ် ယိမ်းဝယ်တိုင်း ပန်းရောင်ချည်းပဲ ဖြစ်နေတာ၊ ဒါပဲ မျက်စိတွေ့တာကိုး"

ပြုံးစိစိလေး ဆင်ခြေပေးမိသည်။

အခုလည်း အပြင်ထွက်လိုက်တာနဲ့ မေမေပြောတော့မှာပဲ။

ဒီအရောင်ပဲ ဝတ်ပြန်ပြီလားဆိုပြီး။

မတတ်နိုင်ဘူးလေ ယိမ်းကကြိုက်မိတာကိုး။

ရေမွှေးဆွတ်ပြီးလျှင် အပြီးသတ် မှန်ထဲပတ်ကြည့်လိုက်သည်။

အချိန်ကလည်း ညနေလေးနာရီနား နီးနေပြီ။

မင်္ဂလာဆောင်က ညနေလေးနာရီက ခြောက်နာရီ။

ယိမ်းသူငယ်ချင်း ငုဝါရဲ့အစ်မကြီး စွံတဲ့ပွဲပါ။

မနေ့ကမှကပ်ပြီး ငုဝါကိုယ်တိုင် လာဖိတ်သွားတာမို့ ဒီမနက်မှ နှင်းဆီနက်ဆီ ဖုန်းဆက်ပြီး လိုက်ခဲ့ဖို့ အကူအညီတောင်း ရတာ။

နှင်းဆီနက်ကတော့ နာမည်နှင့်လိုက်အောင် အနက်ရောင်တွေပဲ အဝတ်များသည်။ အခုလည်း မင်္ဂလာပွဲပါဆိုမှ အနက်ကြီးပဲ ဝတ်လာဦးမလားမသိ။

နှင်းဆီနက်ဆီမှာ အဝတ်အစားတိုင်းလိုလိုက အနက်ရောင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့သာ ဖြစ်နေတတ်တာ ယိမ်းသိသည်။

သူ့ဘီရိုကို ဆွဲဖွင့်လိုက်ရင် အနက်ကလွဲပြီး ဝတ်စရာမရှိသလောက်ကို ရှားပါးတာ ယိမ်း တွေ့ဖူးသည်။

“နက်ရယ် နှင်းကလည်း အနက်တွေချည်းပဲ”

“ငါအရမ်းကြိုက်တာ”

“မကောင်းပါဘူး”

“နက်ကတော့ အစွဲအလမ်း မရှိပါဘူး”

“အင်းလေ လှတာကတော့ လှပါတယ်၊ လှတာထက်ကို တည်ငြိမ်ရင်းလင်းပြီး ဆွဲဆောင်မှုရှိတယ်”

“အဲဒါများ ပြီးရောပေါ့”

“ပိန်ပြီးတော့ ချပ်ချပ်ရပ်ရပ်လေးလည်း ဖြစ်သွားတယ်၊ ဘယ်အရောင်မှ သူ့လောက် စမတ်မဖြစ်ဘူး”

“ဪ…ဒါဖြင့် ဘာလိုသေးလို့လဲ”

“ဒါပေမဲ့ ယိမ်းကကြောက်တာ”

“အမယ်လေးဟယ်”

“ယိမ်းဆို တစ်ခါမှမဝတ်ဘူး၊ ယိမ်းဆီမှာ တီရှပ်လေး တစ်ထည်တောင်မရှိဘူး”

“ဖြစ်မှဖြစ်ရလေ”





ယိမ်းနဲ့နှင်းမို့ ပြောနေပုံမှာ ကြိုက်နှစ်သက်ပါလျက်နှင့် အစွဲအလမ်းကြီးပြီး အယူသီးနေတဲ့သဘော သက်ရောက်သဖြင့် နှင်းဆီနက်က အသည်းတယား ရှုံ့မဲ့လိုက်သည်။

“ဘာမှမဖြစ်ပါဘူး၊ ငါ့ဆီက တစ်ထည်ယူဝတ်ကြည့်လိုက်”

“ဟင့်အင်း”

ယိမ်းက ခေါင်းရမ်းသည်။

မဝတ်ရဲပါ။ အောက်တယ်ပဲပြောပြော၊ ဂေါက်တယ်ပဲဆိုဆို ထိုအရောင်အပေါ်မှာ စိတ်က မသိုးမသန့်ရှိလှသည်။ ငယ်ငယ်တုန်းက တစ်ကြိမ်ဝတ်ဖူးခဲ့စဉ်မှာ ကံဆိုးမှုတွေ၊ အဆင်မပြေမှုတွေ၊ ဝမ်းနည်းစရာတွေ ကြုံတွေ့ခဲ့ဖူးသည်။ မယုံလို့ နောက်တစ်ကြိမ် နှစ်ကြိမ်မက စမ်းသပ်တော့လည်း ယိမ်းအတွက် လုံးဝလပ်ကီးမရှိတာ တွေ့ရှိလက်ခံလာရသည်။

အနက်ရောင်မှောင်မှောင်သည် အလင်းမရှိသောအရောင်။ လူတွေတော်တော်များများဟာ အမှောင်ကိုကြောက်ကြတာပဲ။ အမှောင်ဆိုတာက မကောင်းမှုတွေကို ဖိတ်ခေါ်နိုင်တယ်ဆိုတာ ယုံမှားသံသယဖြစ်စရာမရှိပါ။ သူ့မှာ ရောင်ပြန်ဟပ်တယ်ဆိုတာလည်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ရှိသမျှသော အရောင်တို့ အစွန်းအဘင်းတို့ကို သူဟာ စုပ်ယူသွားနိုင်သည်။ အစွန်းအထင်း မကောင်းတာမှန်သမျှ သူက လက်ခံနိုင်သည်။ တစ်နည်းအားဖြင့် သူက ဖိတ်ခေါ်နိုင်သည်။

ထို့ကြောင့် ယိမ်းက အနက်လပ်ကီးဟု သတ်မှတ်သည်။

“နင်ကလည်းယိမ်းရယ် အသွားကြီးကျနေတာပဲ၊ ဒီခေတ် လူငယ်တွေကြားမှာ ခေတ်အစားဆုံး၊ လူကြိုက်အများဆုံး နံ့ပါတ် ဝမ်းကာလာပါဟယ်၊ လျှော့မတွက်ပါနဲ့၊ နင့်အသားဖြူဖြူဝင်းဝင်း လေးနဲ့ဆို ပိုတောင်လိုက်ဦးမယ်၊ ဝတ်ကြည့်လိုက်စမ်းပါ၊ နင်ကြိုက် သွားစေရမယ်”

အစကတည်းက မလှဘူးထင်လို့မှ မဟုတ်တာ။ လှမှန်း လိုက်မှန်းသိပါရဲ့။ ကမ္ဘာတစ်ဝှမ်း လူကြိုက်များတဲ့အရောင်မှန်း လည်း သဘောပေါက်လက်ခံပါရဲ့။ သူ့ရဲ့ အံ့မခန်းစွမ်းအားတွေကို လည်း သဘောကျပါရဲ့။

ဒါပေမဲ့ မဝတ်ရဲတာ။ ယိမ်းကိုယ်တိုင်က စိုးရွံ့မိတာပါ။

“ဟင့်အင်း…ငါကြိုက်တာက ပန်းရောင်ပဲ၊ ငါနဲ့လည်း လိုက်တယ်လို့ထင်တာပဲ”

“နင့်အရောင်ကြီးက တုံးပါတယ် ယိမ်းရယ်၊ ကလေးတွေ ပဲ သဘောကျတာ၊ ဒါကြောင့် နင်လည်း ကလေးဆန်နေတာ၊





ကြည့်ပါလား ခုလည်း သနပ်ခါးပါးကွက်ကျားနဲ့ ဘာရုပ်လေးမှန်း ကို မသိဘူး”

နှင်းဆီနက်က သူမကို ချစ်စနိုးနှင့် ပါးကို ဖွဖွဆွဲလိမ်ခဲ့ သည်။

အိမ်နေရင်းဆို တစ်ခါတလေ သနပ်ခါးပါးကွက်နှင့် အေးမြမြလေး စာဖတ်နေရတာကို ယိမ်းက မက်မောမိတာကိုး။

နှင်းဆီနက်က ယိမ်းကိုချစ်သည်။ ယိမ်းဖြစ်ချင်တာတွေ ဖြစ်မြောက်နိုင်အောင် သူအမြဲကူညီသည်။

သေးသေးဖွဲဖွဲဆန္ဒလေးတွေကအစ ကြီးကြီးမားမား ဘဝနဲ့ ချီတဲ့ လိုအင်ဆန္ဒအထိ လိုက်ပါကူညီပံ့ပိုးပေးခဲ့သူလည်း ဖြစ်ပါ သည်။

နှင်းဆီနက်ဆိုသော အမည်ဆန်းဆန်းနှင့် မိန်းကလေး တစ်ယောက်သည် ယိမ်းအတွက် သာမန်သူငယ်ချင်းမဟုတ်။ သာမန်မိတ်ဆွေအပေါင်းအဖော်လည်း မဟုတ်။ ညီအစ်မလို၊ ကိုယ့် ဆရာမတစ်ယောက်လို လေးစားခင်မင် အားကိုးရသူပါ။

အခုဆိုရင် ယိမ်းဟာ အိမ်မှာ လူကြီးလုပ်နေရပေမဲ့ နှင်းဆီ နက်ကို ဘာမဆို တိုင်ပင်နှီးနှောရသေးတာ။ သူ့ဆီမှာက အမြဲလိုလို အကြံဉာဏ်ကောင်းတွေ ရှိတတ်သည်။ သူ့ခေါင်းက စေ့စေ့စပ်စပ်



www.burmeseclassic.com

www.burmeseclassic.com



လည်း တွေးတောတတ်သည်။ အကွက်ကျကျလည်း ဖန်တီးတတ်သည်။

ယိမ်းအပေါ်လည်း စေတနာထားသည်။ အကယ်၍ ယိမ်းမှာ ညီအစ်မရင်းရှိခဲ့လျှင်တောင် နှင်းဆီနက်လောက် ကိုယ့်အပေါ် ကောင်းဖို့ မသေချာပေ။

နှင်းဆီနက်ကို ယိမ်းဖက်က အကြွင်းမဲ့ ယုံကြည်ကိုးစားသည်။

ယိမ်းအတွက် အကောင်းဆုံးအဖော်အဖြစ်လည်း သတ်မှတ်မိ၏။ အမေကလည်း ယိမ်းကို နှင်းဆီနက်ပါရင် ဘယ်သွားသွား စိတ်ချလက်ချရှိသည်။

နှင်းဆီနက်က အရာရာ ကျွမ်းဝင်နှံ့စပ်သော ဆရာမကြီးဆိုတာ မေမေလည်း သိတာပဲလေ။ ယိမ်းလို ဘာမှမသိနားမလည်တဲ့ ပုံမျိုးမဟုတ်။

ယိမ်းသာမဟုတ်ပါဘူးလေ မေမေပင် နှင်းဆီနက်ကို သမီးရင်းချာလို အားထားချစ်ခင်ပါသေးသည်။

အားကိုးအားထားပြုစရာ အခြေအနေမျိုးလည်း ဖြစ်နေသည်မဟုတ်လား။

နက်ဟာ ယိမ်းတို့အတွက်မူ အရာရာဖန်တီးပေးနိုင်သော





နတ်သမီးလေးကဲ့သို့ ဖြစ်နေသည်။

ယိမ်းနွဲ့နွဲ့မိုသည် မင်္ဂလာဆောင်သွားရန် အသင့်ဖြစ်သွားပြီမို့ မွေးမြကျော့ရှင်းသပ်ရပ်စွာ နွဲ့နွဲ့ကလေး အခန်းပြင်ထွက်လာသည်။

သူမပုံစံလေးက မဟာဆန်ပြီး နွဲ့နှောင်းသည်မို့ အားလုံးက ဝိုင်းပြောကြတာပဲ။

ခြေလှမ်းပုံ၊ လက်ကလေးလွဲပုံ၊ ကိုယ်နေဟန်ထားလေး ပြေပြစ်သိမ်မွေ့ပုံကပင် အခြား သူသူငါငါ မိန်းကလေးတို့နှင့် မတူဘဲ တမူထူးခြား ထင်ရှားနေတာပါပဲ။

အယောက်နှစ်ဆယ် ရင်ဘောင်တန်းပြီး တန်းစီလျှောက်လာရင်လည်း သူမရဲ့ ရင်သပ်ရှုမောဖွယ် ဟန်ပန်အမူအရာလေးက အားလုံးကြားထဲ ထင်ရှားပေါ်လွင်နေဦးမှာပဲဖြစ်သည်။

ထူးခြားသော အဆင်းသဏ္ဌာန်နှင့် ဆွဲဆောင်ညှို့ယူနိုင်သော ဟန်ပန်လေးရှိနေခြင်းဟာ ဘာကြောင့်ပါဟု ပြောရခက်လှပါသည်။

မေမေက ညှော်ခန်းဆီ လျှောက်လာသော သူ့သမီးရဲ့ ရှင်းရှင်းကျော့ကျော့ အဆင့်မြင့်သော စတိုင်လ်လေးကို အရင်ဦးဆုံး ငေးမောသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မွေးထားတဲ့သမီးလေးအတွက် ဂုဏ်ယူကျေနပ်မဆုံးသော ပီတိမျက်လုံးတွေနှင့် ချစ်စနိုးကြည့်ရှုလိုက်တာ။

"မေမေ ယိမ်းလှရဲ့လား၊ အဆင်ပြေရဲ့လားဟင်"

"လှလိုက်တာမှ စက်စက်ယိုပဲ၊ ပွဲတက်ဝတ်စုံ ဖက်ရှင်ပွဲများ လျှောက်လိုက်ရရင် ငါ့သမီးလေး ဆုချိတ်မှာကျိန်းသေပါပဲတော်"

"ဟင်း…မေကလည်းနော် ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြီ နက်နက်လာရင် မေမေကြည့်လိုက်ဦး၊ သူကမှ အင်တာနေ့ရှင်နယ် စတိုင်လ်မျိုး၊ ဟောလိဝုဒ် ရောက်သွားသလားထင်ရတာ"

"လှတာက လှပါတယ်၊ ဒါပေမဲ့ မဲမဲမှောင်မှောင် ဖက်ရှင်တွေ မေမေတော့ မျက်စိမတွေ့ပါဘူးလေ၊ ငါ့သမီးလေးကမှ ကြည့်လိုက်ရင် ကျက်သရေရှိရှိလေး အမြင်အေးသွားတာ"

မေမေ ဒီလိုချီးမွမ်းတော့လည်း ယိမ်းမျက်နှာလေးက နှစ်သိမ့်ကျေနပ်ပြုံးနှင့် ရွှန်းတောက်နေရပါသည်။

နှင်းဆီနက်နှင့် ယှဉ်ပြိုင်ချင်တာတော့ မဟုတ်ပါ။

ဖက်ရှင်တွေ၊ စတိုင်လ်တွေနှင့် ပတ်သက်ရင် တကယ်တမ်းယှဉ်လည်း မယှဉ်နိုင်ပါ။

နက်က ဆံပင်ဆိုလည်း တစ်လတစ်ခါလောက် ပုံပြောင်း





အရောင်ပြောင်းနေတာ။ အဝတ်အစားနဲ့ ဖိနပ်၊ ခါးပတ်၊ အသုံးအဆောင်တွေဆိုရင်လည်း သူမဒက်ဒီက စင်ကာပူကနေ ပို့ပို့ပေးနေတာ။

ဝတ်လိုက်ရင် တစ်နေ့တစ်စုံ ထပ်တောင်မထပ်။ တစ်ခါဝတ်လာလို့ လှလိုက်တာ ငေးမိရင် နောက်တစ်ကြိမ် အဲဒီဝတ်စုံပြန်မြင်ရဖို့ စောင့်မျှော်မနေနဲ့။ တွေ့ကိုမတွေ့တော့တာ။ အပြင်မှာ ရုပ်ရှင်မင်းသမီးဆိုတာကို နီးနီးစပ်စပ် မနေဘူး၊ မတွေ့ဘူးပေမဲ့ နှင်းဆီနက်ဟာ သူမအတွက် စူပါမင်းသမီးလိုပဲ ငေးမောအားကျစရာတွေ ပြည့်နှက်နေပါသည်။

ယိမ်းက ဖိနပ်စင်ပေါ်က လေဒီရှူး ပန်းရောင်အရင့်လေးကို ချစီးမည်ပြင်ပြီးမှ ဝရန်တာဖက် အရင်တစ်ချက်ထွက်ကြည့်လိုက်သည်။

"လာပြီလား သမီး၊ ဒီနေ့ နက်နက်နောက်ကျနေပါလား"

"နာရီဝက်ဆို ရောက်ပြီလို့ သူဖုန်းဆက်ထားတာပဲ"

နက်က အချိန်တိကျပါသည်။

သူပြောတဲ့ နာရီဝက်အတိလောက်မှာပဲ လမ်းထဲသို့ အက်စီးလီမိတက် အဖြူရောင်သန့်သန့်လေးက ဖြည်းညှင်းစွာ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ တခြားကားတွေရောင်နေရလို့သာ နက်က ဖြည်းဖြည်းမောင်းတာ။

ပြည်လမ်းမပေါ် ကားရှင်းရှင်းသာဆိုရင် သူမောင်းပုံခ ကြမ်းကြမ်းကြောင့် ဘေးမှာထိုင်စီးရတဲ့ ယိမ်းမှာ အမြဲရင်ဘတ်ခ နေရတာ။

"နက်လာပြီ မေမေ"

"အေး...အေး ကောင်းကောင်းသွားနော်၊ ကားလည်း ဂရုစိုက်မောင်းဖို့ နက်နက်ကို သတိပေးဦး"

"ဟုတ်ကဲ့ပါ မေမေ၊ တာ့တာနော်"

ယိမ်းက မေမေ့ကို တာ့တာလုပ်ပြီး တံခါးဖွင့်ကာ လှေကားမှဆင်းလာခဲ့သည်။ နက်ရဲ့ကားက တိုက်အောက်ခြေမှာ နေရာမရတော့ ဟိုဖက်က မလှမ်းမကမ်း သွားရပ်ထားရသည်။

နှင်းဆီနက်က ကားပေါ်ကဆင်းပြီး ဝရန်တာက မေမေ့ထံ လက်ပြနှုတ်ဆက်ပါသည်။

ကားနံဘေးသို့ သူဆင်းရပ်လျှင် နံဘေးနားကလူတွေအား လုံး ဝိုင်းငေးကုန်၏။

မငေးပဲရောရှိမလား။

ဥရောပဒရက်စ်ဆန်ဆန် ဂါဝန်အရှည် အနက်ရောင်ဟာ





သူ့အသားဖြူဖြူလေးမှာ ကောက်ကြောင်းနှင့် ကွက်တိ။

ဂါဝန်အနောက်ဖက် ခြေသလုံးလောက်မှာ နှင်းဆီပွင့် ခပ်ပြားပြားတစ်ခုကို ပုံဖော်ထားရာ အောက်ဖက်သို့ ဝဲဖြာကျနေပုံ အာ ဆန်းပြားလှပလွန်းသည်။

သူမကားပေါ်ပြန်တက်လျှင် လှပဆန်းကြယ်သော နှင်းဆီ ပွင့်နက်နက်ကြီးက သူမထံပါး တခဏတယ ဒရွတ်တိုက် လိုက်ပါ သွားဟန်မျိုး ငေးချင်စရာကောင်းနေ၏။

"နောက်ကျနေပြီ နက်ရဲ့၊ ဘာလို့ ကားပေါ်ကဆင်းတာလဲ၊ နင့်ဂါဝန်ကြီး ပုတ်တိုက်နဲ့ဥစ္စာ"

"ဒက်ဒီဗို့ပေးထားတာလေ၊ မိုက်ရဲ့လား"

"မိုက်ပါ့၊ ဒါပေမဲ့ နင်သွားမှာက မင်္ဂလာဆောင်လေ"

"မင်္ဂလာဆောင်ဆိုတော့ ဘာဖြစ်လဲ၊ မဝတ်ရဘူးလား"

"အေးပါ၊ ဝတ် ဝတ်"

"နင်ကတော့ ပိုးထည်လေးနဲ့ ရှင်းရှင်းပဲ၊ နန်းတွင်းသူလေး ကျနေတာပဲဟယ်၊ ချစ်စရာလေး"

"ကဲ မောင်း မောင်း ငါ့ဖက်လှည့်ကြည့်မနေနဲ့"

နှင်းဆီနက်က ရယ်သံလေးနှင့် ကားစက်ကို ပြန်နှိုးလိုက် ပါ၏။ ဆံပင်ရေစိုအကောက် ကော်ဖီရောင်လေးနှင့် နက်နက်ဟန်ပန်



www.burmeseclassic.com

www.burmeseclassic.com



က အဆင့်မြင့်မြင့် ကြည့်ကောင်းနေသည်။

သူ့ရဲ့မျက်နှာပေါက်က အနည်းငယ် အနောက်တိုင်းဆ
သည်။ ပါးရိုးကြီးကြီးနှင့် မျက်လုံးက ပြူးကျယ်ဝိုင်းစက်ပြီး သူ့ကို
ကြည့်လိုက်လျှင် ကျောချမ်းရင်ဖိုစရာကောင်းသည်ဟု ယိမ်း ထ
သည်။

သူက နှင်းဆီတစ်ပွင့်လို ဆွဲအားပြင်းပြင်းနှင့် စွဲမက်ဖွ
ကောင်းနေတာ။ သူ့ရဲ့အလှအပက လျှို့ဝှက်သိပ်သည်းမှုဆန်သည်

ကိုယ်လုံးလေးကလည်း မယ်ဝင်ပြိုင်လျှင် ရလောက်အော
အချိုးအဆက် ကျနသည်။

ကောက်ကြောင်းလေးက ရှိုက်ဖိုကြီးငယ်တို့နှင့် ရင်သ
ရှုမောဖွယ် ဆွဲဆောင်နိုင်သည်။

ကားမောင်းတဲ့အခါ ကုပ်ချိုချိုပုံမဟုတ်ဘဲ ခါးကလေးမတ
ရင်ကလေးမော့ကာ တစ်မျိုးစတိုင်လ်ကျပါသည်။ နက် ကားမော
ဟန်မှာ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ဖြင့် ကြည့်ကောင်းလှသည်

"ငါ့ကို ဘာလို့ကြည့်နေတာလဲ ယိမ်း"

"နင့်ပုံက ဂရမ်မီဆုတက်ယူမယ့်ပုံ ဖြစ်နေလို့"

"အဟင်း…ဟင်း…ဟင်း"

နက်က သဘောတကျ ရယ်မောလိုက်ပါသည်။





"ငါက (Europe)စတိုင်လ်ပဲ သဘောကျတာ"

နှင်းဆီနက်က ပြင်သစ်၊ အီတလီတို့ဆီက ခေတ်စားနေတဲ့
…ရှင်တွေကိုမှ မိုငြမ်းဝတ်ဆင်တတ်၏။

ဒါကြောင့်ပဲ သူ့ပုံက တမူကွဲထွက်နေသလို ဖြစ်နေတာ။

အခုလည်း ရေစိုဆံပင်ကောက်နှင့် မျက်မှန်နက်နှင့်
…ထားတဲ့ဂါဝန်ပုံဟာ ဘယ်လိုမှ မြန်မာမဆန်ပေ။

ယိမ်းက ပိုးထည်လေးတွေ၊ ချိတ်ဆင်လေးတွေ ဝတ်
…တ်တော့ သူနှင့် ဒီနိုင်းခြင်း အမြဲခြားနားနေရသည်။

လူတွေက နက်နှင့်ယိမ်းတို့ သူငယ်ချင်းအတွဲကို အလွယ်
…ကူ မှတ်မိနေတတ်သည်။

ယိမ်းက အီကိုနောက်ဆုံးနှစ်ကစပြီး နှင်းဆီနက်နှင့် ခင်မင်
…တ်တွဲလာခဲ့တာ အခုဆိုရင် သုံးနှစ်ကျော်ပြီ။ ဒီအတောအတွင်း
…မ်းတို့ဘဝအခြေအနေမှာလည်း အတော်ပြောင်းလဲသွားခဲ့ပါသည်။

ယိမ်းက ပင့်သက်ငွေ့လေး ခိုးရှိုက်မိသည်။

ထို့နောက် မင်္ဂလာပွဲကျင်းပရာ ဟိုတယ်ရှေ့သို့ ကားက
…ောက်လာခဲ့သည်။

သတ်မှတ်ထားတဲ့ ကားရပ်ရာနေရာမှာ ကားကိုရပ်ပြီး
…က် နှင်းဆီနက်နှင့် ယိမ်းနွဲ့နွဲ့မိုတို့ နှစ်ဦးသား ခန်းမရှိရာ ပေါ်တီ



www.burmeseclassic.com

www.burmeseclassic.com



ကိုအောက်ဖက် လျှောက်လာသည်။

မိန်းကလေးနှစ်ဦးမှာ တစ်မျိုးစီ တစ်ပုံစံစီ ကွဲပြားသော်လည်း နှစ်ဦးစလုံးမှာ ငေးမောယူရလောက်အောင် ရုပ်ရည်အလှထူးများကို ပိုင်ဆိုင်ကြပါသည်။

လူကုံထံတို့ မင်္ဂလာပွဲမို့ ကားကောင်းကားသန့်တွေက စီရရီ။ ကားပေါ်က ဆင်းသူအချင်းချင်း တစ်ဦးကိုတစ်ဦးလည်း လှမ်းကြည့်မိကြသည်။

သူတို့လက်ထဲပါလာတာက လက်ဖွဲ့ဗူး ခပ်ရှယ်ရှယ်လေးတွေ။

လေးလေးပင်ပင်လည်း မဟုတ်၍ စတိုင်လ်မပျက် ကိုင်လာခဲ့ကြသည်။

လက်ဖွဲ့လက်ခံတဲ့ စားပွဲနှစ်လုံးဆက်ဟာ အပြင်မှာပဲ ခင်းကျင်းထားသည်။

ဟိုတယ်ခန်းမထဲ မဝင်ခင်မှာပင် လက်ဖွဲ့ထုပ်ကို အပြင်မှာ သီးသန့်ထားခဲ့ရမည့်သဘောပါ။

ယိမ်းက သူမနှင့်ခင်သော ငုဝါရဲ့ညီမဝမ်းကွဲလေးကို လှမ်းပြုံးပြလိုက်ပါသည်။

"ဟာ…မမယိမ်းလာပြီ၊ အတော်ပဲ"





ကောင်မလေးက လက်ဖွဲ့လက်ခံရင်းပဲ ကမန်းကတန်း ထရပ်ကာ ယိမ်းလက်မောင်းကို ဆွဲခေါ်၏။

"သူဇာတစ်ယောက်တည်း မမယိမ်းရဲ့၊ ခဏလောက် အဖော်နေပေးနော်၊ ခဏလေးပါ၊ ပြီးမှဝင်ပေါ့"

သူဇာ အတင်းပူဆာသဖြင့် ယိမ်း ငြင်းရခက်သွားသည်။ နှင်းဆီနက်ဖက် အားနာစွာ လှည့်ကြည့်မိသည်။

တကယ်တော့ ငုဝါနှင့် နက်က ယိမ်းမှတစ်ဆင့် ခင်မင်သိကျွမ်းတာမို့ သိပ်အရင်းနှီးကြီး မဟုတ်လှ။ ယိမ်း ဒီပွဲတက်ချင်တယ်ဆိုလို့သာ နက်က လိုက်လျောခဲ့တာပါ။

အခုမှ နက်ကိုပါ ဒီမှာနေခိုင်းဖို့မလွယ်။

ခန်းမထဲဝင်သွားနှင့်ဖို့ကြတော့လည်း နက်တစ်ယောက်တည်း ကြောင်တက်တက်ဖြစ်နေမှာပေါ့။

"မမနက် ပလိစ်နော်"

သူဇာက လက်ဖွဲ့စားပွဲမှာ အဖော်နှင့်သာ ထိုင်ချင်သည်။ ဟိုဖက်က မိန်းကလေးနှစ်ဦးမှာ သတို့သားဖက်က ဆွေမျိုးသားချင်းထဲကမို့ သူဇာနှင့် သိပ်မခင်။ သတို့သမီးဖက်က မိန်းကလေးနည်းတော့ သူဇာပဲ တာဝန်ကျတာလေ။

သူဇာက ရှုံ့မဲ့မဲ့လေးရှင်းပြရင်း ယိမ်းလက်ကိုဆွဲထား၏။



www.burmeseclassic.com

www.burmeseclassic.com



''ရတယ်၊ တို့ဘာသာဝင်နှင့်မယ်၊ အားမနာပါနဲ့''

နှင်းဆီနက်က ဘယ်နေရာမဆို တစ်ယောက်တည်း သွားလာဝင်ထွက်နေကျမို့ ဘာမှအခက်အခဲမရှိပါ။

သူမက နိုင်ငံရပ်ခြားကိုပင် တစ်ဦးတည်း လေယာဉ်ကြီးစီးပြီး သွားရဲသူပါ။ မင်္ဂလာဆောင်လောက်တော့ အပျော့ပေါ့။

နက်ဟန်ပန်လေးမှာ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့် ရှိနေသည်။

''ဒါဆို ယိမ်း ဒီမှာခဏနေပေးလိုက်မယ်နော် နက်''

''အေးပါ၊ အိုကေ ပြီးမှဝင်ခဲ့ပေါ့''

နှင်းဆီနက်က လွယ်လွယ်ကူကူပင် အပြုံးနှင့်ခေါင်းညိတ်ကာ ခန်းမထဲ လျှောက်ဝင်သွားသည်။

သူမရဲ့ ခြေလှမ်းတွေမှာ ဝင့်ဝင့်စားစားရှိလှ၏။

ကျော့ရှင်းလှပသော အနက်ရောင်သဏ္ဌာန်လေးကို သူဇာပင် အမှတ်တမဲ့ ငေးမောသွားရသည်။

ဝတ်ထားတဲ့ လက်ကောက်၊ ဆွဲကြိုး၊ နားဆွဲတွေဟာ စိန်အစစ်ကို ဖန်စီဆန်ဆန် ပြုလုပ်ထားတာမို့ သူဇာငေးမယ်ဆိုလည်း ငေးချင်စရာပါ။

''လှတယ်နော်၊ ဘယ်လိုလေးလည်းမသိဘူး''





''အင်း''

''မမယိမ်းလည်း လှတာပါပဲ၊ ယဉ်စစလေးနဲ့''

''တော်ပါ မိသူရယ် နင် ငါ့ကို ဆွဲထားချင်လို့ မြှောက်နေတာ သိသားပဲ''

''မဟုတ်ပါဘူး မမယိမ်းရဲ့၊ တကယ်ပြောတာ၊ မမယိမ်းက စိုးပြည့်သဖင်နဲ့ဆင်တယ်၊ ချစ်စရာလေး''

ယိမ်းက မျက်စောင်းလေးသာ ရွယ်မိပါသည်။

သူဇာက ဘာမှထပ်မပြောအားတော့ဘဲ ဝင်လာမဆဲစဲ့ ဧည့်ပရိသတ်တို့ကို ကြိုဆိုပြုံးပြရင်း လက်ဖွဲ့လည်း လက်ခံ၊ ငွေဖလားထဲက သတို့သမီး သတို့သားစုံတွဲပုံပါ သော့ချိတ်ကိုလည်း မပျက်မကွက်ဆောင် ပြန်ကမ်းရသေးတာမို့ သူ့ဟာနှင့်သူ ရှုပ်ယှက်ခတ်နေပါသည်။

ယိမ်းမှာ ရပ်လာတဲ့ကားတွေဆီ ဘာရယ်မဟုတ် လှမ်းငေးရင်း ပရိုဆိမ်းနိုးရောင်လေးက မြင်ကွင်းထဲသို့ ဝင်လာသည်။

မန်ယူဘောလုံးအသင်းရဲ့ စတစ်ကာလေးကို အရင်ဆုံး မှတ်မိပြီး ရင်ထဲ ဒုတ်ခနဲ ခုန်သွားရ၏။

ဧသြော။

ဒါ သူ့ကားပဲလား။ ဒီကားက သူစီးနေတုန်းပဲလား။



www.burmeseclassic.com

www.burmeseclassic.com



ကားနံပါတ်ကိုလည်း ယိမ်း မှတ်မိနေသည်။

ဒါပေမဲ့ ကားများရောင်းလိုက်ပြီလားဟုလည်း ဇဝေဇဝါ တွေးမိသည်။

ဧဒြေကို မတွေ့ရတာ ဘယ်လောက်ကြာပြီလဲ။

ကြာဆို သုံးနှစ်တောင်ကျော်ပြီကော။

ဒါပေမဲ့လည်း သူစီးတဲ့ကားလေးကို လှစ်ခနဲမြင်လိုက်ရုံနှင့် ရင်ထဲခုန်လှုပ်ရဆဲပါလား။

ယိမ်း နှလုံးသားတွေက အလိုလို တုန်ရီလှိုက်ဖိုကာ နွေးလာရသည်။

ဖွင့်ဆင်းလာမည့် ကားတံခါးဖက်ကိုပဲ မျက်တောင်မခတ် စူးစိုက်ကြည့်နေမိသည်။

ဘယ်လောက်ပဲဝေးဝေး ရင်ထဲမှာ အရင်အတိုင်းပဲ ရှိနေသည်။ အရင်အတိုင်းပဲ နွေးနေသည်။ ခုထိ ယိမ်းဖက်က မပြောင်းမလဲခဲ့ပါလားနော်။

ကော်ဖီရောင်ဖျော့ဖျော့ အနောက်တိုင်းဝတ်စုံနှင့် နက်ခ်တိုင်အနက်လေးနှင့် ရှင်းသန့်ခန့်ညားလှတဲ့ လူရွယ်လေးကို လှမ်းအတွေ့မှာ ယိမ်းရင်ထဲကို အပျော်စိတ်တွေက ဆောင့်ခုန်တိုးဝှေ့လာ၏။

ဧဒြေရယ်။





တစ်ရက်ချင်းတိုင်းမှာ ယိမ်း သတိရနေခဲ့ပါတယ်။

ဘာလေးပဲတွေးတွေး ဧဒြေကို အရင်ဆုံး တမ်းတလိုက်မိတာချည်းပါပဲ။

အိပ်ရာဝင်လို့ နဖူးပေါ်လက်တင် ဟိုဒီတွေးတောမိပြီဆိုတာနဲ့ ယိမ်းရဲ့အတွေးအာရုံထဲကို တိုးဝင်လာတတ်တာ ဧဒြေ တစ်ယောက်ပါပဲ။

ဆုံကြည့်ခဲ့ဖူးတဲ့ မျက်ဝန်းရီရီလေးကို တောင့်တမိတာ အကြိမ်ပေါင်းမနည်းခဲ့ပါဘူး။

နက်ရှိုင်းချိုရီတဲ့ သူ့အကြည့်နွေးနွေးလေးဟာ ပြန်တွေးတိုင်းမှာ ယိမ်းနှလုံးသား ကြည်နူးလှိုက်ဖိုစေနိုင်လို့ပါ။

သူ့မျက်နှာ၊ သူ့အမူအရာနှင့် သူ့စကားသံတွေဟာ ယိမ်း အာရုံထဲက မပျောက်ပျက်နိုင်ခဲ့ပါ။

အထပ်ထပ်တွေးပြီး အခါခါ သတိရနေမိတာ တစ်ခါတလေ ယိမ်းကိုယ်ယိမ်းပင် ရှက်မိပါသေးသည်။

သူသည် အညိုရောင်လက်ဖွဲ့ ပက်ကင်ဗူးကို လက်ထဲ ခပ်ဆဆကိုင်ကာ ဒီဖက်ကို လျှောက်လာတာမို့ ယိမ်း ပိုလို့ရင်ခုန်မြန်လာရသည်။

သုံးနှစ်ကျော်မှာ သူ့ပုံစံဟာ သိသိသာသာကြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲမသွားပါ။ အနည်းငယ် ပိုပြည့်ပြီး လှကြီးဆန်လာတဲ့ပုံ။ အရင်လို ပန်းကြေအထောင်နှင့်မဟုတ်တဲ့ ဆံပင်က ပြောင်ပြောင်လက်လက် စိုနက်သပ်ရပ်နေသည်။

သူမတွေ့သေးသဖြင့် ယိမ်းက သူ့ကို အသက်ရှူဖို့ပင် မေ့ကာ သတိလက်လွှတ် ငေးငေးကြီး ကြည့်နေမိပါသည်။

ပေါ့ပါးသွက်လက်သော ခြေလှမ်းကျဲကျဲတို့နှင့် သူ တစ်ခဏလေး လက်ဖွဲ့စားပွဲနား နီးကပ်လာပါသည်။

ယိမ်းရဲ့ သွေးခုန်နှုန်းတွေက ဆောင့်တိုးနေဆဲ။

"ဟာ"

ယိမ်းကို ရုတ်တရက်တွေ့လျှင် သူသည် မယုံနိုင်အောင် အံ့အားသင့်ဝမ်းသာသွားပုံဖြင့် နှုတ်က ဟာခနဲ ရေရွတ် မျက်ခုံးကြီး ပင့်လျက်သား ခြေလှမ်းပါ တုံ့သွားပါသည်။

ဒီမဂ်လာဆောင်မှာ ယိမ်းကို တွေ့ရနိုးနိုး မျှော်လင့်ချက်ဖြင့် သူလာခဲ့တာ။

ယိမ်းတွဲတဲ့သူငယ်ချင်းထဲ ငဝါပါတာသိလို့ တမင်ရောက်အောင်လာခဲ့တာ။

အခုတော့ ခန်းမထဲတောင် မရှာရသေးဘဲ ဒီမှာ ဆိုက်ဆိုက်မြိုက်မြိုက် လာတွေ့ရပြီ ကြည့်စမ်း။





ပျော်ရွှင်အားတက်သွားသော အရိပ်တွေဟာ ဧည့် မျက်ဝန်းအစုံမှာ အထင်းသား။

ယိမ်းအပေါ် သူကြည့်လိုက်တဲ့ အကြည့်တွေကလည်း မပြောင်းလဲပါ။ အရင်လို ချိုရီရီနွေးထွေးနက်ရှိုင်း သက်ဝင်နေဆဲပါ။

"ယိမ်းရာ ဝမ်းသာလိုက်တာ"

"ဧည့် ဘယ်တုန်းက ပြန်ရောက်တာလဲ"

သူ ဂျပန်ထွက်သွားတာတော့ ယိမ်း သိလိုက်ပါသည်။ ပြန်ရောက်နေတာကိုတော့ သတင်းမကြားခဲ့။

"တစ်ပတ်လောက်ပဲ ရှိပါနေသေးတယ်"

"ဟုတ်လား"

တစ်ပတ်မှာပဲ ပြန်ဆုံတွေ့ခွင့်ပေးသော ကံကြမ္မာကို ယိမ်း တိတ်တဆိတ် ကျေးဇူးတင်လိုက်မိသည်။

ယိမ်းတို့နှစ်ဦးသား တမ်းမက်စွာ တစ်ဦးကိုတစ်ဦး မလွဲဖယ်ဘဲ လွမ်းလွမ်းဆွတ်ဆွတ် စိုက်ကြည့်နေမိကြသည်။

အတို့အလင်း ဖွင့်မကြေညာသေးတာကလွဲရင် တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ပိုကာ နှစ်သက်စွဲလမ်းနေကြတာကို မညာနိုင်ပါ။

သူနှင့်ယိမ်းတို့ မျက်လုံးချင်း နားလည်မှုရှိနေတာ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကြာခဲ့ပါပြီ။ ချစ်သူတွေသာ ဖြစ်ခွင့်မရသေးတာ။ ချစ်ကြဖို့ လက်တကမ်းလေးမျှ အလိုလေးမှာပဲ သူက ဂျပန်ထွက်သွားခဲ့တာ မို့လား။

ယိမ်းက မိန်းကလေးဣန္ဒြေနှင့် သူ့ထံ စတင်မဆက်သွယ် ခဲ့။

အိမ်မပြောင်းခင်ကတော့ သူ့ဆီက တစ်ခါတစ်ခါ ဖုန်းလာ ခဲ့ပါသေးသည်။ ရည်းစားမဖြစ်တဖြစ်လေးမှာ အသည်းယားစရာ ခွဲနေခဲ့ကြရတာပါ။

ဒါပေမဲ့ သူ့ရင်ထဲမှာ ယိမ်းရှိနေတာ ယိမ်းဖက်က ရိပ်မိ သလို ယိမ်းရင်ထဲမှာ သူရှိနေတာလည်း ဓေဩ ရိပ်မိမှာပါ။

စေးကပ်တွယ်ငြိပြီး ဖယ်ခွာလို့မရတဲ့ အကြည့်နှစ်မျောမျော တွေက အကောင်းဆုံးသက်သေတွေပေါ့။

ဒီတစ်ခါတော့ ပြန်ဆုံကြပါပြီ။

ဓေဩက အရင်လို မတွေဝေ မနှေးကွေးဖို့ ဆုံးဖြတ်ခဲ့ပြီး သားပါ။

ယိမ်းကိုတွေ့တာနှင့် သူဖွင့်ပြောဖို့ အသင့်ပြင်လာခဲ့သည်။

ဒါပေမဲ့ ယိမ်းဖက်က အခြေအနေကရော အရင်အတိုင်း ပဲလား။





အိမ်ထောင်မပြုရသေးတာတော့ သေချာသည်။

ရောက်တဲ့နေ့ကတည်းက သူ သူငယ်ချင်းတွေဆီ ဖုန်းဆက်စုံစမ်းခဲ့ပါသည်။

"ကျွန်တော် ဒီရောက်တဲ့နေ့ပဲ ကျောက်ကုန်းအိမ်မှာ သွား ရှာတယ်၊ ယိမ်းတို့ ပြောင်းသွားပြီဆိုလို့ ဘယ်လိုက်ရမှန်းမသိ ဖြစ်သွားတယ်၊ အဲဒီဖုန်းကလည်း ဆက်မရတော့ဘူးနော်"

"ဟုတ်တယ်၊ ဖိုင်နယ်တက်နေတုန်းပဲ အိမ်ရောင်းလိုက် တာ၊ ဓေဩကို ပြောချင်ပေမဲ့ အဆက်အသွယ်တွေလည်း ပြတ်နေ တယ်လေ"

"အခု စမ်းချောင်းဖက်မှာနေတာဆို"

"ဟုတ်တယ် ဓေဩ၊ ရှင့်ကိုဘယ်သူပြောတာလဲ"

"ကျွန်တော့်သူငယ်ချင်းတွေ ပြောတာ၊ လိပ်စာကတော့ သူလည်းမသိဘူးတဲ့၊ ငုဝါကို မေးကြည့်တဲ့၊ ကျွန်တော်က ရှက်တာ နဲ့ ဖုန်းထဲကမမေးတာ၊ ဒီမင်္ဂလာပွဲတော့ ယိမ်းလာမှာပဲဆိုပြီး ကျွန်တော် တမင်အစောကြီးထွက်လာတာ၊ ယိမ်းကိုတွေ့အောင်ရှာ မယ်ပေါ့၊ အခုတော့ အရမ်းကံကောင်းသွားတယ် မရှာရသေးဘဲ ဒီရှေ့မှာပဲ လာတွေ့နေပြီ၊ ဟား...ဟား"

သူ့စကားနှင့် သူ့ရယ်သံက ယိမ်းကို စိတ်လှုပ်ရှားကြည်နူး



www.burmeseclassic.com

www.burmeseclassic.com



စေပါသည်။

ခေသြဇာသည် ယိမ်းရဲ့ ပန်းနုရောင်ပြေးနေသော ရုက်စနီး မျက်နှာလေးကို တစ်ရှိုက်မက်မက် ကြည့်နေမိသည်။ ဘောဘီက ကောင်မလေးတွေကို သူဂရုမပြုနိုင်။

"ယိမ်းလည်း အထဲဝင်မလို့ပဲ၊ သူငယ်ချင်းက ဝင်သွားပြီ၊ ဒီမှာ သူဇာက အတင်းဆွဲထားတာနဲ့ သူက ငုဝါညီမ သူဇာတဲ့"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်"

အခုမှပဲ မိတ်ဆက်ပေးရ၏။ သူဇာက ယိမ်းတို့နှစ်ယောက်ကိုကြည့်ပြီး တစ်စုံတစ်ရာကို အကဲခတ်မိဟန်ဖြင့် ပြုံးစိစိလေး ဖြစ်နေပါသည်။

တစ်ယောက်ကိုတစ်ယောက် ကြည့်တဲ့ မြတ်မြတ်နိုးနိုး အကြည့်တွေက သော့လူတွေ သိသာစေတယ်ထင်ပါရဲ့။

ရှက်စရာပဲနော်။

"ယိမ်း လိပ်စာနဲ့ဖုန်းနံပါတ် ပြောဦး"

သူက အရေးတကြီး တောင်းဆိုသည်။ ယိမ်းက ရှက်မျက်နှာစောင်းလေး မသိမသာဝင့်လျက်

"အင်းပါ မပေးမှာကျနေတာပဲ"

"ယိမ်းက ခြေရာတွေပျောက်သွားတတ်လို့ ကျွန်တော့်မှာ





ရှာရတာမလွယ်ဘူး၊ စမ်းချောင်းထဲလည်း ကားပတ်မောင်းပြီး ရှာရသေးတယ်၊ ပါလာတဲ့ လက်ဆောင်တွေလည်း ပေးချင်တယ်၊ ကျွန်တော်တို့ တစ်ရက်လောက် အေးအေးဆေးဆေးတွေ့ရအောင်"

ယိမ်းက သူ့စကားတွေ ခေါင်းသာညိတ်သည်။

ပြောနေပုံတွေမှာ သူတစ်ခုခု ဆုံးဖြတ်ထားပြီဆိုတာ သိသာနေပါသည်။

"အင်းပါ၊ ကဲ ရော့ ရော့ ဒီမှာလိပ်စာကဒ်"

သူဆက်ပြောနေရင် ပိုပြီးပင် မျက်နှာပူစရာတွေပါလာနိုင်သည်မို့ ယိမ်းက ပန်းနုရောင်လက်ကိုင်အိတ်လေးထဲကနေ လိပ်စာကဒ်တစ်ခု ခပ်မြန်မြန်ပဲ ထုတ်ယူပေးလိုက်ပါသည်။

မတွေ့တွေ့အောင် ရှာနေရပါတယ်ဆိုတဲ့ သူ့စကားက ယိမ်းနှလုံးသားကို ပို၍တုန်ရီစေပါသည်။

"ယိမ်း"

"ရှင်"

"ကျွန်တော့်အပေါ် အရင်အတိုင်းပဲမဟုတ်လား"

"အင်းလေ ဘာဖြစ်လို့လဲ"

သူက အနားကမခွာနိုင်သေးသလို ခပ်တိုးတိုး ထပ်မေးပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မတော်တဆ ရည်းစားရသွားမှာ စိုးရိမ်လို့ပါ"

"အိုး…ဘာဆိုင်လို့လဲ"

မထိခလုတ်စကားလေးကြောင့် ယိမ်း မျက်နှာနီရောင်ပြေးသွားသည်။

"ဒါပေမဲ့ ယိမ်း ကျွန်တော့်ကိုစောင့်နေမယ်လို့လည်း စိတ်ထဲမှာ ယုံနေမိတယ်"

"ဟင် ကြည့်စမ်း"

ခပ်တိုးတိုး အနားကပ်ပြောပုံကို ယိမ်း အတော်ရှက်သွားမိသည်။

သူ့ကိုပဲ စောင့်နေရဦးမယ်။

စောင့်စားမျှော်လင့်ရတဲ့ မိန်းကလေးတို့ဘဝဟာ ဘာများ တတ်နိုင်သေးလို့လဲ။

ဒါကို ရှင်သိရဲ့နဲ့များ ခေြဲရယ်။

ရှက်ရွံ့တဲ့ကြားက မချင့်မရဲလေးလည်း ဖြစ်မိပြန်သည်၊

ခေြဲ ရည်ရွယ်ချက်က ကျောင်းသားဘဝနှင့် သူမရဲ့ အချစ်ကို မတောင်းခံချင်တာပါပဲ။ အတော်အတန် ပြည့်စုံတော့ တင်းမှပဲ သူများသားသမီးကို တင့်တောင်တင့်တယ် ထားနိုင်မှာ မဟုတ်လား။





ပြည့်စုံတဲ့ အခြေအနေရှိမှ သူမရဲ့ချစ်ခွင့်ကို တောင်းခံချင်ခဲ့တာ သူ့ရဲ့စေတနာတွေပါပဲ။

အခုတော့ အဲဒီအချိန်ကို ရောက်လာခဲ့ပြီ။

သူမျှော်လင့်ထားတဲ့ အချိန်တစ်ခု။ တကယ်ပဲ ကျရောက်လာခဲ့ပြီ။

ယိမ်း မျက်လုံးလေးတွေထဲက အရိပ်အခြေ နွေးနွေးလေးတာ မပြောင်းလဲသေးပါ။ သူတို့နှစ်ဦးကြားမှာ ဖွင့်မပြောဖြစ်သေးတဲ့ နားလည်မှုတွေ အခိုင်အမာရှိသည်။ မပြောဘဲနှင့် သိနေကြသည်။ တစ်ယောက်ကိုတစ်ယောက်လည်း ယုံကြည်ထားသည်။

ယိမ်းက သူတစ်နေ့ ယိမ်းအနား ပြန်ရောက်လာမှာပဲလို့ မျှော်လင့်ထားသလို ခေြဲကလည်း ယိမ်း သူ့ကိုသစ္စာထားပြီး စောင့်နေမှာပဲလို့ ယုံကြည်ထားသည်။

အခုတော့ သူတို့နှစ်ဦး ဆုံစည်းကြဖို့ အချိန်တန်ခဲ့ပါပြီ။

"ကဲ ကိုခေြဲရေ အထဲမှာ မင်္ဂလာပွဲလည်း စနေလောက်ပြီ၊ တော်ကြာ ရှင်နေရာမရဘဲနေမယ်၊ ဝင်သွားတော့လေ"

ယိမ်းက ခပ်ကြိတ်ကြိတ်လေး တိုက်တွန်းရပါသည်။

တော်ကြာနေ ဒီကိုယ်တော်ချောလေးက ပြောရင်းဆိုရင်း စိတ်ပါလာပြီး တစ်စထက်တစ်စ ရည်းစားစကားပင် ပြောချလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ တာဆူလာပြီ။ သူ့အကြည့်နက်နက်တွေက ယိမ်းရဲ့ရင်ထဲအထိ ထိုးဖောက်ဝင်ရောက်လာတော့မလိုပဲ နူးညံ့ပျော့ပျောင်း ရွှန်းရီနေတ... လေ။

လက်ဖွဲ့စားပွဲမှာရှိနေတဲ့ မိန်းကလေးတွေက သူ့ကို ပြုံးစိ... ကြည့်နေကြတာလည်း သူအရေးမလုပ်နိုင်။

အရင်က ဟန်ဆောင်ကောင်းနိုင်သမျှ ဒီတစ်ကြိမ် ရောက... တာ ကျိုးသလို အထိန်းအချုပ်မရှိ ရင်ဖွင့်လိုက်တော့မလား စိုးရိ... စရာ။

ယိမ်းက မိန်းကလေးပီပီ ရှက်နေသေးသည်။

ဒီ့ထက်တော့ ကဗျာဆန်ဆန်လေး အချိန်နေရာတွေ... ရွေးချယ်လို့ ချစ်ခွင့်ပန်စေချင်ပါသည်။

ချစ်မှန်းသိတာကလည်း သိတာပေါ့နော်။

သွယ်ကာဝိုက်ကာလေးနှင့် ပြီးစလွယ်စကား မစစေချင်...

တလေးတနက် ချစ်ခွင့်ပန်တဲ့ အရသာကို ယိမ်းလည်း... ခံစားချင်ပါသေး၏။

"ယိမ်းနဲ့မှ အတူတူဝင်မယ်"

"ဟင်…မမယိမ်းကလည်း ငါးမိနစ်ဆယ်မိနစ်တော့ နေပါဦး"





သူ့ဇာရဲ့ ငါးမိနစ်ဆယ်မိနစ်ဟာ သူတို့နှစ်ဦးကို မင်္ဂလာ အတူယှဉ်တွဲပြီး ဝင်ခွင့်မရဖို့ ဟန့်တားစေပါသည်။

အလိုက်မသိတဲ့ မိသူ။

မမယိမ်းလည်း ဝင်တော့မယ်လို့ ဘယ်လိုအတင်းအကျပ် ...အကတက်မလဲ။

ယိမ်းလက်များကိုလည်း ဆွဲညှစ်ဆုပ်ကိုင်ထားသေးတော့ ...လေးသာ ကြုံ့မီသည်။

"ဓေသြပဲ အရင်ဝင်နှင့်နော်"

"မြန်မြန်လာခဲ့နော်၊ ကျွန်တော်စောင့်နေမယ်"

သူက လှည့်ကြည့်လှည့်ကြည့်နှင့် နှစ်ကြိမ်လောက် ပြုံးပြ ...တ်ဆက်ပြီးမှ ခန်းမထဲ မဝင်ချင့်ဝင်ချင် ဝင်သွားသည်။

ဓေသြဇာ အထဲရောက်တော့ စားပွဲဝိုင်းတော်တော်များများ ...ာ လူပြည့်နေပါပြီ။ ကြားထဲမှာ လပ်နေတဲ့ ဝိုင်းတွေတော့ ရှိသေး ...သည်။

သူက ယောကျ်ားလေးမို့ ရှေ့ဖက်အထိ လျှောက်မသွား ...ဲ အလယ်နားမကျတကျမှာပဲ နေရာရသည်။

သူ့ကိုလိုက်ပို့တဲ့ ဧည့်ကြိုအမျိုးသားတစ်ဦးက ထိုင်ပါ ...င်ဗျာဆိုပြီး ပြန်လှည့်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူက နေရာရွေးလို့မရသေး။

ယိမ်းဝင်လာရင် လှမ်းမြင်ရမှဖြစ်မှာ။ လှမ်းခေါ်လို့လည်း လွယ်ကူရဦးမည်။

သူ့စိတ်တွေက လှုပ်ရှားမပြယ်သေးတာမို့ နှုတ်ခမ်းတွေ အလိုလိုနေရင်း ပြုံးတုံ့တုံ့နှင့် ရှိနေသည်။

ဒါကို ဧဒြေက မသိ။

သူ့ကိုမော့ကြည့်မိတဲ့ မိန်းကလေးတစ်ဦးမှာတော့ အသည်း ခိုက်မတတ် ကြည်နူးဝမ်းသာအံ့ဩသွားလေသည်။

ဘုရားရေ အမည်မသိ ပုဂ္ဂိုလ်လေးပဲ။

အမည်သာမသိသော်လည်း သူမနှလုံးအိမ်ထဲမှာ မိန့်မိန့်မှူး မှတ်မိနေပါသည်။

မထိတထိနဲ့ ပြုံးတော့မယောင်ယောင် နှုတ်ခမ်းထူထူလေးဟာ နှလုံးသားကို ဘယ်လောက်ထိ လှုပ်ရှားယိမ်းယိုင်စေသလဲ သူက သိမှာမဟုတ်ချေ။

သူ့ကိုမြင်လိုက်သည်နှင့် သူမနှလုံးသားမှာ ပြောမပြတတ် အောင် နွေးမြမြလေး လှိုက်ဖိုလာရသည်။

ကြည့်ပါဦး မျက်စိမလွှဲနိုင်အောင် ခန့်ညားချောမောနေ လိုက်တာနော်။





ကော်ဖီရောင် အနောက်တိုင်းဝတ်စုံ သပ်သပ်ရပ်ရပ်နှင့် ခန်းမထဲက မီးရောင်ထင်းထင်းလင်းလင်းမှာ သူ့သဏ္ဍာန်ဟာ အသက်ရှူမှားလောက်ဖွယ်ပဲ။

ဆွဲဆောင်မှု ခပ်ပြင်းပြင်းနှင့် သူမကို ရင်သပ်ရှုမောငြိမ် သက်သွားစေသည်။

အို…ရှင့်ကိုပြန်တွေ့ရပြီ။

ဘယ်သူမှမဖန်တီးပါဘဲ တိုက်တိုက်ဆိုင်ဆိုင် လာဆုံကြ တာနော်။

တငေးတမော ထိုင်ကြည့်နေချင်မိတဲ့ ရုပ်ဆင်းသဏ္ဍာန်ကို သူပိုင်ဆိုင်တာ ဘာကြောင့်လဲ။

စမြင်ကတည်းက သူမ ကျရှုံးအငိုက်မိခဲ့ရတာပါ။

လွန်ခဲ့တဲ့သုံးရက်က ဗိုလ်အောင်ကျော်လမ်းမှာ သူမကား ရပ်ထားပြီး ကားပေါ်ကမဆင်းခင် ရှေ့ကားနှင့် သူမရဲ့ကားကြား လုစ်ခနဲဖြတ်ကူးရင်း သူမကားဘောနက်ကို လက်ဖဝါးနှင့် တစ်ချက် ပုတ်သွားတဲ့ သူ့အမူအရာ သူ့သဏ္ဍာန်ကို ကားထဲက ငေးသွားမိ ရာက စခဲ့တာပါ။

အဲဒီနေ့က သူက အင်္ကျီအဖြူရောင်လက်ရှည် အသားပျော့ ပျော့နှင့် ကာကီရောင်စတိုင်လ်ပင်န်ကို ခါးပတ်အနက်လေးပတ်၍



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားခဲ့တာ ခုထက်ထိ မျက်လုံးထဲကမထွက်သေးပါ။

ရှင်းသန့်အေးချမ်းတဲ့ သူ့စတိုင်လ်လေးဟာ သူမနှလုံးသားကို ရုတ်တရက်မှာပင် သိမ်းကျုံးဆွဲငင် ယူဆောင်သွားနိုင်ခဲ့သည်။ ဘာမှမစဉ်းစားဘဲ ကားတံခါးတောင် လော့ခ်မချဘဲ သူ့နောက်ပါးက ဖျတ်ခနဲ ထလိုက်သွားခဲ့မိတာက ကျရှုံးခြင်းရဲ့ အစပဲဖြစ်လိမ့်မည်။

သူဘယ်သူလဲ။ သူဘယ်သွားတာလဲ။

သိချင်လွန်းလို့ စပ်စုခဲ့မိသည်။

သူကတော့ သူမ အဲလို နောက်ယောင်ခံလိုက်ကြည့်တာကို လုံးလုံးသတိမပြုမိခဲ့ပါ။

တရုတ်ကားတွေထဲကလို မလှမ်းမကမ်းက ကပ်လိုက်သွားပေမဲ့ သူဟာ နောက်မှာပါလာတဲ့ မိန်းကလေးကို တစ်ချက်မျှပင် နောက်ပြန်လှည့်မကြည့်ခဲ့။

သူမသည်လည်း သူမကိုယ်သူမ အတော်အံ့သြထူးဆန်းနေမိသည်။

ယောက်ျားလေးတစ်ယောက် အနောက်ကနေ သူဘယ်သွားပါလိမ့်ဟု လိုက်ကြည့်မိတာ ဒါ ပထမဦးဆုံးပါ။

ဘယ်အထိ လျှောက်နေမှာလဲဟု တစ်ချက် စိတ်ပူမိပေမဲ့





ဆိပ်ကြောခင် သူသွားတဲ့ခရီးက ရပ်တန့်သွားပါသည်။

တစ်နေရာအရောက်မှာ မှန်တံခါးတစ်ချပ်ကို တွန်းဖွင့်၍ သူလှမ်းဝင်သွားသည်မှာ ကံကောင်းထောက်မစွာ ဆိုက်ဘာကဖေးတစ်ခု ဖြစ်နေခဲ့သည်။

ဒီတော့ သူမလည်း အလွယ်တကူ လိုက်လံဝင်သွားနိုင်ခဲ့တာပေါ့။

သူနေရာဝင်ယူလိုက်တဲ့ စက်တစ်လုံးရဲ့ ဘေးချင်းကပ်ခုံမှာ ပဲ သူမလည်း ထိုင်လိုက်သည်။ လက်ဖျားတွေ အေးစက်ပြီး ရင်ကခုန်နေသည်။

မော့စ်ကိုသာ ကစားနေမိပြီး သူမ ဘာမှဆက်မလုပ်နိုင်ဘဲ ဘေးတိုက်မြင်နေရတဲ့ သူ့မျက်နှာကိုသာ အငမ်းမရ ငေးမောကြည့်နေခဲ့မိသည်။

ဆံပင်စလေးတွေ ဖွာနေတာ နားသယ်စပ်ကလေး နီရောင်ပြေးနေတာ။ ပါးမြိုင်းမွေးသဲ့သဲ့လေး ရိပ်ရိပ်ထင်နေတာ၊ နှုတ်ခမ်းပေါ် ဆေါလေးနှင့် မျက်ခုံးက တစ်ခဏရှုံ့ထားတာ အားလုံးဟာ သူမအတွက် ဘာမှမဆန်းဘဲ မျက်စိမလွှဲနိုင်အောင် ကြည့်ကောင်းနေခဲ့သည်။

နားရွက်အပြားကြီးကြီး ကားကားလေးကအစ မျက်စိထဲ



www.burmeseclassic.com

www.burmeseclassic.com



ချစ်စဖွယ်ဖြစ်နေတာ ထူးဆန်းလှသည်။

တစ်နှစ် နှစ်နှစ်သားအရွယ် ကလေးငယ်လေးတစ်ယောက်ကို ဖြူဖြူစင်စင် ချစ်စနိုးဖြစ်မိသလိုမျိုး သူ့အပေါ် ခံစားနစ်ဝင်ချစ်စနိုးဖြစ်ရတာဟာ ဘာကြောင့်များလဲ သူမကိုယ်တိုင် နားမလည်။

ကိုယ့်စက်မှာ ကိုယ်မကစားဘဲ သူဂိမ်းဖွင့်ဆော့နေတာကိုသာ ဘေးကထိုင်ကြည့်နေမိ၏။

သူက (Lap Top) ကွန်ပျူတာစခရင်ကိုသာ စူးစိုက်ကြည့်နေသဖြင့် သူ့နံဘေးထိုင်ခုံက မိန်းကလေးကို လှည့်ကြည့်ဖို့ သတိမရချေ။

အတော်အသည်းယားစရာ ကောင်းလောက်အောင်ပင် တည်ငြိမ်အေးဆေးသူလေး ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပခုံးကို ဆုပ်ကိုင်၍ ဆွဲလှုပ်ပစ်ချင်စိတ်ပေါက်အောင် သွေးအေးငြိမ်သက်လွန်းနေသည်။

သူမဟာ သူဖွင့်ထားတဲ့ ဂိမ်းတစ်ခုလောက်ပင် စိတ်ဝင်စားစရာမကောင်းဘူးလား။

တအောင့်လောက်အကြာမှာတော့ သူမရဲ့ထူးခြားမှုကို သတိပြုမိသလိုလို သူတစ်ချက် လှည့်ကြည့်လာခဲ့သည်။





သူ့မျက်ဝန်းရဲ့ သာမန်အကြည့်တစ်ချက်ကပင် သူမအသည်းနှလုံးတွေ ပွမ်းထိုးမှောက်ခုံဖြစ်သွားစေပါသည်။ ညို့ရီရီနှင့် ဘယ်လိုမျက်လုံးကလေးပါလိမ့်။

အသည်းထဲထိ စိမ့်ခနဲ ထိုးဖောက်ဝင်ရောက်သွားနိုင်သည်။

သူ့မျက်ဝန်းတစ်စုံရဲ့ တစ်ချက် ဖျတ်ခနဲအကြည့်ဟာ သူမရင်ကို ကျည်ဆံနှစ်တောင့် တစ်ပြိုင်တည်း အပစ်ခံရသလို ဖောက်ခနဲနစ်ဝင်သွားခဲ့လေသည်။

သူမ မိတ်ဖွဲ့ပြုံးပြဖို့တောင် မေ့လျော့နေခဲ့သည်။ ပြုံးမည်ပြင်တော့ သူက ရှေ့ဖက်ပြန်လှည့်သွားခဲ့ပြီ။

သူမဆက်ကြည့်နေပေမဲ့ သူထပ်မကြည့်။

ဟန်မပျက်ပင် သူငယ်ချင်းတစ်ယောက်ယောက်နှင့် G-talk ပြောဖို့ ဝင်လိုက်သည်။

ဒါပေမဲ့ စိတ်ထဲ ဘာမှစိတ်မပါ။ ဘာကိုမှလည်း ဒီအချိန်မှာ စိတ်မဝင်စားနိုင်ပါ။

သူ့မျက်နှာဟာ သူမဖတ်ရှုချင်စရာ အကောင်းဆုံး ကဗျာတစ်ပုဒ် ဖြစ်နေခဲ့သည်။

ဘယ်တော့မှ ရိုးမသွားနိုင်မယ့် နှလုံးသည်းပွတ်ထဲက အနူးညံ့ဆုံးကဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလေးတစ်ယောက်ကို ပထမဆုံးအကြိမ် သူမဖက်က စတင်စိတ်လှုပ်ရှားလာခဲ့တာမို့ ကိုယ်တိုင်အံ့အားသင့်နေပြီး ဒီထက်လည်း ဘာမှမလှုပ်ရှားတတ်။

နာရီဝက်ခန့်ကြာအောင် ဂိမ်းဆော့ပြီးလျှင် သူက အသောင်းတစ်ချက်ဆန့်ကာ ကွန်ပျူတာပိတ်ပြီး ထထွက်သွားပါသည်။

သူမမှာ စက်ဖွင့်ထားရင်းတန်းလန်း ဆက်ပြီးပဲ ထိုင်နေရမလို ထပဲလိုက်သွားရမလို ယောက်ယက်ခတ် စိတ်လှုပ်ရှားသွားခဲ့ရသည်။

သူမလည်း G-talk ထဲက အမြန်ပြန်ထွက်လိုက်ကာ ထရပ်မိသည်။

တော်ကြာ သူ့ကို မျက်ခြေပြတ်သွားဦးမည်။

စိုးရိမ်စိတ်နှင့် ကောင်တာဖက် ထလျှောက်လာခဲ့စဉ် သူ့ကိုကြည့်မိတော့ ကောင်တာစားပွဲနောက်က ဆိုဖာမှာ တခြားတစ်ယောက်နှင့် ထိုင်လိုက်တာ တွေ့ရသည်။

''ဘယ်လောက်ကျသလဲမသိဘူး''

သူမက ပိုက်ဆံအိတ်လေးဖွင့်ကာ ကျသင့်ငွေ ရှင်းပေးလိုက်ရုံပဲရှိတာပေါ့။ ပိုက်ဆံပေးပြီးရင် လှည့်ထွက်ခဲ့ရုံ။ ဒါပေမဲ့ သူမ မသွားနိုင်ခဲ့။ သူမခြေလှမ်းတွေကို သူက တွဲဆွဲထားခဲ့သည်။





သူမပြန်သေးဘူးဆိုတာသိရင် သူမလည်း ပြန်ဖို့ထွက်မလာပါဘူး။ အခုမှ စက်ခုံတစ်ခုမှာ သွားပြန်ထိုင်ဖို့လည်း မဝံ့ရဲတော့။

ကြည့်ရတာ သူက ဒီဆိုက်ဘာကဖေးကို ဝင်ထွက်သွားလာနေကျ ရှိရုံမက ကောင်တာမှာထိုင်တဲ့သူနှင့်ပင် သော်ဒါဖြစ်ပုံရသည်။

သူမအတွက် လမ်းစတစ်ခုတော့ ရလိုက်တဲ့သဘောပင်။

အဲဒီနေ့က ပြန်သာထွက်ခွာလာရပေမဲ့ သူမရဲ့စိတ်တွေဟာ အကျီဖြူပါးပါးလွင့်လွင့်လေး ဝတ်ထားတဲ့ သူ့ဆီမှာသာ ကပ်ငြိကျန်နေခဲ့သည်။

သူမရဲ့ နက်ရှိုင်းနစ်မျောလွန်းတဲ့ အကြည့်ငေးကို သူသတိပြုမိသလား။

မရှက်နိုင်စွာ တစ်ဦးတည်းပြုံးလျက် ခေါင်းရမ်းမိသည်။

ကြိုက်မရှက်ပေါ့ ရှင်ရယ်။

အထင်သေးလည်း ဘယ်တတ်နိုင်မလဲနော်။

နောက်နေ့တွေမှာ ထိုအချိန်ပဲ အဲဒီအင်တာနက်ကဖေးဆိုင်လေးထဲ သူ့ကို မသိမသာသွားရှာမိသေးသည်။

သူ့ကိုထပ်မတွေ့ရတော့ ရင်ထဲမှာ ဟာတာတာနှင့်။



www.burmeseclassic.com

www.burmeseclassic.com



သူထိုင်ခဲ့တဲ့ အစွန်ကနေ လေးလုံးမြောက်တဲ့ ထိုင်ခုံလေးမှာ သူမအလွမ်းပြေထိုင်ရင်း အဝင်တံခါးမကြီးဖက် ခဏခဏရှာဖွေကြည့်မိတာ သူ့ကို တိတ်တဆိတ် စောင့်စားနေခဲ့မိသည်။

သို့သော် မနေ့ကထိ သူကရောက်မလာ။

ဒါပေမဲ့လည်း သူမလက်မလျှော့နိုင်ပါ။

ကောင်တာမှာထိုင်တဲ့ အစ်ကိုကြီးကတော့ သူ့ကိုသိပါလိမ့်မည်။ သူငယ်ချင်းတောင် ဖြစ်နိုင်သည်။

သူ့အကြောင်း မေးကြည့်ချင်လှသည်မှာ လျှာတွေယားနေပြီ။

ကဲ အခုတော့ မမျှော်လင့်ဘဲ သူ့ကိုတွေ့ရပြီ။

ကံအားလျော်စွာ တစ်စုံတစ်ဦးက ပို့လွှတ်လိုက်သလို သူတစ်ဦးတည်း သူမရှေ့မှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့ပြီ။

တမ်းတမှုက ပြင်းပြလွန်းတော့ ဆန္ဒပြည့်ရပြီ။

သူမရင်မှာ ပျော်ရွှင်စွာ ရင်တုန်ပန်းတုန်ဖြစ်လာရ၏။

သူ့မျက်နှာကို ပျောက်သွားတော့မလို မော့မော့ငေးငေး ကြည့်နေမိသည်။

မျက်တောင်ပင် တစ်ချက်မခတ်နိုင်။





ဧဩစာက လမ်းနှင့်နီးရာ စားပွဲတစ်လုံးမှာပဲ ထိုင်လိုက်ပါသည်။ ယိမ်းမို ခန်းမထဲဝင်လာလျှင် မြင်သာမည့်အခြမ်းဖက်က ထိုင်ခုံကို သူရွေးချယ်သည်။

ထိုဝိုင်းမှာ တခြားအမျိုးသားနှစ်ယောက်နှင့် လင်မယားဖြစ်ပုံရတဲ့ဖြစ်ဟန်တူသူနှစ်ဦး၊ ကလေးနှစ်ဦး စုစုပေါင်း ငါးဦးရှိပြီးသားမို့ သူဝင်လိုက်တော့ ခြောက်ဦး။ သူ့အနီးမှာ ကုလားထိုင်လေးလုံး လွှတ်နေပါသေးသည်။

ထိုအချိန်မှာ မထင်မှတ်ဘဲ နံဘေးစားပွဲဝိုင်းက မိန်းကလေးတစ်ဦးက ဖျတ်ခနဲထပြီး သူ့နံဘေးဖက် ကပ်ရက်ထိုင်ခုံအလွတ်မှာ ရွှန်းစားကြီး လာထိုင်လိုက်၏။

ဟောဗျာ ကပ်လျက်မှာ ယိမ်းထိုင်ဖို့ စိတ်ကူးနှင့် နေရာပြင်ဆင်ထားတာ သွားပါပြီ။

လူရှိတယ်ဟု ပြောဖို့ကလည်း အားနာစရာ။

ဒီအမျိုးသမီးနယ် ဟိုဘက်ခုံမှာ ထိုင်ရောပေါ့။

ဧဩစာက ထိုမိန်းမကို လှည့်ကြည့်၏။

ဟောဗျာ။

သူ မှတ်မိသွားပါသည်။

ရုတ်တရက်မှာ စိတ်အနှောင့်အယှက်လည်းဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အတိအကျ မစွပ်စွဲနိုင်ပေမယ့် ဒီအမျိုးသမီး သူ့အမှ

ကပ်လျက်မှာ တမင်လာထိုင်တာ ဒါပါနဲ့ဆို နှစ်ကြိမ်ရှိပြီ။

ဆိုက်ဘာကဖေးမှာတုန်းက ကွန်ပျူတာဖွင့်ပြီး ဘာ

မယ်မယ်ရရမလုပ်ဘဲ သူ့ဘက်ကို ပေါ်တင်စိုက်ကြည့်နေခဲ့တာ

ယောက်ျားလေးဆိုပေမယ့် ဓေသြပင် အနေရခက် မျက်

ပူလာခဲ့ရသေးသည်။

အဲဒီဆိုင်ကလည်း သူငယ်ချင်းရဲ့ဆိုင်။

အနက်ရောင် တီရှပ် လက်ဖောင်းပုံစံ၊ စကတ်အနက်ရောင်

လေဒီရှူး နက်ပြောင်ပြောင်စီးထားတဲ့ ကိုယ်လုံးခပ်လှလှ အရပ်

မြင့်မြင့် ထိုအမျိုးသမီးရဲ့ ရုပ်သဏ္ဌာန်ဟာ အတော်ထင်ရှားလှ

ပေမယ့် ဓေသြက ထိုသို့အနောက်တိုင်းဆန်ဆန် ပုံစံမျိုးဆို တစ်စက်

မှ မနှစ်သက်ပေ။

ရဲတင်းလှတဲ့ ဟန်ပန်အမူအရာကိုလည်း မနှစ်မြို့နိုင်ပေ။

အဲဒီနေ့ကတည်းက သူ့မျက်ခုံးက ရှုံ့နေရသလို ဒီနေ့

လည်း အလိုလို မျက်မှောင်ကုပ်ကာ မျက်နှာထားက တင်းမာ

သလို ဖြစ်သွားရပါသည်။

ဘာသဘောလဲကွာ။

တစ်မျိုးကြီးပါလား။





ဒီနေ့လည်း သူမျှားမင်္ဂလာဆောင်လာတာ ဖြစ်ပေမယ့်

က်ရောင်ကို ရွေးချယ်ဝတ်ဆင်လာသည်။ ဂါဝန်က သူမရဲ့

ခုံးတစ်ခုလုံးကို မြင်သာစေသည်။

လှတာကတော့ အတော်လှပါသည်။

ဒါကိုတော့ ဓေသြ မငြင်းနိုင်။

ရေစိုကောက် ဆံပင်စိုပြောင်ပြောင်လေး အလယ်မှာ

က်နှာဖြူဖြူချောချောက ရှင်းလင်းဝင်းပနေပါသည်။

ပခုံးထိတော့မည့် နားဆွဲအရှည်ကြီးနှင့် တစ်မျိုးအမြင်

ဆန်းနေသည်။ လည်ပင်းအကပ်ဆွဲကြိုး၊ ဖန်စီလက်ကောက်

က်ကွင်းဆင့် အပြားခပ်ကြီးကြီးနှင့် စတိုင်လ်ကတော့ အဆင့်မြင့်

ပုံစံပါပဲ။

ဒါပေမဲ့လည်း မကြိုက်တာက မကြိုက်တာပဲ။

ရေမွှေးရနံ့ကအစ ပြင်းပြသော ဆွဲဆောင်မှုရှိနေသည်။

တော်ကောင်းမွန်သည့် ရနံ့လေးတစ်မျိုးဟာ ဓေသြထံ လာရောက်

လူကျီစယ်နေ၏။

ဓေသြ တစ်ချက်အကြည့်မှာ သူမက မိမိရရ ပြုံးပြသည်။

တောက်ပဆုံး ညှို့ပြုံးလေးနှင့်ဖြစ်သည်။

မကောင်းတတ်၍ မေးဆတ်ပြုံးလိုက်ရသော်လည်း ဓေသြ



www.burmeseclassic.com

www.burmeseclassic.com



အပြုံးမှာ အင်တင်တင်။

"ရှင် ကျွန်မကို မှတ်မိရဲ့လားဟင်"

"ဗျာ"

"ဆိုက်ဘာကဖေးမှာ တွေ့ဖူးတယ်လေ"

ဖေသြက ခေါင်းမညိတ် ခေါင်းမခါ။ သူ မှတ်မိ ကြောင်း ဝန်မခံချင်။ ထိုမိန်းမကိုကြည့်ရတာ သူ့စိတ်ထဲ တစ်ချ ကို စနိုးစနောင့်ဖြစ်စေသည်။

စိတ်ကို အလိုလိုတင်းကျပ်စေသည်။

ဘာရယ်ဟုတော့ သူ သေချာရှင်းမပြတတ်။

ဒါပေမဲ့ စိတ်အနှောင့်အယှက်ဖြစ်ရသည်။

"ကျွန်မက နှင်းဆီနက် ပါ"

နက်နက်က စတင်၍ သွက်သွက်လက်လက်ပင် အ လေးရခိုက် နှုတ်ဆက်သည်။

"ခင်တဲ့သူတွေကတော့ နက်နက် လို့ပဲခေါ်တယ်၊ နာမည်လည်း ပြောပြဦးလေ"

"ဖေသြဇာ"

ဖေသြ အဖြေက တုံးတိတိတစ်ခွန်းတည်းပင်။

"ဘယ်မှာနေတာလဲ"

"ဘာလုပ်မလို့လဲ၊ ခင်ဗျားက လူ့ဝင်မှုကြီးကြပ်ရေးက သား"

"အဟင်း ဟင်း သိချင်လို့ပါနော်၊ ဘာလဲ၊ အိမ်သိရင် ဘာလည်းမှာစိုးလို့လား၊ ရှင့်ပုံစံက မာနကြီးမယ့်ပုံပဲ"

ဖေသြဇာက မဖြေရှင်း။

မာနကြီးတယ်ထင်လည်း ခပ်ကောင်းကောင်းပဲလေ။

အမြင်ကတ်တာနှင့် သူမကိုမကြည့်ဘဲ အဝင်လမ်းလေး ကိုသာ မျှော်ကြည့်မိသည်။

ယိမ်းနှင့် အတူတူတွဲဝင်လာခဲ့မိရင် အကောင်းသား။

သူ့မှာ ယိမ်းရှိတာ ဒီမိန်းမကို သိစေချင်သည်။

သူ့နံဘေးကို ယိမ်း အခုချက်ချင်း ရောက်လာစမ်းပါ သော့။

တကယ်လို့ ယိမ်းဝင်လာရင် သူ နေရာပြောင်းသင့် ခြောင်းထိုင်ရမည်။

ဒီ နက်နက် ဆိုတာကို အားမနာနိုင်ပါ။

ခပ်ညို့ညို့အကြည့်တွေ အပြုံးတွေကို သူ လုံးဝမကြိုက်။ မိန်းကလေးထဲမှာ အခုလိုပုံစံကို သူ အထင်သေးဆုံး၊ သဘော မတွေ့ဆုံးပဲဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



ယန်းဆိုတာ သူ့ဟာသူ လှပတင့်တယ်ပြီး သူ့တန်ဖိုးနှ
သူ ရှိပြီးသား။

မြင်တဲ့သူက အလိုလို နှစ်သက်ပြီး ခူးချင်စိတ်ဖြစ်လာ
ပဲလေ။

ယန်းကိုယ်တိုင်က ခူးပါခူးပါ၊ ခြွေပါတော့ဟု အောက်ကျ
ပြီး တောင်းဆိုစရာမလို။

ဒါဟာ ကိုယ့်တန်ဖိုးလျှော့အောင် ကိုယ်လုပ်နေတာပဲ။

သိမ်မွေ့တဲ့ ဣန္ဒြေလေးသာရှိမယ်ဆိုရင်တော့ ထိုအမျိုး
သမီးဟာ အခုထက်ပိုစိတ်ဝင်စားစရာ ကောင်းနိုင်ပါသည်။

အခုတော့ ဓေသြ စိတ်တွေ အလိုလို မွန်းကြပ်ရှုပ်ထွေး
နေသည်။ မင်္ဂလာတေးဂီတသံကိုပင် ကောင်းကောင်းမခံစားနိုင်

ဟော

သူတမ်းတနေတုန်းမှာပင် ယိမ်းမို လှမ်းဝင်လာပြီ။

ယန်းနုရောင်ဝတ်စုံလှလှလေးနဲ့ ဘယ်လောက် ရင်အေ
စရာကောင်းထားသလဲ။ တရှိုက်မက်မက် သူ လှမ်းကြည့်နေမိ
သည်။

ယိမ်းရယ်

ချစ်စရာကောင်းလိုက်တာ။





သူ့မျက်ဝန်းတွေမှာ အချစ်စွမ်းအားနှင့် ပျော့ပျောင်းနူးညံ့
နေရီလာခဲ့သည်။

ယိမ်းက ဖွံ့ဖွံ့လေး ခပ်ဖြည်းဖြည်း လှမ်းဝင်လာသည်။

မင်္ဂလာလျှောက်လမ်းလေးဆီကနေ စားပွဲတွေဆီ လှမ်း
လာသည်။ သူ ယိမ်းကို လက်တစ်ဖက်မြှောက်ပြဖို့ ရွယ်သည်။

ထိုအချိန်မှာ နှင်းဆီနက်က အမှတ်မထင်

"ဟိတ် ယိမ်း..ဒီမှာ" ဟု အားတက်သရော လှမ်းခေါ်
လိုက်၏။

ဓေသြ မယုံနိုင်အောင် အံ့သြသွားမိသည်။

နှင်းဆီနက်က ယိမ်းလက်ကလေးကို လှမ်းဆွဲကာ
သူ့နံဘေးက ကုလားထိုင်မှာ ထိုင်စေသည်။

သူမရဲ့လက်ကိုင်အိတ်ကို ဘယ်အချိန်ကချပြီး နေရာဦး
ထားသလဲမသိ။

ဓေသြစာရဲ့ ဘယ်ဘက်မှာ အစကတည်းက နေရာမရှိ။
ညာဘက်မှာက နှင်းဆီနက်။ နှင်းဆီနက်ရဲ့ဘေးမှာ ယိမ်းက ဝင်
ထိုင်သည်။

ယိမ်းသည် နက် လှမ်းခေါ်လိုက်ကတည်းက နက်နံဘေး
မှာ ထိုင်နေတဲ့ ဓေသြကိုမြင်ပြီး ရင်ထဲမှာ တစ်စုံတစ်ရာက ခေါ့သော်



www.burmeseclassic.com

www.burmeseclassic.com

သတ်လေးလိုက်သလို လေးလံလံကြီးဖြစ်ကာ ဝမ်းနည်းနမြောသလို ဖြစ်သွားသဖြင့် နှုတ်ခမ်းလေးမှာ ပြုံးပင်မပြုံးနိုင်တော့ပါ။

သူတို့က ဘာလို့ အတူယှဉ်တွဲထိုင်နေရတာလဲ။

သူတို့ချင်း သိကျွမ်းပြီးသားလား။ ဘယ်တုန်းက သိနေ ကြတာလဲ။

ယိမ်းနွဲ့နွဲ့မို မျက်နှာလေးမှာ ခပ်ပျက်ပျက်လေးနှင့် ဟန် မဆောင်နိုင်အောင် သိသာလှသည်။

ခုလေးတင် ရည်းစားစကားပြောတော့မလိုလိုလူက နောက်ငါးမိနစ် ဆယ်မိနစ်မှာ တခြားမိန်းကလေးတစ်ယောက်နှင့် တူယှဉ်တွဲရှိနေနိုင်သည်ဆိုတာ ယိမ်း မတွေးမိသည့်ဟာကွက်ပဲ ဖြစ်သည်။

ထို့ကြောင့် အတော်ကြီး အငိုက်မိသွားသည်။

ပြီးတော့ နက်မျက်နှာ အမူအရာဟာ မှုံရသလို ပျော်ရွှင် ကြည်နူးနေတဲ့မျက်နှာ။

အဲဒီမျက်နှာကြောင့်ပဲ နှလုံးသားမှာ လှစ်ခနဲ မြန်မြန် စိုးရိမ်လိုက်မိတာပါ။

ဓေဒြလည်း ကြောင်အမ်းနေမိသည်။

ကိုယ်ခေါ်မည့်ယိမ်းကို သူက အရင်ဦးအောင်ခေါ်လိုက် တော့ ဘာပြောရမည်မသိ ဖြစ်သွားရတာအမှန်ပါ။

အခုန ယိမ်းပြောလိုက်တဲ့ သူငယ်ချင်းက ဝင်သွားပြီဆို တာ နှင်းဆီနက်ကို ပြောတာပေါ့။

နှင်းဆီနက်ဆိုတဲ့ မိန်းမက ယိမ်းသူငယ်ချင်း ဖြစ်နေစရာ လားကွာ။

ဘာကိုမှန်းမသိ ဓေဒြ အတော်လေး မကျေမနပ်ဖြစ်သွား မိသည်။

သူနှင့်ယိမ်း ကြားမှာ နေရာယူထိုင်လျှက်ရှိတဲ့ နှင်းဆီနက် ကို အလိုလိုနေရင်းက မုန်းတီးခါးသီးသလို ဖြစ်သွားမိသည်။

နှင်းဆီနက်က ယိမ်းဘက် ပြုံးမော့မော့လေးကြည့်ကာ

"ဟဲ့ နက်ပြောတဲ့တစ်ယောက်လေ၊ အခု ဒီမှာလာဆုံ တယ်၊ သူ့နာမည်က ကိုဓေဒြတဲ့"

နက် မျက်စပစ်ပြောကတည်းက ယိမ်း သိလိုက်ပါပြီ။

ဆိုက်ဘာကဖေးထဲထိ လိုက်ဝင်ထိုင်ပြီး ငေးမောနှစ်သက် ခဲ့ရတယ်ဆိုတာ ဓေဒြပဲ ဖြစ်တော့မှာ။

သူက ပေါ့ပေါ့လေး ပြောလိုက်ပေမယ့် ယိမ်း နှလုံးသား မှာတော့ ရုတ်တရက် ဖျစ်ညှစ်ခြေမွခံရသလိုပါပဲ။

ရင်မှာ နင့်ခနဲ ဆို့သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



စကားလေးတစ်ခွန်းရဲ့ ရိုက်ချက်က ပြင်းသည်။ နှလုံးသားရဲ့ ဗဟိုချက်ကို ထိမှန်သည်။

ပန်းရောင်သမ်းနေတဲ့ မျက်နှာလေးမှာ ဖွေးခနဲ ဖြူဆုတ်သွားရသည်။

"သူက နက်သူငယ်ချင်းပါ၊ ယိမ်းနဲ့နဲ့မို့ တဲ့"

ခေသြဇာက နှင်းဆီနက်ကို ဘုကြည့်ကြည့်ကာ

"ကျွတ် ခင်ဗျား မိတ်ဆက်ပေးစရာမလိုပါဘူး၊ ယိမ်းနဲ့ ကျွန်တော်က ခင်ပြီးသား၊ ကျောင်းမှာကတည်းက သံယောဇဉ်ရှိပြီးသား၊ ပြောလိုက်လေ ယိမ်း၊ ဟား ဟား အခုမှသိတဲ့ သူစိမ်းက ပြန်မိတ်ဆက်ပေးနေတယ်၊ ရယ်ရတယ်"

"သြော် အဲလိုလား"

ဒီတစ်ခါတော့ နှင်းဆီနက်က မျက်နှာပျက်သွားပါသည်။

ခေသြဇာပြောပုံက တစ်မျိုးလေ။

သူမကိုပဲ မျက်မုန်းကျိုးနေသလိုလို။

ကိုယ်က သူ့ကိုချစ်မိတဲ့အချိန်မှာ သူက ကိုယ့်ကိုမုန်းနိုင်သလား။

ဒါ မဖြစ်နိုင်ပါဘူး။

နှင်းဆီနက် လက်မခံနိုင်ပါ။ မေတ္တာဆိုတာ အသွားအပြန်





သဘောတော့ ရှိကိုရှိရပါမည်။

"ယိမ်းနဲ့ခင်ပြီးသားတဲ့၊ ပျော်လိုက်တာ၊ စောစောစီးစီးက ပြောပါလား ယိမ်းရယ်"

"ယိမ်းလည်း မသိဘူးလေ"

နှင်းဆီနက်ပုံစံက လမ်းကြောင်းတွေ့ပြီ၊ တံခါးပွင့်ပြီဆိုပြီး တကယ်ပဲ အားတက်ဝမ်းမြောက် ပျော်ရွှင်ဟန်ပေါက်သည်။

ယိမ်းနဲ့ခင်ပြီးသားတဲ့။ ဒီထက်ကောင်းတဲ့ အဆက် အသွယ်အဆက်အစပ် ဘာရှိဦးမလဲ။

နက်တော့ ဟန်ကျလေပြီ။

ယိမ်းဘက်သို့လည်း ကျေးဇူးတင်စွာ၊ အားကိုးစွာ ပြုံးလဲ့လဲ့နှင့် အဓိပ္ပါယ်ပါပါ ကြည့်မိသည်။

နက် ဆိုလိုတဲ့သဘောကို ယိမ်းတစ်ယောက် ရိပ်မိမှာပါ။

အဲဒီနေ့ကတည်းက ယိမ်းထံ ဖုန်းဆက်ပြီး

"ယိမ်း ဒီနေ့ ငါဘာလုပ်လဲ သိလား၊ ငါ လူတစ်ယောက်နောက်ကနေ တိတ်တိတ်လေး လိုက်ကြည့်မိတယ်၊ ရင်တွေခုန်လိုက်တာဟယ်၊ အခုတွေးရင် အခုပျော်တယ် သိလား" ဟု အဖြစ်အပျက်အားလုံး ရင်ဖွင့်ခဲ့သည်။

လူချင်းတွေ့တော့လည်း သူ ဘယ်လိုဆွဲဆောင်မှုရှိတာ၊



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးရီရီတွေက တစ်ချက်လေးကြည့်တာနဲ့ ရင်ထဲ လှပ်ခနဲ အေးအေးသွားရတာ၊ အင်္ကျီဖြူလက်ရှည် အသားပျော့ပျော့လေးက သူနဲ့ဘယ်လိုလိုက်ဖက်တာ၊ အင်္ကျီရင်ဘတ်အပေါ် ကြယ်သီးတစ်လုံးကိုဖြုတ်ထားတဲ့ဟန်က ပေါ့ပေါ့ပါးပါးနဲ့ ခပ်လွင့်လွင့်သဏ္ဌာန်လေးဖြစ်နေတာ၊ သူ့မျက်နှာပုံပန်းသဏ္ဌာန်က ဘယ်လိုဘယ်ပုံ စွဲမက်ဖို့ကောင်းတာ၊ စတိုင်လ်ပင်လေးနဲ့ လမ်းလျှောက်ဟန်က ဘယ်လောက်အထိ စမတ်ကျတာ။

သူ့လက်ချောင်း ဖြူဖြူသန့်သန့်လေးတွေ ကွန်ပျူတာကီးဘုတ်ပေါ် ပြေးလွှားနေတာ ဘယ်လိုကြည့်ကောင်းမှန်းမသိလို့ ထိုင်ငေးခဲ့ရတာ စသဖြင့် ဘာမဟုတ်တဲ့ အဖြစ်အပျက် အကြောင်းအရာလေးကိုပဲ တစ်နေ့လုံး နားညည်းအောင် ထပ်ခါတလဲလဲ ပြောနေမိတာတွေ ယိမ်း မေ့ဦးမှာမဟုတ်ပါ။

နေ့စဥ်ရက်ဆက် ကဖေးဆိုင်လေးထဲ တိတ်တဆိတ်သွားရှာခဲ့တာလည်း ယိမ်း သိပါသည်။

ရင်ထဲက ခံစားချက်ကို နက် ဘက်က မခြွင်းမချန် ပြောပြခဲ့တာပဲလေ။ ကိုယ်ချင်းစာ နားလည်ပေးတတ်မှာပါ။

ဖြစ်နိုင်ရင်တော့ ယိမ်းလက်ကို ဆွဲဆွဲပြီး ခုန်ပေါက်ကပစ်လိုက်ချင်တာ။ နက်ရဲ့အပျော်တွေ ယိမ်းကိုလည်း ခွဲဝေ





ခံစားစေချင်လွန်းလို့ပါ။

နှင်းဆီနက်မှာ နှုတ်ခမ်းလေးမစေ့နိုင်အောင် ပြုံးမြမြ ချိုကြည်နေပါသည်။

နံဘေးက ဓေသြဇာကိုလည်း ခိုးခိုးကြည့်ရတာ ခဏခဏ။

ယိမ်းက တေးသံကြားမှာ စကားပြောရမှာစိုး၍လားမသိ၊ ခေါင်းလေးငုံ့ကာ စားပွဲမျက်နှာပြင်ဖြူဖြူကို အကြောင်းမဲ့ငေးကြည့်နေသည်။

ဓေသြဇာကလည်း နှင်းဆီနက်ဘက် မျက်နှာမလှည့်ဘဲ တစ်ဖက်ကို လွှဲထားသည်။

အဲဒီ နှင်းဆီနက်ကို ကျော်ပြီးမှ ယိမ်းမျက်နှာလေးကိုမြင်ရဖို့ စောင်းငဲ့ကြည့်နေရတာကိုပင် သူ ဒေါသဖြစ်နေပြီ။

ပိုစိတ်တိုဖို့ကောင်းတာက ယိမ်း သူ့ကိုမော့မကြည့်တာ။ စကားမပြောသေးတာပဲ။

ငြိမ်သက်တိတ်ဆိတ်ခြင်းကို ဆောင်ယူလာတာ ဘယ်သူလဲ။

အခုန အပြင်ဘက်မှာတုန်းက ယိမ်း သူ့ကို မူနွဲ့နွဲ့လေး တုံ့ပြန်ခဲ့သေးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အခုမှ အေးစက်သွားတာကို လက်မခံချင်အောင်ဖြစ်မိသည်။

ယိမ်း

ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ဘယ်လိုအနှောင်အယှက်မှ အဝင်မခံနိုင်ဘူးနော်။

နှင်းဆီနက် မကလို့ နှင်းဆီဘီလူးမပဲဖြစ်ဖြစ် ဂရုမစိုက်ဘူး။

မှုယာမာယာတွေတော့ လာမလုပ်နဲ့။ လုံးဝလည်း စိတ်မဝင်စားဘူး။

ခဏာလောက်အကြာမှာပဲ တေးဂီတသံရပ်ကာ မင်္ဂလာသတို့သား သတို့သမီးတို့က နှစ်ဖက်မိဘ အခြံအရံတို့နှင့်တကွ လျှောက်လမ်းကတ္တီပါခင်းပေါ် စတင်ဝင်ရောက်လာသည်။

ထိုစဉ်မှာ အခါတော်ပေးသီချင်းကို ဟေမာနေဝင်းက ဆိုပါသည်။

ခန်းမထဲကလူတွေက မင်္ဂလာ သတို့သား သတို့သမီးတို့ဆီ လှမ်းမျှော်ကြည့်ကြပေမယ့် ဧသြဇာကတော့ အခွင့်သာတုန်း ယိမ်းမျက်နှာလေးမြင်ရဖို့ နှင်းဆီနက်ကိုကျော်၍ လှမ်းကြည့်သည်။

ယိမ်းကလည်း လှစ်ခနဲ ခိုးကြည့်တာမို့ အကြည့်နှစ်ခု





ဗျတ်ခနဲ ဆုံသွားသည်။

ယိမ်းက အသာအယာ မျက်လွှာလေးချသွားသည်။

ဧသြဇာက ဘာမှမပြောပေမယ့် သူမထံ စူးစူးငေးငေးကြီး ကြည့်နေမိသည်။

ကျွန်တော့်ကို ကြည့်စမ်းပါ ယိမ်းရယ်။

ရင်ထဲက အချစ်တွေကို ကွယ်ဝှက်သိမ်းဆည်းထားဖို့ ခကြိုးစားပါနဲ့။ ပွင့်ပွင့်လင်းလင်း ချစ်လိုက်ကြပါစို့လား။

သူမပုံစံ မတုန့်မလှုပ်လေးကြောင့် ဧသြ မချင့်မရဲဖြစ်နေမိသည်။

''ငဝါအစ်မက ချောသားပဲနော်၊ မိတ်ကပ်ပြင်ထားလိုက်တော့ မှတ်တောင်မမှတ်မိဘူး''

နှင်းဆီနက်က အလွှာပ သလွှာပ စကားဆိုရင်း ယိမ်းဘက်ကြည့်တော့ ယိမ်းအကြည့်က စားပွဲပေါ်ကနေ မရွေ့သေး။

ဧသြဇာကတော့ သူမ ဒီဘက်လှည့်တာနှင့် သူဟိုဘက် လှည့်သွားတာ တစ်ပြိုင်နက်ပင်။

နှင်းဆီနက်နှင့် တမင်အကြည့်ချင်းမဆုံအောင် ရှောင်လွှဲထားသလို ဖြစ်နေသည်။

ဘာတုန်းကွယ်။ တို့ကို ဂရုမစိုက်ချင်တာလား။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီနက်ဆိုတဲ့ မိန်းမက ပုရိသတွေအားလုံးကို ဆေးမော ကြွေကျစေနိုင်တဲ့ မိန်းမပါ။

နုယ်နုယ်ရရ ပါမွှားကောင်မလေး မဟုတ်ပါဘူး။

နက်ရဲ့ အလှကွန်ရက်မှာ အလူးအလဲ ကျရှုံးနေသူတွေ ပုံအောနေပါတယ်။

မခံချင်သော မာနလေးတစ်ခုက နက်ရင်ထဲမှာ ရှန်းကြွ လာ၏။

နက် တစ်ချိန်လုံး တမ်းတရှာဖွေနေတာဟာ နက် နှလုံး သားကို ဒီလိုမျိုး ခပ်ကြမ်းကြမ်း ကိုင်လှုပ်နိုင်သူတစ်ယောက်ကို ပဲလေ။

နက် ချစ်မြတ်နိုးတဲ့ ယောကျ်ား တွေ့ခဲ့ရင် ရအောင်ယူ နိုင်ဖို့က နက်ရဲ့တာဝန်ပဲ။

သူဟာ နက်အတွက် စိန်ခေါ်မှုတစ်ခုလည်းဖြစ်သွားပါပြီ။

သူက ဘာမို့ နက်ရဲ့အလှအပတွေကို ဥပေက္ခာပြုနိုင်ရ မှာလဲ။ ဘာလို့ သတိမထားရမှာလဲ။

သူလည်း ယောကျ်ားထဲက ယောကျ်ားတစ်ယောက်ပဲ လေ။ သူက ဘာသားနဲ့ ထုထားတာမို့လဲ။

နှင်းဆီနက် အနည်းငယ်လည်း မခံချင်ဖြစ်မိသည်။





နက်ကိုမကြည့်ဘဲ ခေါင်းကြီးကို တမင်သက်သက် ဟိုဘက်လှည့်ထားတာဟာ နက်အရှက်ကို ခွဲသလိုဖြစ်နေသည်။

ကိုယ်ကတော့ အလေးအနက် ထားလိုက်ရတာ။

အမြတ်တနိုး သဘောကျ နှစ်သက်လိုက်ရတာ။ ယိမ်း ကိုပင် တသသ ဖွင့်ဟဝန်ခံထားမိတဲ့အဖြစ်။

ယိမ်းရဲ့အရှေ့မှာ မျက်နှာမငယ်ချင်ပါ။ သူမဟာ အချစ် ရေးမှာ အောင်မြင်ပေါက်ရောက်သူတစ်ယောက် ဖြစ်ကိုဖြစ်ရမည်။

သူမ သဘောကျမိတဲ့ ယောကျ်ားတစ်ယောက်ရဲ့အချစ် ကို မကြာမီ အချိန်အတွင်း ပိုင်ဆိုင်နိုင်ရမည်။

ဒါဟာ နှင်းဆီနက်ရဲ့ ဆုံးဖြတ်ချက်ပဲဖြစ်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အပြန်လမ်းမှာ ယိမ်းနွဲ့နွဲ့မို ရင်ထဲ ခွန်အားတွေ စုပ်ယူခံရသလို လူက ပျော့ခွေခွေနှင့် ကူရှင်ကို အသာမှီထားမိသည်။

နက်ကတော့ ခါတိုင်းလိုပဲ ကြော့ကြော့ရှင်းရှင်းလေးနှင့် စတိုင်ကျကျ ကားမောင်းနေပါသည်။

ညနေစောင်းပြီမို့ လမ်းမှာလည်း ကားတွေများပြားနေသည်။

နက် မျက်လုံးကို မျက်မှန်နက်နှင့် အကာအကွယ် ယူမထားတော့ပါ။

ယိမ်းက ကားအပြင်လမ်းတစ်လျှောက်ကိုသာ ဘာရယ် မဟုတ် ငေးမောလိုက်ပါလာမိသည်။

ဓေသြသည် ယိမ်းကို စိတ်ခုသွားသလို စကားပင် ဟက်ဟက်ပက်ပက် မပြော။

သူ စိတ်ခုလည်း ယိမ်းမှ မတတ်နိုင်တော့ပဲနော်။





ဝမ်းနည်းကြေကွဲနည်းနှင့် ယိမ်းနှလုံးသားမှာ အားငယ်ဦး လူက စိတ်ဓာတ်ကျလျက် ငိုချင်နေသည်။

နက် စွဲလမ်းလာတဲ့ ပုဂ္ဂိုလ်လေးက ဓေသြပဲတဲ့။

ကံကိုပဲ အပြစ်ပုံရတော့မလား။

လောကကြီးထဲမှာ လူပျိုလူလွတ် ယောကျ်ားလေးတွေ လောက်အများကြီး ရှိနေတဲ့ဥစ္စာ။

နက်က နိုင်ငံခြားက ပြန်ရောက်တာ တစ်ပတ်မပြည့်သေးတဲ့ ဓေသြကို ဘာကြောင့် အရင်ကြိုတွေ့သွားရတာလဲ။

နက် သဘောကျတဲ့ အင်္ဂျီဖြူလေးနဲ့ ကိုလူချောဟာ ဘာကြောင့် ဓေသြမှ လာဖြစ်နေရတာလဲ။

ယိမ်းက ပင်ပန်းလှသော ပင့်သက်ငွေ့လေးကိုသာ ရှိုက်မိတော့သည်။

နက်က ချစ်မိပါတယ်ဆိုမှတော့ ယိမ်း ဘာများတတ်နိုင်ဦးမလဲ။

ရှိပါစေတော့။

ခွင့်လွှတ်တော့ ဓေသြရယ်။ ယိမ်းတောင်းပန်ပါရစေ။

မျက်ရည်တွေ ရစ်သိုင်းမလာအောင် ယိမ်းမိုက မျက်တောင်လေးပုတ်ခတ်၍ အမြန်သိမ်းဆည်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ မသိခင်မှာပဲ ယိမ်း အချစ်တွေအားလုံး တစ်စမကျ ရုပ်သိမ်းရပါတော့မည်။

နှင်းဆီနက်ဆိုတာ ယိမ်းအတွက် ရိုးရိုးသူငယ်ချင်း မဟုတ် ပါ။

မိသားစုအလိုက် ကျေးဇူးရှိတဲ့ ကျေးဇူးရှင်မိန်းကလေး

နက် ကျေးဇူးတွေဟာ ဆပ်လို့မကုန်နိုင်အောင် များပြ သည်။

သူ့စေတနာတွေကို ဘယ်လိုပြန်ဆပ်နိုင်မှာလဲ။

နက်ကို အရှက်ရ သိမ်ငယ်စေတဲ့ နည်းမျိုးနှင့်လား။ မဖြ နိုင်ပါ။

နက်ရယ်။

ယိမ်း ကျေကျေနပ်နပ်ပဲ နောက်ဆုတ်ပါတယ်။

ရင်ထဲက အချစ်တွေက မစရသေးခင် ပြီးဆုံးသွားခဲ့ ပြီ။

"ယိမ်း"

"ဟင်"

နက် ခေါ်သံကြောင့် လန့်ပင် လန့်ဖျပ်သွားမိ၏။

တစ်ခုခု စတင်ပြောတော့မည်ဆိုတာ ကြိုတင်ရိပ်မိပြ





ယိမ်းမိုရဲ့ ရင်ခုန်သံတို့ တဒုတ်ဒုတ်မြည်လာခဲ့သည်။

နက်သည် မီးပွိုင့်မှာ ကားကိုအရှိန်လျှော့ရင်း

"ဓေသြဇာအကြောင်း နည်းနည်းပြောပြစမ်းပါ"

"ဘာပြောရမှာလဲ"

"နှင် သိသလောက်ပေါ့"

"အတွေ့အထူးတော့ မသိပါဘူး၊ သူ ဂျပန်ထွက်သွား ကတည်းက အဆက်အသွယ်ပြတ်နေတာ"

ယိမ်းက အသံမှန်မှန်ဖြင့် အရေးမကြီးလှသလို ခပ်ပေါ့ ပေါ့လေး ဖြေလိုက်သည်။

"သူနဲ့ယိမ်းနဲ့ ကျောင်းမှာ အတန်းတူလား"

"အတန်းတော့ မတူဘူး၊ ကျောင်းပဲတူတာ၊ သူက ဒီကတည်းက တခြား Business သင်တန်းတွေ လိုက်တက် ထားတယ်"

"ဟုတ်လား ပညာတော်တာပေါ့"

နက်က သဘောတကျ ရေရွတ်သည်။ ဓေသြ အကြောင်း ရေးရတာ ကြားရတာလေးတွေကိုပင် ပီတိဖြစ်နေတဲ့ အမူအရာ မျိုးပါ။

ယိမ်းက ပင့်သက်လေး ခိုးရှိုက်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နက်ကိုယ်တိုင် နှစ်သက်နေတယ်ဆိုတော့လည်း ယိမ်း ဘာတတ်နိုင်မလဲ ဖေဒြရယ်။

ပြောမယ် ရည်ရွယ်ထားတဲ့ စကားတွေကို ရှင့်ရင်ထဲမှာ ပဲ သိမ်းထားလိုက်ပါနော်။

ယိမ်းတို့ ရှေ့တစ်ဆင့်တက်လို့ မဖြစ်နိုင်တော့ပါဘူး။

"သူမှာ ရည်းစားတွေဘာတွေ ရှိလား"

"ဟင့်အင်း၊ အဲဒါတော့ မသိဘူး"

"တွဲခဲ့တာရော"

ယိမ်း မဖြေတတ်တော့။

ကျောင်းသွားကျောင်းပြန် ယိမ်းကိုလာကြိုတတ်၊ ယိမ်း ကြိုက်တတ်တဲ့ မုန့်တစ်ခုခု ဝယ်လာတတ်တဲ့ သူ့ကို သူများတွေက ယိမ်းရဲ့အတွဲလို့သာ ထင်ကြတာပါ။

ကျောင်းဖယ်ရီပေါ်မှာ ယိမ်းအနားလာထိုင်တတ်တဲ့ သူ့ အပြုအမူလေးကို ခုထိ ရင်ခုန်ကြည်နူးနေမိဆဲ။ ချစ်တယ်လို့ ဖွင့် မပြောခဲ့တာတစ်ခုကလွဲရင် ယိမ်းတို့ ချစ်သူတွေလို တတွဲတွဲ ရှိခဲ့ ဖူးပါသည်။

အမေနဲ့ မောင်လေးဝဏ္ဏလည်း သူ့ကို သိကြခင်ကြတာ ပဲ။





ယိမ်းတို့ ကျောက်ကုန်းမှာနေတုန်းက ဖေဒြ ခဏခဏ ရောက်လာတတ်ခဲ့သည်။

"တွဲခဲ့တာ မရှိဘူးလား"

"ဟင့်အင်း၊ ယိမ်းတော့ မတွေ့ဘူး"

"ထင်သားပဲ၊ သူ့မျက်နှာလေးက အရမ်း အင်နိုးဆင့် ဖြစ်တယ်"

နက်က အမြွတ်တနိုးဆိုသည်။

"ယိမ်း နင်နဲ့ကတော့ တကယ်သူငယ်ချင်းပါနော်"

ထိုမေးခွန်းကြောင့် စိတ်လှုပ်ရှားသွားမိသည်။

ဘာမှလည်း ချက်ချင်းမဖြေမိ။

"ကြိုက်မနေတာ သေချာတယ်မို့လား"

"ဘာတွေမေးနေတာလဲ နက်နက်ရာ"

ယိမ်း တကယ် စိတ်ရှုပ်လာပါသည်။

"ယိမ်းဘက်က မကြိုက်ဘူးဆိုရင်ပြီးရော၊ သူ ကြိုက် ကြိုက်တော့ ငါ ဂရုမစိုက်ပါဘူး၊ ဒါပေမဲ့ နင့်ကို ပရိုပို့စ်လုပ် ဖူးလား၊ အဲဒါ ရှင်းရှင်းသိချင်တာ"

"မလုပ်ဖူးပါဘူး၊ ရိုးရိုးပဲ၊ နင်မြင်တဲ့အတိုင်းပဲ"

ယိမ်းက ညာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မရှိးဘဲ ဆန်းပြားစွာ တွယ်တာနှောင်ဖွဲ့နေတာ

ကို ဒီအချိန်မှာ ဝန်ခံလို့မှ မဖြစ်တော့တာ။

ရည်းစားဖြစ်ဖို့ ငါးမိနစ်အလိုလား၊ ဆယ်မိနစ်အလိုလား

ဆိုတာတော့ ယိမ်းကိုယ်တိုင်လည်း သေချာမသိပါ။

အခုတော့ သူမနှင့် ဓေဿတို့ အကြားကို နက်နက်

ဝင်ရောက်လာခဲ့ပြီဆိုတာက ပိုသေချာနေပါသည်။

နာကျင်လာသော နှလုံးသားကို မနာကျင်သလို

အားတင်းထားလိုက်သည်။

စောင့်နေခဲ့ရတာ အချိန်တွေအကြာကြီး။ ပြန်တွေ့ခွင့်

ပြီဆိုတော့လည်း ရှင်သန်နေတဲ့ မျှော်လင့်ချက်လည်း လမ်းဆုံ

သွားရပြန်ပြီ။

သူမကိုယ်တိုင်က အချစ်အတွက် ကံမကောင်းတဲ့သူ

ဖြစ်နေတာလား။

ယိမ်း မတွေးတတ်တော့ပါ။

နက်နက်ကိုမို့လို့ ယိမ်း ရှေ့မတိုးဘဲ စွန့်လွှတ်လိုက်မှာပါ

နက်နက်အတွက်မို့လို့။

ပွင့်အံဆဲဆဲ အချစ်တံခါးလေးတစ်ချပ် ပြန်ပိတ်ခဲ့ပြီ

ပိတ်ရုံမက သော့ခတ်လျှောင်ပိတ်ထားလိုက်ရတော့မှာ။





ဒါဟာ ယိမ်းရဲ့ကံတရားပဲပေါ့။

"ဒါဆိုရင် ငါနဲ့မြန်မြန်နီးစပ်ဖို့ နင် ဝိုင်းကူညီနော် ယိမ်း"

"အင်းပါ"

ခေါင်းညိတ်လိုက်သည်။ ဒီတစ်ခါ ခေါင်းညိတ်ရတာ

င်ထဲ လေးလံ အပင်ပန်းရဆုံးပါ။

နှင်းဆီနက်ကတော့ သိမှာမဟုတ်။

ဒါဟာ နက်အတွက် သူမဘက်က ကြည်ကြည်ဖြူဖြူ

ဆပ်ခြင်းတစ်ခုပါပဲ။

နက် စိတ်ချမ်းသာပါစေတော့၊

"အဟီး ငါတော့မရှက်ပါဘူး၊ သူ့ကို အရမ်းသဘောကျ

ဘယ်။ ငါရအောင် ယူချင်တယ်၊ ငါလိုချင်မက်မောတဲ့ ယောကျ်ား

မျိုးက ဓေဿဇာလို လူပဲ၊ သိလား"

နှင်းဆီနက်က ပွင့်ပွင့်လင်းလင်း ချပြောရ၏။ ပြီးလျှင်

ီးစိမ်းတော့ ကားကို အသာအယာ မောင်းထွက်လာသည်။

"သူကတော့ နက်ကို ဂရုမစိုက်ရတဲ့ မိန်းမလို့ ထင်မလား

သိဘူးနော်၊ ငါလည်း ဟန်မှမဆောင်နိုင်တာ"

ယိမ်း ရင်မှာ နင့်နင့်သည်းသည်း မွန်းကြပ်သွားရသည်။

နက်လို သတ္တိမျိုး သူမမှာမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ဧသြဇာဘက်က မပြောမချင်း သူမ တိတ်တဆိ
စောင့်နေခဲ့တာ။

ရေလာမြောင်းပေး စကားလေးတောင် တစ်ခွန်းမဟ
ယိမ်းရင်ထဲကို သူမြင်သွားမှာပင် စိုးရိမ်ရှက်ရွံ့နေခဲ့မိ
သည်။

နက်နှင့်တော့ ကွာခြားလွန်းသည်ဟု ဆိုရမည်။

နက်ကတော့ သူချစ်တဲ့ယောကျ်ားတစ်ယောက်ကို ချစ်
အကြောင်း သတ္တိရှိရှိ ဖွင့်ပြောနိုင်ခဲ့သည်။

"ငါ့ကို ဧသြဇာ နားလည်ပေးရင် ကောင်းမယ်နော်

"ဧသြက သဘောကောင်းပါတယ်"

"နင်က သူ့ကို ဧသြလို့ ခေါ်တာလား"

"အင်း"

"နင့်ခေါ်သံလေးက တစ်မျိုးပဲ၊ နားထောင်ကောင်းတယ
နက်ရော အဲဒီလို ခေါ်ရမလား"

"ဟြော် ဘယ်သိမလဲ၊ နက် ခေါ်ချင်သလို ခေါ်ပေ

"နက်က မောင်လို့ ခေါ်ချင်တာ၊ ဟား ဟား"

သူ့ဘာသာသူပြောပြီး သူ့ဘာသာသူ အော်ရယ်လိုက်
နက်နက်ကို ကြည့်ရတာ အလိုလို ပျော်နေပုံရပါသည်။





"သူက ဘယ်မှာနေတာလဲ ယိမ်း၊ သူ့အိမ်ကို ငါတို့
သွားလည်ရင် ရမလား"

"သူ အရင်ကတော့ ရန်ကင်းမှာနေတာ၊ အခုတော့
ဘယ်မှာနေသလဲ မသိဘူး၊ အိမ်အထိတော့ သွားလည်တာ
မကောင်းဘူးထင်တယ် နက်ရဲ့"

"အေးပါ သိတော့သိပါတယ်၊ စိတ်က မရှည်လို့၊ ဖုန်းပဲ
အရင်ပြောကြည့်ပါဦးမယ်နော်"

"အင်း"

"နက် ဘာလုပ်ရမလဲ၊ အကြံလည်းပေးဦးနော်"

ယိမ်းက ခေါင်းလေးသာ ညိတ်ရသည်။ နက်နက်ကို
ဘယ်လိုကူညီရမလဲ သူမလည်း မသိသေးပါ။

ဧသြရဲ့ ခပ်တင်းတင်းအကြည့်ကိုတော့ ယိမ်းလည်း
ခပ်လန့်လန့်ဖြစ်နေပါသည်။

"သူက အထာကိုင်မယ့်ရုပ်ကြီးနော်"

"အဲလိုလည်း မဟုတ်ပါဘူး နက်ရယ်"

"သူ ဒီမှာ ကြာကြာနေဦးမှာလား၊ ဂျပန်ကို ပြန်သွား
မှာလား"

"အဲဒါတော့ ယိမ်းလည်းမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင်က စကားမှမပြောတာ၊ တစ်ချိန်လုံး ပါးစပ်ကြီး ပိတ်ထားတာကိုး၊ တွေ့တုန်းဆုံခိုက် မေးပါလား"

နက်ဂျာ ယိမ်းကို စိတ်မရှည် လက်မရှည် အားမလို အားမရ ဖြစ်နေပုံရသည်။

တကယ်လည်း ယိမ်းတို့နှစ်ယောက်သား ငြိမ်သက်ဆိတ်ငြိမ်နေမိခဲ့ကြတာကိုး။

"သူက ဖုန်းဆက်မယ်ပြောတာကိုး"

"ဟုတ်လား၊ သူ ဖုန်းဆက်ရင် နက်အကြောင်းလည်း များများပြောပေးဦး"

အခုမှတော့ နက်အကြောင်းသာ ပြောရမှာပါ၊ ယိမ်းတို့အကြောင်း သိပ်မှပြောစရာမရှိတော့တာ။

"အင်းပါ နက်ရယ်"

"နင် ငါ့ကို ဓေဩနဲ့ သဘောတူရဲ့လား"

"တူပါတယ်"

"ငါတို့နှစ်ယောက် တွဲလျှောက်ရင် အရမ်းလိုက်မယ်နော်၊ နှစ်ယောက်လုံး အရပ်မြင့်မြင့်နဲ့ အချောချင်းလည်းညီတော့ ဟီးဟီး"

"လိုက်ပါတယ်"





"ယိမ်းပြောပုံက မတက်ကြွဘူး"

"တက်ကြွပါတယ်"

"သူ့ဖုန်းနံပါတ်လည်း ငါ့ကိုပေးထားဦး"

"အခုဖုန်းကို ငါ မသိဘူး၊ သူဆက်ရင် ပြောပြမယ်"

"ဓေဩလေးတော့ နှင်းဆီနက်ရဲ့လက်က ပြေးမလွတ်ပါဘူးနော်၊ ဟုတ်တယ်မို့လား"

နက်နက်က သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ဖြင့် အတိုင်ပြောနေသည်။

ယိမ်းမှာတော့ ရင်ထဲ ခပ်လေးလေးပါ။

ဓေဩရဲ့ မကြည်လင်သော အမူအရာကို ယိမ်း အကဲခတ်မိသည်။

သူ နက်နက်ကို သိပ်သဘောကျပုံမပေါ်ပါ။ ပထမတော့ ယိမ်းက သူ့အပေါ် အထင်လွဲချင်မိသေးသည်။ နောက်မှ သူ့ဆက်ဆံရေး သိပ်မပြေပြစ်တာကို သတိပြုမိခဲ့တာ။

နက်အပေါ် အမြင်မှစောင်းစေရန် ယိမ်း အတော်ကြိုးစားနေရချိမ်းမှာပါ။

ဒါကို နက်နက်ကတော့ သိမှာမဟုတ်ချေ။

အိမ်ရောက်တဲ့အထိ ဓေဩအကြောင်းလေးတွေသာ



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့မကုန် ဖြစ်နေရှာသည်။

သူ့ ခေါင်းကို အတော်ကြီး စွဲလမ်းနှစ်သက်နေတာကို ယိမ်း မယုံချင်ပဲ ယုံလိုက်ရပါသည်။

◆ ◆ ◆



နှင်းဆီနက် ကားလေး ထွက်ခွာသွားပြီးနောက် ယိမ်းမို ဘ သူမရဲ့ တိုက်လှေကားထစ်တွေကို အားမပါစွာ တက်လာခဲ့ မိသည်။

ဘဲလ်ကို မတီးရသေးခင် မေမေက တံခါးကို အသင့် ဖွင့်ပေးသည်။

"ပြန်လာပြီလား သမီး၊ မင်္ဂလာဆောင်က စည်ရဲ့လား"

"စည်ပါတယ်"

ယိမ်း မျက်နှာလေး ညှိုးနွမ်းနေတာကိုကြည့်ပြီး ယိမ်း မေမေ ဒေါ်ထားထားနွဲ့က

"သမီး အတော်ပင်ပန်းလာတယ်ထင်တယ်" ဟုဆို၏။

"ပင်ပန်းတာတော့ မဟုတ်ဘူး မေမေရဲ့၊ ယိမ်း နည်း နည်း ညောင်းလာလို့ နားလိုက်ဦးမယ်နော်"

"အေး အေး နားလိုက်ဦး၊ ရေချိုးချင်လည်း ချိုးပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာမှပဲ ညစာစားကြတာပေါ့"

"ယိမ်း မစားချင်တော့ဘူး မေမေ၊ မေမေပဲ စားနှင့်လိုက်နော်၊ မုန့်တွေစားတာ အီလာလို့"

အမှန်တော့ ဟိုမှာ မုန့်လည်း သေချာစားဖြစ်တာမဟုတ်ပါ။ ယိမ်းဘာသာ ရင်တွေပြည့်နေပြီး ဘာမှကို စားချင်စိတ်မရှိတာ။

မေမေက ဖွင့်ထားသော တီဗီကို ဆက်ကြည့်နေလျှင် သူမက အခန်းထဲသို့ ဝင်လာခဲ့သည်။

ဆံထုံးကိုဖြေ၊ အိမ်နေရင်း တီရှပ်နှင့် ဘောင်းဘီရှည်အပွကြီးကို လဲလှယ်ကာ မျက်နှာတွေသစ်ပစ်လိုက်သည်။

မိတ်ကပ်တွေ သန့်စင်သွားတော့ မျက်နှာလေး အေးမြလန်းဆန်းသွားရပါသည်။

ပြီးလျှင် ယိမ်း ဘာမှမလုပ်ချင်ဘဲ အဲယားကွန်းလေးဖွင့်ကာ ခုတင်ပေါ် လှဲချလိုက်ပါသည်။

ဧဩရယ် ယိမ်း ဘယ်လိုလုပ်ရမလဲ။

နောက်ဆုတ်လိုက်ရင် စိတ်ဆိုးမှာလား။

နက် အပေါ်ရော ဘယ်လိုသဘောထားမှာလဲ။

ရင်ဆိုင်ရမှာ ယိမ်းနွဲ့နွဲ့မို့ ကြောက်နေမိသည်။





ဘာပဲဖြစ်ဖြစ် သူ ဖုန်းဆက်ရင် ပုံမှန်ဆက်ဆံပြီး နက်နက်နှင့် အဆင်ပြေသွားဖို့ လမ်းခင်းပေးရမည်။

အချစ်ကို စွန့်လွှတ်နိုင်တဲ့ သူရဲကောင်းမကြီးတော့ ဘယ်ဘုတ်မလဲ ဧဩရယ်။

ဒါပေမဲ့ နက်နက် ကျေးဇူးတွေက အများကြီးရှိတယ်။

ပြီးတော့ ယိမ်းတို့နှစ်ယောက် ဘာမှပွင့်ပွင့်လင်းလင်း ပြောကြရသေးဘူး။ ဒါဟာ နက်နက်ဘက်ပြောင်းပြီး စိတ်ဝင်စားဖို့ အားသာတဲ့အချက်ပဲ။

ဧဩ ယိမ်းကို စိတ်ဝင်စားတာကိုတော့ ယိမ်းသိပါတယ်။

ဒါပေမဲ့ အဲဒီ ရင်ခုန်မှုလေးက ဆုံးရှုံးသွားခဲ့ပြီ။

ဒီတစ်သက်မှာ မျှော်လင့်ဖို့ မဖြစ်နိုင်တော့ဘူး။

ဧဩကို နှင်းဆီနက်နဲ့ လွယ်လင့်တကူ ကြည်ဖြူတာတော့ မဟုတ်ပါဘူး။

ဒီကိစ္စမှာ ယိမ်းနှလုံးသားကို ရင်းနှီးပေးဆပ်လိုက်ရတယ်ဆိုတာ ယိမ်းကိုယ်တိုင်ပဲ သိပါတယ်ကွယ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့ညဦးပိုင်းမှာပဲ ယိမ်းနဲ့နဲ့မို အိပ်ရာထဲခွေလှဲနေစဉ် အိမ်သို့ ဧည့်သည်တစ်ဦး ရောက်လာခဲ့ပါသည်။

မေမေနှင့် တစ်စုံတစ်ယောက် စကားပြောနေသံကို အခန်းထဲမှ ခပ်သဲ့သဲ့ကြားရလျှင် ယိမ်း ရုတ်တရက် တုန်လှုပ်သွားခဲ့သည်။

ဘုရားရေ

သူ အိမ်အထိ လိုက်လာခဲ့ပြီ။

ယိမ်းက အလွန်ဆုံး သူ ဖုန်းဆက်မယ်လို့ပဲ တွက်ထားတာ။

"သမီးရေ ဧည့်သည်ဟေ့၊ ဒီမှာ မောင်ဩဇာ ရောက်လာတယ်"

မေမေ သတင်းပေးလျှင် ယိမ်းက ဆံပင်လေးတွေ သပ်တင်ရင်း အိပ်ခန်းထဲက ကပိုကရိုလေး ထွက်လာသည်။







တီရှပ် မင်းဝွတ်ရောင်အရင့်လေးနှင့် စပန့် ဘောင်းဘီ ဆံပွပွအရှည်လေးကို ဝတ်ထားပုံက ကလေးဆန်ပြီး ချစ်စဖွယ် ဆောင်းနေတာမို့ ဧဩြ အားမနာနိုင်ဘဲ အကြည့်ငေးနှင့် ဆီးကြို သည်။

"ထိုင်ဦးလေ ဧဩြ၊ ရှင် ချက်ချင်းရောက်လာဦးမယ် ဆောင် မထင်ဘူး"

ယိမ်းက အလိုက်သင့်လေးသာ နှုတ်ဆက်ဧည့်ဝတ်စကား ဆိုရ၏။

"မောင်ဩဇာနဲ့ မင်္ဂလာဆောင်မှာ ပြန်တွေ့ကြတာ အန်တီ ဆောင် မသိဘူး၊ ယိမ်းက ပြန်လာတယ်ဆို ပင်ပန်းလို့တဲ့လေ၊ အခန်းထဲဝင်သွားတာပဲ"

"သူ့ စိတ်အနှောင့်အယှက်တစ်ခုခု ဖြစ်သွားလို့နေမှာ"

ဒေါ်ထားထားနွဲ့ တအံ့တဩ မျက်ခုံးပွင့်သွားရကာ

"ဟဲ့ ဟုတ်လား၊ ဘာအနှောင့်အယှက်လဲ သမီး"

"ဧဩြနော် ဘာတွေလျှောက်ပြောနေတာလဲ၊ အလကား မေမေ၊ ယိမ်းကို သူ စတာ၊ ဘာမှမဟုတ်ဘူး"

ဧဩြက မေမေ့ရှေ့မှာတင် ယိမ်းကို မကျေမနပ် နှုတ်ခမ်းလေးချွန်ပြီး စိုက်ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“မသိပါဘူးဟယ်၊ မေမေက လန့်သွားတာ... မောင်ဩဇာကတော့ အရင်အတိုင်းပဲနော်”

“ကျွန်တော့်ဘက်က အရင်အတိုင်းပဲ အန်တီ၊ ယိမ်း... သာ ကျွန်တော့်အပေါ် စိမ်းကားတာ၊ သူ အိမ်ပြောင်းသွား... တောင် အသိမပေး အကြောင်းမကြားဘူးဗျာ၊ ကျွန်တော့်... ကျောက်ကုန်းအိမ် သွားရှာနေတာ”

“ဟုတ်လား၊ အေးကွယ် အန်တီတို့လည်း အစီအစဉ်... မဟုတ်ပါဘူး၊ ဖြန့်းစားဒိုင်းစားကြီး ပြောင်းရွှေ့ကြတာမို့... သားလေးဝဏ္ဏလည်း နိုင်ငံခြားထွက်၊ အန်တီကလည်း မကျန်းမ... နဲ့ဆိုတော့ သမီးခမျာ တစ်ယောက်တည်း ဗျာများနေရှာတာ... ဒါတောင် သမီးသူငယ်ချင်း နက်နက်က တော်တော်လေး ကူ... ရှာတာ၊ သိပ်ကိုစိတ်ကောင်းရှိတဲ့ မိန်းကလေး”

“နက်နက်ကို သူသိပါတယ် မေမေရဲ့”

“ဘာသိတာလဲ၊ မသိပါဘူး”

“ညနေကပဲ မင်္ဂလာဆောင်မှာ အတူတူထိုင်နေကြ... ဥစ္စာ”

“ဘာမှအတူတူမထိုင်ဘူး၊ လုပ်မနေနဲ့၊ ခင်ဗျား နက်နက်... က သူ့ဘာသာ ကျွန်တော့်ထိုင်ခုံဘေးမှာ လာကပ်ထိုင်တာ”

“ကဲ ကဲ ငြင်းကြဦး၊ မေမေ အအေးသွားဖျော်မယ်”

“နေပါစေ အန်တီ၊ ကျွန်တော်တို့ အခုပဲ အောက်ဆင်း ...ဘာ”

ဩဇာက လက်ကာပြရင်း တဆက်တည်းပြော၏။

ယိမ်းက မျက်လုံးလေးပြူးမိလျက်

“ဟင် ဘယ်သွားဦးမှာလဲ ညကြီးမင်းကြီး”

“ဒီနားက အအေးဆိုင်လေးတင်ပါ၊ အန်တီ ယိမ်းကို ...ခေါ်သွားမယ်နော်”

“အေး အေး”

“နေဦး၊ ယိမ်း အဝတ်အစားလဲရဦးမှာ”

“ဒါလေးနဲ့လည်း လှပြီးသားပဲ”

“အို လဲရဦးမှာပေါ့”

ယိမ်းက အခန်းထဲ ပြန်ဝင်လာခဲ့သည်။ တီရှပ်ကို မလဲ ...သေမယ့် စကတ်ထဘီအနီရဲလေး လဲလှယ်သည်။ ချည်သား ...မှောင်မှောင်လေးကို ချုပ်ထားတဲ့ စကတ်ပါ။

ဆံပင်လေးတစ်ချက်နှစ်ချက်ဖြီး၊ နှုတ်ခမ်းလေး ဖွဖွဆိုး ...နဲ့လောက်သာ ပြင်လျက် ပြန်ထွက်လာခဲ့သည်။

ပြီးလျှင် မေမေ့ကို နှုတ်ဆက်ပြီး လှေကားမှအတူတူ



www.burmeseclassic.com

www.burmeseclassic.com







ဆင်းလာခဲ့သည်။

သူနှင့်အတူ ထွက်လာမိတာ ယိမ်းစိတ်ထဲ မလုံလု နက်နက်သာ သိရင် ဘာပြောမလဲ။

အိုလေ ဘာဖြစ်မှာလဲ။ ယိမ်းတို့ သူငယ်ချင်းပဲ။

ကိုယ့်ဘာသာ အားတင်းမိသည်။

သူက ယိမ်းကို ပြုံးပြုံးငုံငုံ ချစ်စနိုးကြည့်ကာ

"ယိမ်း ကျွန်တော့်ကို သတိရလား"

"ဘာလို့ သတိရရမှာလဲ"

"ခွဲနေရတဲ့ တစ်ချိန်လုံး ကျွန်တော့်ခေါင်းထဲမှာ ယိမ်း လွဲပြီး ဘယ်မိန်းကလေးမှ မရှိဘူး၊ အဲဒါကို ယုံရဲ့လား"

"ဘာတွေပြောနေတာလဲ"

ရင်တုန်ပန်းတုန် အကြည့်လွှဲမိ၏။

"ရင်ထဲမှာ အမြဲတမ်း ရှိနေခဲ့တယ်"

"ရင်ထဲမှာရှိနေရအောင် ရှင်နဲ့ယိမ်းက ဘာဆိုင်လို့ ဦးခေသြရဲ့"

"ဟာဗျာ ယိမ်း အဲဒီလိုမပြောပါနဲ့"

"ယိမ်းတို့က သူငယ်ချင်းတွေလေ"

"အခု သူငယ်ချင်း မဖြစ်ချင်တော့ဘူး"



သူ့တောင်းဆိုသံလေးက တခဲတယ လွမ်းဆွတ်နေသည်။

အမှန်မှာ ဒီအချိန်မှာ သိပ်ပျော်ရမှာ။ တစ်သက်လုံးမှာ ပျော်ဆုံးအချိန်တစ်ခု ဖြစ်ရမှာပါ။

အခုတော့ ဝမ်းနည်းစရာကောင်းလှသည်။ ယိမ်းသည် နှာလေးကို ငုံ့ချထားမိသည်။

ခေသြရယ်။

ကျေးဇူးပြုပြီး မပြောလိုက်ပါနဲ့။

"ရှင် အဲဒီလို ပေါက်ကရလျှောက်ပြောရင် ရှင်နဲ့ ဘယ်မှ သွားဘူးနော် ခေသြ"

ယိမ်းက ရုတ်တရက် ခြေလှမ်းရပ်လိုက်သည်။ ယိမ်းတို့ းလေးမှာ လူရှင်းနေပြီ။ သူ့ကား ပရိဆိက လမ်းထိပ်နားကျကျ ရပ်ထားခဲ့တာ။ ကားဆီလျှောက်ရင်း သူက စကားစလိုက် မဟုတ်လား။

သူ တစ်ခုခုဖွင့်ပြောလိုက်မှာ ယိမ်းဘက်က လန့်နေမိ သည်။

သူက ယိမ်းမျက်နှာကို တအံ့တသြ ကြည့်သည်။ သူ့ ကြည့်က စူးစမ်းဖွေရှာတဲ့အကြည့်၊ နားမလည်နိုင်တဲ့အကြည့်။ ပြီးတော့ စိတ်တိုသွားတဲ့ မျက်လုံးလေးတွေနှင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ နှုတ်ဆိတ်သွားသဖြင့် ယိမ်းက ခြေလှမ်းဆက်သည်။ ကားနားရောက်တော့ သူက ကားတံခါးဖွင့်ပေးသည်။

ယိမ်းဝင်ထိုင်ပြီးလျှင် သေချာပြန်ပိတ်ပေးသည်။ ပြီး မောင်းသူနေရာသို့ ကွေ့ပတ်လျှောက်သွားသည်။

"အဝေးကြီး မသွားဘူးနော်"

သူ စက်နှိုးလျှင် ယိမ်းက ကြိုပြောထားလိုက်၏။

"ဘာဖြစ်လို့လဲ"

"မိုးချုပ်နေပြီ"

"ကျွန်တော် တစ်ယောက်လုံး ရှိနေတာပဲ"

"ဒါပေမဲ့ ဘယ်ကောင်းမလဲ"

"ရပါတယ်၊ ယိမ်းသဘောပဲ၊ သွားချင်တဲ့နေရာပြော"

"ဒီနားပဲ ကောင်းပါတယ်၊ Ice Berry ပဲ ထိုင်မယ်"

သူက ဒဂုံစင်တာရှေ့ဘက်က ဆိုင်လေးဆီ မောင်းလာ သည်။ အအေးဆိုင်လေးရဲ့ အပေါ်ထပ်မှာ အေးအေးဆေးဆေး မျက်နှာချင်းဆိုင်မိလျှင်

"ယိမ်း ပေါက်ကရမဟုတ်ဘူး၊ အလေးအနက် စကား တစ်ခွန်းလောက် ပြောချင်တယ်"

"ဟင့်အင်း မပြောနဲ့"



"ဟာ ဘာစကားမှန်းမသိဘဲ ဘာလို့တားနေတာလဲ"

ယိမ်းရင်ထဲ ရှက်သွေး ဖျန်းခနဲ ထသွား၏။ သူက ...ဟာနှင့် စချင်နောက်ချင်တဲ့ပုံလေး။

"ဘာစကားဖြစ်ဖြစ် နားညည်းလို့ပေါ့"

"မညာပါနဲ့၊ ကျွန်တော် ဘာပြောမှာလဲဆိုတာ ယိမ်း ...နေလို့မဟုတ်လား"

"ဘာမှမသိဘူး"

"ယိမ်းကို ကျွန်တော် ချစ်တယ်"

"ဟင်"

တည့်တည့်စိုက်ကြည့်ကာ သူ ဖြန်းခနဲ ဖွင့်ဟလိုက်လျှင် ...င်ထဲ ဘယ်လိုကြီးမှန်းမသိ ခံစားရကာ ကြောင်အမ်းအမ်းလေး ...ျက်နှာပူသွားမိသည်။

ဖွင့်မပြောစေချင်ပါဘူးဆိုမှ ခေသြရယ်။ ရှင်တော့ ခက်ပါတယ်။

"လာမနောက်နဲ့နော်၊ အဲဒါ နှင်းဆီနက်ကို ပြောရမှာ"

ယိမ်း အမြန်ဆုံး ပုတ်ထုတ်ဖို့ ကြိုးစားလိုက်သည်။

"ဘာ"

သူက ဒေါသဖြစ်သွားသလို ယိမ်းမျက်နှာနား တိုးကပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သဖြင့် ရယ်ကျဲကျဲလေး နောက်ဆုတ်ကာ

"နက်နက်က ရှင့်ကို သိပ်သဘောကျနေတယ် ဖေသြ ရဲ့၊ အဲဒါကို ရှင် မရိပ်မိဘူးလား"

"ကျွတ် ဘာဆိုင်လို့လဲ၊ သူ့ဘာသာသူ သဘောကျရင် လဲသေလိုက်ပေါ့"

"ဟယ် ရှင် ဘယ်လိုပြောတာလဲ"

"ယိမ်း ကျွန်တော်စိတ်ဆိုးအောင် မလုပ်နဲ့ကွာ"

"သြော် အမှန်အတိုင်းပြောတဲ့ဥစ္စာ"

"သူ့ပုံစံမျိုး တစ်သက်လုံးမကြိုက်ဘူး၊ အဲဒါ ယိမ်း မြဲမြဲမှတ်ထားလိုက်၊ သူ့လိုမိန်းမမျိုးက စိတ်ဝင်စားတယ်ဆိုရင်လည်း ဘာမှ လှည့်ကြည့်စရာ အကြောင်းမရှိဘူး၊ ယိမ်း ဘယ်လိုမိန်းမ နဲ့ သွားခင်နေတာလဲ၊ ရဲရဲတင်းတင်းနဲ့ အရှက်မရှိတဲ့ပုံစံကြီးကွာ ကဲ တော်ပြီ၊ သူ့အကြောင်း ထပ်မပြောနဲ့"

ယိမ်းမှာ မျက်စိပျက် မျက်နှာပျက်လေး ငြိမ်သွားရပါ သည်။

သူက ထပ်မပြောနဲ့ဆိုပေမယ့် ယိမ်းမှာပြောဖို့ တာဝန် ရှိပါသေးသည်။

"နက်နက်က ဖေသြ ထင်သလို မဟုတ်ပါဘူး"





"ဆောရီးပဲ ယိမ်း၊ သူ ဘယ်လိုပဲဖြစ်ဖြစ် သူ့အကြောင်း ကြားချင်ဘူး"

"ဘယ်လိုဖြစ်နေတာလဲ ဖေသြ၊ နေရင်းထိုင်ရင်း ဘာလို့ ဒီလောက်ခါးသီးနေရတာလဲ"

"သူ ယိမ်းကိုဘာတွေပြောလို့ ယိမ်းက သူ့ဘက် ဒီလောက်ပါနေတာလဲ"

"နက်နက် ကျေးဇူးတွေက ယိမ်းအပေါ် အများကြီး အကြွေးတင်နေတယ် ဖေသြရယ်၊ ရှင်ထွက်သွားတဲ့အချိန်မှာ ယိမ်း တို့ မိသားစု ဘာတွေဖြစ်နေလဲ ရှင်သိရဲ့လား"

တိုးတိတ်သော ယိမ်းအသံလေးကြောင့် ဖေသြက ထပ်မံ မေးမြန်းတော့ပါ။

ချစ်သူလေးပြောသမျှ စကားတို့ကို သူ နားထောင်ချင် ပါသည်။

"မောင်လေးဝဏ္ဏက ပထမ ဂျပန်ထွက်ဖို့ပါ၊ ပိုက်ဆံ တွေ အများကြီး လှူလိမ်ခံလိုက်ရတယ်၊ အဲဒီပိုက်ဆံတွေကို အမေ က အိမ်ပေါင်ပြီး စိုက်ထားပေးတာ၊ မေမေ ဘယ်လောက် စိတ် ဆင်းရဲသွားမလဲ ဖေသြ တွေးကြည့်စမ်းပါ၊ ယိမ်းလည်း ကျောင်း ပြီးခါစ ဘာမှအလုပ်မရှိသေးဘူး၊ အဲဒီအချိန်မှာ နက်နက်က



www.burmeseclassic.com

www.burmeseclassic.com



ဝင်ကူညီတာ၊ သူ့ဒက်ဒီကို ပြောပေးပြီး ဝဏ္ဏ စင်ကာပူမှာ အလုပ်ရအောင် စီစဉ်ပေးတယ်၊ ဝဏ္ဏ ထွက်သွားပြီး နက်နက် အကြွေးတွေ မဆပ်ရသေးခင် မေမေ ဆေးရုံတက်ရတယ်၊ အမျိုးသမီးရောဂါ ကင်ဆာသဘောမျိုး ဖြစ်သွားတာ၊ ဆေးရုံ သုံးခါလောက် တက်လိုက်ရတယ်။

ယိမ်း တစ်ယောက်တည်းဆို ဘယ်လောက်ဝမ်းနည်းပက်လက် အားငယ်နေမလဲ။ နက်က ကိုယ်ဖိရင်ဖို တကယ်ကူညီရှာတာပါ၊ ယိမ်းဘေးမှာ သူ တစ်ချိန်လုံးရှိနေခဲ့တယ်။ ဆေးရုံမှာ အတူစောင့်ပေးခဲ့တယ်။ မေမေ့အတွက် လိုတဲ့ဆေးကို ညကြီးသန်းခေါင် သူရှာပေးတယ်။ သူကိုယ်တိုင် သွေးလှူတယ်။ လိုတဲ့ငွေတွေအားလုံးလည်း စိုက်ထုတ်ကုန်ကျခံထားတယ်။ ယိမ်းက ပင်ပန်းပြီး အိပ်ရာထဲ လဲသွားသေးတယ်။ နက်နက်သာ မရှိခဲ့ရင် တကယ် ဘုန်းဘုန်းလဲမှာပဲ၊ သူက ယိမ်းအပေါ် ညီအစ်မရင်းလို စောင့်ရှောက်ခဲ့တာပါ။ ယိမ်းအတွက် သူငယ်ချင်းအဆင့်မဟုတ်ဘူး။ ကျေးဇူးရှင် အဆင့်မှာပါ။ ဒါကြောင့် ဇေသြလည်း ယိမ်းကို ခင်တယ်ဆိုရင် သူ့အပေါ် ကောင်းကောင်းမွန်မွန် ဆက်ဆံပေးပါ၊ ယိမ်း တောင်းပန်ပါတယ် ဇေသြရယ်နော်”

“ဟာကွာ သူ့ကျေးဇူးရှိတာကလည်း ရှိတာပေါ့၊ ယိမ်း





ဒီလောက်ကြီး သူ့ဘက် ပါစရာတော့ မလိုပါဘူး၊ နှလုံးသားရေးရာကိစ္စနဲ့တော့ မဆိုင်ပါဘူး၊ သူ ကျွန်တော့်ကို စိတ်ဝင်စားဘာနဲ့ ယိမ်းက နောက်ဆုတ်ပေးရမှာလား၊ ဒါတော့ အဓိပ္ပါယ်မရှိပါဘူး”

“ဇေသြက ယိမ်းကိုမချစ်ဘဲ သူ့ကိုချစ်လိုက်ရင်လည်းရတာပဲ၊ ဒီလောက်လှတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်ယောကျ်ားလေးက ကြာရှည်ငြင်းနိုင်မှာလဲ၊ ယိမ်းတော့ မထင်ပါဘူးနော်”

“ဟာ အဲဒါတော့ ခင်ဗျား ကျွန်တော့်အချစ်ကို စော်ကားတာပဲ၊ ကျွန်တော့်ဘက်က ကိုယ်ချင်းစာကြည့်ပါဦး”

“နက်နက်ကလည်း ဇေသြကို ပေါ့ပေါ့ဆဆလေး ချစ်တာ မဟုတ်ဘူး၊ သူ တကယ် နက်နက်ရှိုင်းရှိုင်း ခံစားနေရတာ၊ သူ့သိက္ခာကိုလည်း ထိခိုက်မှာ ယိမ်း စိုးရိမ်တယ်၊ သူလည်း မိန်းကလေးတစ်ယောက်ပဲ၊ သူ့မာနနဲ့သူပဲ”

“ဒါဆို သူ့ကိုယ်သူထိန်းလေ၊ သူ့တန်ဖိုး သူသိပေါ့၊ ကျွန်တော် ဘာပြောစရာလိုမလဲ”

“ယိမ်းက နက်နက် စိတ်ချမ်းသာဖို့အတွက်ဆိုရင် ဘာမဆို ပေးဆပ်ကူညီချင်တယ် ဇေသြ၊ သူ တောင်းဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ပေးရဲတယ်''

''သူတောင်းဆိုတာက ဘာလဲ၊ ဧဩဇာရဲ့အချစ်လား ဟား ဟား မဖြစ်နိုင်တာပဲ၊ သူ့ကိုမှ ကျွန်တော် မနှစ်သက်တာ၊ အချစ်ဆိုတာ ကျားကွက်ရွှေ့သလို ရွှေ့လို့ရတယ်ထင်နေသလား ယိမ်းရယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး လက်လျှော့လိုက်ပါ၊ ရှေ့ဆက်တက်လာရင် ကျွန်တော်တို့ကြားမှာ နားလည်မှုတွေလွဲချော်ပြီး ပြဿနာတက်လာလိမ့်မယ်''

သူက တစ်ခါတည်း စကားပိတ်ဆိုရင်း မသိမသာ ငြိမ်းခြောက်လိုက်ပါသည်။

ယိမ်းလည်း ဧဩနှင့် ကတောက်ကဆ မဖြစ်ချင်တာ အမှန်။

ချစ်ရသူကို တပါးသူလက်ထည့်ပေးရမှာ ခုကတည်းက ရင်ကွဲပက်လက် ဖြစ်နေပြီးသားပါ။

သူ အထင်လွဲသွားမှာလည်း ကြောက်မိသည်။

ယိမ်းကို နားလည်ပေးပါလား ဧဩရယ်။ နားလည်သိတတ်ပေးနိုင်ရင် သိပ်ကောင်းမှာပဲ။

''ယိမ်းကတော့လေ ဖြစ်နိုင်ရင် ဧဩ သူ့အပေါ် ပစ်ပစ်ခါခါကြီး မဆက်ဆံစေချင်ဘူး၊ အနည်းဆုံး သူငယ်ချင်း မိတ်ဆွေ





သဘောလောက်တော့ ခင်မင် လက်ခံပေးသင့်ပါတယ်''

ချိုသာပျော့ပျောင်းစွာ ထပ်မံတောင်းဆိုလိုက်သော ယိမ်းကို သူက မျက်မှောင်ကြီးကုပ်လျက် စိတ်ပျက်သလို စူးစိုက်ကြည့်သည်။

ပြီးလျှင် ခေါင်းကိုယမ်းလျက်

''သူ့ပုံစံမှ ကျွန်တော်မကြိုက်တာ၊ ခင်လို့မဖြစ်ဘူး ယိမ်း''

''ခင်တာလောက်က ဘာဖြစ်လို့လဲ''

''ကျွတ် ယိမ်းရာ ခင်ဗျား တော်တော်ခေါင်းမာနေပါလား၊ အခုလောက်အထိ စကားထဲထည့်ပြောနေရတာကိုပဲ ဒီမိန်းမကို ကျွန်တော် မုန်းနေပြီ၊ ယိမ်းကို သူက အနိုင်ပိုင်းချင်တာ၊ ဒါမျိုး လုံးဝလက်မခံဘူး''

''မမုန်းပါနဲ့၊ သူ့မှာ ဘာအပြစ်ရှိလို့လဲ''

''စိတ်အနှောင့်အယှက် ပေးနေတာလေကွာ၊ ယိမ်း မပြောရရင် ကျွန်တော် အပြတ်ပြောပစ်လိုက်မယ်''

''ဟယ် အဲဒီလိုတော့ မလုပ်ပါနဲ့၊ နက်နက် ရှင့်ကို စိတ်နာသွားဦးမယ်''

''သူစိတ်နာရင် ပိုကောင်းတယ်၊ အရှုပ်ထုပ်ပဲ''

''ဧဩနော်''



www.burmeseclassic.com

www.burmeseclassic.com



သူမ နည်းနည်း စိတ်တိုလာပါသည်။

သူငယ်ချင်းလိုပင် မပတ်သက်နိုင်ဘူးဆိုတာတော့ တဆိတ် သူမောက်မာလွန်းပြီ။

"ဘာ်လဲ၊ ဘာထပ်ပြောဦးမှာလဲ"

"ယိမ်းနဲ့ နက်က ညီအစ်မလိုချစ်တာ၊ ဇေဩ သူ့ရဲ့ ပစ်စလက်ခတ် မပြောပါနဲ့"

"အဲဒါဆို ခင်ဗျားလည်း အဲဒီကိစ္စ တော်တော့"

"ဇေဩ သိစေချင်လို့ ရှင်းပြနေတာ"

"မရှင်းပြနဲ့၊ ကျွန်တော်မှ မသိချင်တာ"

"ဇေဩ ဒီလို ခါးသီးနေတာ နက်သာ သိသွားရင် အရမ်းစိတ်မကောင်းဖြစ်မှာပဲ"

ဇေဩက ဂရုမစိုက်ပါဘူးဆိုတဲ့ ပုံစံနှင့် ပခုံးသာတွန့်ပြ၏။

"သူ့ရင်ထဲမှာ ဘယ်လိုဖြစ်နေသလဲ ယိမ်း အသိဆုံးပဲ"

"ကျွန်တော်က သနားရမှာလား"

ဇေဩက ခပ်ရိရိ မေးသည်။

သူ့ဘက်က တန်ဖိုးထား မြတ်နိုးရသလောက် ယိမ်းဘက်က သူ့ကို တခြားသူဘက် ပုတ်ထုတ်နေတာ ခံရခက်လှသည်။



ယိမ်းမျက်လုံးထဲ သူ နာနာကျင်ကျင် စိုက်ကြည့်နေမိသည်။

ဘယ်လိုလဲကွာ။ မသိဆိုးရွား နိုင်လှချည်လား။

သူမ ဒီလောက်ထိ ရက်စက်တတ်လိမ့်မည်ဟု သူ တစ်ခါမှ မထင်ခဲ့မိပါ။

သိမ်မွေ့နူးညံ့သော ယိမ်းလေးဟာ ကျေးဇူးရှိလို့ နှလုံးသားနှင့် စွန့်လွှတ်ပေးဆပ်မတဲ့လား။

ဇေဩ ဒါကို ဘယ်လိုမှ လက်မခံနိုင်။ ယိမ်းကို မချင့်မရဲကြည့်ရင်း လက်ကို တင်းတင်းပိုက်ထားမိသည်။

ချစ်သူလေးအပေါ် အပြစ်မတင်ရက်သောအခါ သူ့ဒေါသတွေ အကုန်လုံးက ဟိုမိန်းမ နှင်းဆီနက်အပေါ်သာ စုပြုံကျရောက်သွားပါသည်။

တောက်

ငါ့ရှေ့ရောက်လာလို့ကတော့ တွေ့သွားမယ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

စတင်တွေ့ဆုံ စကားပြောခွင့်ရတဲ့အချိန်၊ ချစ်စကားပြော ခွင့်ရတဲ့အချိန်မှာ သူတို့နှစ်ဦးသား ရင်ခုန်ကြည်နူးရမည့်အစား စကားတွေ အခြေအတင် ငြင်းခုန်ပြောဆိုရကာ တစ်ယောက် တစ်ပေါက်နှင့် ပြဿနာတက်ရတာသာ အဖတ်တင်သည်။

ဖေဖြေရဲ့ ကြိတ်မြိုထားရသော တိတ်တခိုး ဖိလင်လေး တွေလည်း တစ်စစီ ပျောက်ပျက်ကုန်ရသည်။

လူဆိုတာ မျှော်လင့်သလို ဖြစ်မလာတဲ့အခါ ဘာကိုမှန်း မသိ အတော် အောင့်သက်ခံပြင်းရသည်။

ပိုပြီး စိတ်တိုအသည်းယားစရာကောင်းတာက ယိမ်းက သူ့အပေါ် ငြိတွယ်ချင်ပါလျက် နှင်းဆီနက်ကြောင့် အနစ်နာခံ နောက်ဆုတ်မည်ဆိုတာပါပဲ။

နှင်းဆီနက်က သူတို့နှစ်ဦးကြားမှာ ဒီလောက်ထိ ပါဝင် ပတ်သက် ရှုပ်ထွေးလာနိုင်တာကို သူ အလွန်အံ့ဩခါးသက်မိသည်။





ဒီမိန်းမသာ ယိမ်းအနားမရှိခဲ့ရင် ဘယ်လောက်ကောင်း လေဲ။

အချစ်ကြောင့် သာယာဆွတ်ပျံ့ နွေးထွေးမှုလေးတွေ နှစ်ဦးသား ခံစားကြည်နူးကြရမှာ။

အခုတော့ ယိမ်းက သူ့သူငယ်ချင်း နှင်းဆီနက်အပေါ်ပဲ အရေးလွန် စေတနာတွေထားကာ သူ့ဘက်တော့ တစ်ချက်မှ ငဲ့ တွေးပေးပါလား။

ယိမ်းကိုပြန်ပို့ဖို့ ကားပေါ်ကဆင်းပြီးလျှင် လရောင်မရှိ သော ကောင်းကင်မှိုင်းမှိုင်းကို မော့ကြည့်ရင်း ဖေဖြေဇာ သက်ပြင်း ချမိသည်။

ဖြစ်နိုင်ရင် ယိမ်းကို ကားပေါ်ပြန်တင်ခေါ်ပြီး တစ်နေရာ ကို ထွက်သွားလိုက်ချင်သည်။ ပိုင်ဆိုင်ချင်တဲ့စိတ်တွေဟာ ထိန်း ချုပ်ဖို့ ခက်လှပါသည်။

အခုလို ကြားလူတစ်ဦး ပေါ်လာတော့ ပို၍စိတ်ထဲ ကသိကအောက် ဖြစ်ရသည်။

ဒါဟာ သူ မတွေးဖူးတဲ့ ရှုထောင့်ပဲ။

ယိမ်းအနားမှာ တခြားယောကျ်ားတစ်ယောက် ရောက် နေမလားဟုသာ သူ စိတ်ပူတတ်ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တစ်ဖက်သတ်ကြိုက်မယ့် မိန်းကလေးတစ်ယော
ကြောင့် သူနှင့် ယိမ်းကြား ပြဿနာဖြစ်ရမည်ဟုတစ်ခါမှ မမျှော်
လင့်ခဲ့ဖူးတာ အမှန်။

ယိမ်းက ကားထဲကဆင်းပြီးလျှင် ဝတ်ထားတဲ့တီရှ
လေးကို သပ်ရပ်အောင် ဆွဲချလိုက်သည်။

အမူအရာလေးက ဘာမှမဟုတ်ဘဲ ချစ်စရာကောင်းသည်

ယိမ်း မျက်စောင်းရွယ်လည်း သူချစ်တာပဲ။ ဆံနွယ်လေ
တွေ ဖွဖွသပ်တင်တတ်တဲ့ ဟန်ပန်လေးကိုလည်း ချစ်သည်
မျက်ခုံးလေး ရှုံ့တတ်တာကိုလည်းချစ်သည်။ စကားသံလေး
လည်း ချစ်သည်။ လမ်းလျှောက်ဟန် လက်လွှဲဟန်လေးကို ချ
သည်။ တစ်ခုခု စားသောက်တဲ့အခါ နှုတ်ခမ်းလေးစေ့ပိတ်ပြ
အသံမမြည်အောင် အိုက်တင်လေးနှင့် ဝါးတတ်တာကိုလည်
ချစ်သည်။ ယိမ်း ဘာပဲလုပ်လုပ် သူ ချစ်စနိုးဖြစ်ရတာချည်းပါပဲ

အခုတော့ ယိမ်းက သူ့ကို စိတ်ချမ်းသာမှုမပေးဘဲ
နှင်းဆီနက်ဘက် တွန်းပို့သည်။

တကယ်တော့ သူမ ဆုံးဖြတ်ပုံ မှားယွင်းနေတာ သူ
သိသင့်သည်။

ဖေဩ ရင်မှာ လေးလံမွန်းကြပ်လာသည်။





"ပြန်တော့လေ"

"ပြန်မှာပါ၊ ယိမ်းကို အပေါ်ထိလိုက်ပို့မယ်"

"ရပါတယ်၊ လှေကား မီးလင်းနေတာပဲ"

သူက ထပ်မပြောဘဲ ယိမ်းနားကပ်ကာ အတူလျှောက်
ပါသည်။ အရင်ကလည်း ကျောင်းကားပေါ်ကဆင်းပြီးရင်
မ်းထိပ်ကနေ အိမ်အရောက် သူပြန်ပို့ပေးတတ်သည်။

တစ်ခါတစ်ရံလည်း မေမေချက်တဲ့ ဖွယ်ဖွယ်ရာရာ
င်းလျာဆန်းတချို့ကို သူနှစ်သက်လျှင် ယိမ်းတို့အိမ်မှာပဲ ထမင်း
းသွားတတ်သည်။

တစ်ခါတလေလည်း ညအထိမပြန်ဘဲ ဝဏ္ဏနှင့် ဂစ်တာ
ခါက်ရင်း သီချင်းဆိုတတ်သည်။

ယိမ်းက သူတို့အတွက် လက်ဖက်သုပ် ချဉ်ငန်စပ်လေး
သုပ်ပေးရသည်။ သူက ယောကျ်ားလေးဖြစ်ပေမယ့် ရှူးရှဲ
က်ဖက်သုပ်ကို ကြိုက်တတ်သည်လေ။

ယိမ်းနဲ့ဖေဩက များသောအားဖြင့် အကြိုက်တူကြသည်။

ချစ်ခွင့်ရရင် စိတ်တူကိုယ်တူ စုံတွဲ ဖြစ်လာမှာပဲဟု ယိမ်း
ခဲ့တရဲ တွေးကြည့်ခဲ့ဖူးတာတွေဟာ အခုတော့ လွမ်းစရာလေး
ဖြစ်သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတွေးခွင့်လေးပင် ယိမ်းမှာ မရှိတော့ဘူးနော်။

သူနှင့်စကားမပြောဘဲ လှေကားအောက်နားထိ ရော

လာသည်။

ရင်ထဲမှာတော့ ကိုယ်စီခံစားချက်မျိုးစုံနှင့် ဖြစ်ပါသည်

ဖေသြက ရင်ထဲ နင့်နင့်နဲနဲ တစိမ့်စိမ့် ချစ်ရသူလေး

မျက်နှာလှလှကို မခွဲချင်စွာ ငေးကြည့်နေမိသည်။

ယိမ်းက သူကြည့်နေမှန်းသိပေမယ့် သူ့ကို ပြန်မကြည့်

ယိမ်း

အရင်က ကျွန်တော်တို့နှစ်ယောက် မျက်လုံးချင်းဆုံကြ

ဖူးတာ အကြိမ်တစ်ရာ မကဘူးနော်။

တစ်ခါကြည့်ရင် တစ်ခါရင်ခုန်ခဲ့ဖူးတာ ယိမ်း ညာနို

မှလား။

ကျွန်တော့်ကို လွယ်လွယ်လေး စွန့်လွှတ်မှာလား။

ကျွန်တော်ကတော့ ယိမ်းအနား ပြန်ရောက်ဖို့ နေ့ရ

တွေကို တစ်နေ့ချင်း အားတင်းကျော်ဖြတ်လာခဲ့တာပါ။

ယိမ်းလည်း ရင်ထဲမကောင်းပါ။

အရင်နှစ်တွေတုန်းက သူပေါ်လာနီး တစ်နေ့ချင်း စောင့်စာ

မျှော်လင့်ခဲ့ရသည်။





ပြန်ဆုံတွေ့ဖို့ ယုံကြည်စွာ တောင့်တခဲ့ရသည်။

အခုတော့ တမ်းတတဲ့အတိုင်း ယိမ်းအနားကို သူ ပြန်

ရောက်လာခဲ့ပါပြီ။

ဒါပေမဲ့ သူဟာ ယိမ်းအတွက် မဟုတ်ခဲ့ဘူးလေ။

ဖေသြရယ်

ယိမ်းနွဲ့နွဲ့မှိုက စိတ်ထဲ လှိုက်ခွေးလာတာကို ကြိုးစား

ထွာပြုရင်း လှေကားပေါ် ရှေ့ကနေ စွတ်ပြေးတက်ခဲ့သည်။

သူလည်း လွှားခနဲ ပါလာသည်။

သူက တစ်ထစ်ကျော်တက်လာတော့ ထောင့်ချိုးတစ်ခွေ့

တက်တာနှင့် ယိမ်းကို မီသွားပါသည်။

ကျွန်တော့်လက်က ထွက်ပြေးဖို့ မကြိုးစားပါနဲ့လားကွာ။

ကျွန်တော်တို့ လက်တွဲလိုက်ရင် နှင်းဆီနက်က ဘာပြော

လဲ။

သူ ဘာတတ်နိုင်မှာလဲ။

နည်းနည်းပါးပါး သတ္တိရှိလိုက်စမ်းပါ။

"ယိမ်း"

"အို"

သူက ယိမ်းနောက်က လှေကားနံရံကို လက်နှစ်ဖက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပစ်လိုက်သဖြင့် ရုတ်တရက် သူ့ရင်ခွင်ထဲ ရောက်သွ
သလို ဖြစ်သွားသည်။

ယိမ်း အလန့်တကြား မျက်လုံးလေး ဝိုင်းသွားရသည်

ခြောက်ထပ်တိုက်ရဲ့ လှေကားမှာ ညပိုင်းမို့ အဆင်းအတ
လုပ်သူတွေလည်း ဘယ်သူမှမရှိပေ။

တိတ်ဆိတ်သော လှေကားခွင်မီးမှိန်မှိန်မှာ သူနှင့်ယိမ်
နှစ်ယောက်တည်းသာရှိသည်။

ပြီးတော့ ဒါဟာ ယိမ်း လုံးဝမထင်မှတ်တဲ့ အပြုအ
တစ်ခု။

သူ့မျက်လုံးတွေက ရီဝေဝေနှင့် နူးညံ့ရွှန်းရီနေသဖြ
ရုတ်တရက် နှလုံးသားမှာ တုန်ယင်လှုပ်ခါသွားရသည်။

"ဒါက ဘာလုပ်တာလဲ၊ ဖယ်"

"ယိမ်းလည်း ကျွန်တော့်ကို ချစ်တယ်မို့လား၊ အ
အတိုင်း ဖြေ"

"ဟင့်အင်း"

"မဖြေလည်း ကျွန်တော် သိတယ်"

ပြောပြောဆိုဆို ယိမ်းပါးပြင်ကို သူ ဖျတ်ခနဲ ရှိုက်ရွေ
ပစ်လိုက်လျှင် ယိမ်း တအံ့တသြ တုန်လှုပ်သွားလေသည်။





သူက မြန်ဆန်လွန်းစွာ ယိမ်းပါးပြင်နှစ်ဖက်စလုံးကို
ပ်မွှေးရှိုက်ပစ်လိုက်တာလေ။

မချင့်မရဲနှင့် တရှိုက်မက်မက် နမ်းရှိုက်လိုက်ပုံလေး။

ယိမ်း သူ့ရင်ဘတ်ကို တွန်းထုတ်ပစ်လိုက်သည်။

"ဧဩနော်၊ ရှင့်ကို ဘယ်သူက အဖြေပေးထားလို့လဲ၊
း အရမ်းစိတ်ဆိုးတယ် သိလား"

ခြေလေးဆောင့်ကာ သူ့မ မကျေမနပ် ပြောမိသည်။

သူက ပြုံးတုံ့တုံ့လေးသာ။

"မကျေနပ်ဘူးလား၊ ချစ်လို့ပါ၊ အရမ်းချစ်လို့"

"သွား သွား၊ ရှင် အခုပြန်တော့၊ ယိမ်း ရှင်နဲ့မခေါ်တော့
ဒါပဲ"

သူ့ကို ဆောင့်တွန်းပြီး ယိမ်းက စိတ်ဆိုးမာန်ဆိုးနှင့်
က်တစ်ထပ်ပေါ် ပြေးတက်သွားလေသည်။

ယိမ်း နှလုံးသားတွေ ပေါက်ကွဲတော့မလို ဆူညံမြည်ဟီး
သည်။ သူ့ကို ဒေါသလည်းဖြစ်သည်။

ဘယ်လိုကြောင့်များ ဒီလောက်အတင့်ရဲပါလိမ့်။

အခုနပဲ သေချာရှင်းပြ တောင်းပန်ထားပြီးသား။

ကြည့်စမ်း သူက ယိမ်းစကားကို အရေးမလုပ်တဲ့သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။

ပိုင်စိုးပိုင်နင်းနဲ့ မှန်းစရာကောင်းလိုက်တာနော်။

ပါးပြင်လေးကိုပွတ်ရင်း ယိမ်း ဆွေ့ဆွေ့ခုန်မိသော်လည်း ဘာမှမတတ်နိုင်ပါ။

သူက ပေါ့ပါးသောခြေသံလေးနှင့် ထွက်ခွာသွားခဲ့ပြီ။

◆ ◆ ◆



နှင်းဆီနက်ဘဝမှာ ဖုန်းလေးတစ်ခါခေါ်ကြည့်ဖို့ ခုလို ချီတုံချတုံ စိတ်လှုပ်ရှားနေတာမျိုး တစ်ခါမှမဖြစ်ဖူးပါ။

သူမဟာ ဘာမဆို ရဲရဲဝံ့ဝံ့ ပြောဆိုလုပ်ကိုင်ဆောင်ရွက် ဘတ်သူ ဖြစ်ပါသည်။

အခုလည်း အိမ်မှာ သူမ တစ်ယောက်တည်း။

မကျဉ်းမကျယ် အနေတော် လှပသပ်ရပ်သော ခြံဝန်းထဲ က နှစ်ထပ်တိုက်ကြီးတစ်လုံးထဲမှာ နှင်းဆီနက်တစ်ယောက်တည်း နေထိုင်သည်။

ထမင်းချက် အိမ်ရှင်း အဒေါ်ကြီး အသောင်းနှင့် အိမ်အကူ ဆောင်မလေးတစ်ယောက် ရှိတယ်ဆိုပေမယ့် တခြား မိသားစုဝင် ဘယ်သူမှမရှိဘဲ သူမက အထီးကျန်နေရသူပါ။

ဒက်ဒီနှင့် မာမီက သူမ လေးတန်းနှစ်မှာပဲ လမ်းခွဲလိုက် ကြသည်။ နှစ်ဦးစလုံး အိမ်ထောင်သစ်တွေ ထူထောင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်တုန်းကတော့ နှင်းဆီနက်ဟာ မာမီ့အိမ် သွား ရမလိုလို၊ ဒက်ဒီအိမ်မှာပဲ နေခဲ့ရမလို။

ဒီမှာလည်း မိထွေးတော်နှင့်၊ ဟိုမှာကလည်း ပထွေးနှင့်။

သေချာတာက ဘယ်မှာမှ သူမ မပျော်။ သူမကို ချစ်ခင် နွေးထွေးစွာ နီးနီးကပ်ကပ် စောင့်ရှောက်မည့်သူ မရှိ။ သူမ အခန်း ကျယ်ကြီးထဲမှာ အမြဲတမ်း သူမတစ်ယောက်တည်းပဲ ရှိခဲ့သည်။

နှင်းဆီနက်ရဲ့ဘဝဟာ အစကတည်းက အထီးကျန် ခပ်ဆန်ဆန်ပဲမို့ သူမဟာ တစ်ယောက်တည်း နေထိုင်သွားလာ စားသောက်တတ်ခဲ့သည်။

ကြာလာတော့လည်း တစ်ယောက်တည်းနေရတာကိုပင် သူမ အသားကျ နေတတ်လာခဲ့ပါသည်။

လူဆိုတာကလည်း ကိုယ့်ဘဝလေးနဲ့ကိုယ် မဟုတ်လား။ ကြာတော့လည်း အလေ့အကျင့် ရလာပါသည်။

နှင်းဆီနက် ကိုးတန်းနှစ်မှာ မာမီက အက်ဆီဒင့်ဖြစ်ပြီး ဆုံးသွားခဲ့သည်။

ဝေးကွာနေရာမှာ လုံးလုံးလျားလျား မိခင်မဲ့ဘဝသို့ ရောက်သွားရ၏။

တစ်ခါ ဒုတိယနှစ်မှာလည်း ဒက်ဒီက သူ့ဇနီးနှင့်အတူ





စင်ကာပူထွက်သွားသည်။

နှင်းဆီနက် တစ်ယောက်တည်း ဤအိမ်ကြီးထဲမှာ ကျန် ရစ်ခဲ့သည်။

နေမကောင်းလို့ ဖျားနာလည်း ကိုယ့်ဘာသာဆေးခန်း သွား။

အိမ်မှုကိစ္စ၊ ဗာဟီရတွေလည်း ကိုယ့်ဘာသာကိုယ်ပဲ စီမံခန့်ခွဲ။ ဒက်ဒီက ငွေကြေးတော့ အလုံအလောက် ပို့ပေးပါသည်။

လိုချင်တဲ့ပစ္စည်းလည်း တစ်ခွန်းကလေး ဟလိုက်ရုံ။

နှင်းဆီနက်ဘဝဟာ ချမ်းတောင့်ချမ်းသာ ပြည့်စုံသည်။

ကိုယ်ပိုင်ကားကောင်းနှင့် သွားလာနိုင်သည်။

အပြင်ကနေကြည့်လျှင်တော့ အသက်သာငယ်သည်၊ အင်မတန် ထက်မြက်သတ္တိကောင်းသူလေးပေါ့။

သူ့ဘဝကို သူတစ်ယောက်တည်း မတ်မတ်ရပ်တည်နိုင် သူဆိုပြီး အားကျတဲ့သူ အထင်ကြီးတဲ့သူတွေလည်း ရှိပါသည်။

တစ်ခါတလေ ဒက်ဒီရှိရာ စင်ကာပူသာမက မလေးရှား တို့ ဘန်ကောက်တို့ပါ နက်က ရှောပင် ထွက်သေးသည်။

ကြည့်လိုက်လျှင်လည်း မင်းသမီးလေးတစ်ပါးလို လှပ ကျော့ရှင်း သပ်ရပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီနက်ပုံစံက အမြဲတမ်း သွက်သွက်လက်လက် တက်ကြွဖျတ်လတ်နေသည်။

တစ်နေရာရာသွားချင်လည်း ဘယ်သူမှ တိုင်ပင်စောင့်ဆိုင်းနေစရာမလို။

ကိုယ့်ဘာသာကိုယ် ထသွားလိုက်ရုံပင်။

စားချင်တဲ့အချိန်စား၊ သွားချင်ရာသွား၊ အိပ်ချင်တဲ့အချိန်အိပ် ဘယ်သူမှလိုက်လံ အပြစ်ပြော ပညတ်မည့်သူလည်း မရှိဘူးလေ။

အရာရာ ကိုယ့်သဘောကိုယ်ဆောင်ရုံသာပင်။

နှင်းဆီနက်ဘဝဟာ အင်မတန် လွတ်လပ်ငြိမ်းချမ်းသည်။

အခုတော့ သူမနှလုံးသားထဲ အချစ်ဆိုသောအရာက စစ်မကြေညာဘဲ ဝင်ရောက်တိုက်ခိုက်လေပြီ။

သူမဟာ အချစ်နှင့်တွေ့လျှင် ဘယ်လိုခုခံကာကွယ်ရမလဲ တစ်ကြိမ်မှပင် ကြိုတင်ပြင်ဆင်မထားခဲ့ပါ။

ထို့ကြောင့် အချစ်နှင့်တွေ့တာနှင့် မယုံနိုင်အောင် ဒလိမ့်ကောက်ကွေး ကျရှုံးရလေသည်။

အခုလည်း အပေါ်ထပ်ဝရန်တာလေးမှာ တစ်ယောက်တည်း ဟိုဘက်လျှောက် ဒီဘက်လျှောက်နှင့် ဖုန်းလေး လက်ထဲ





ကိုင်ရင်း တွေဝေတွန့်ဆုတ်နေသည်။

အင်း အစကတည်းက အချစ်အတွက်ပေးဆပ်ရတဲ့ အရင်းအနှီးဟာ မနည်းပါလား။

သူ့ကို တွေ့ပြီဆိုကတည်းက သူ့အကြောင်းတွေးလိုက်၊ သတိရလိုက်၊ ဆိုက်ဘာကဖေးထဲ သွားရှာလိုက်၊ ပျာယာတွေ ခတ်လို့ပင်။

ဟော ပြန်တွေ့ပြီဆိုတော့လည်း မရှက်မကြောက်နှင့် ရွှန်းစွန်းစားစား သူ့အနားသွားထိုင် ချဉ်းကပ်ရသည်။

သူကဖြင့် မျက်နှာထားခပ်တင်းတင်း။

အားငယ်စရာကောင်းလွန်းပါဘိ။

တစ်ခုလေး ကံကောင်းတာကတော့ ဧဒြေဇာက ယိမ်းမို သူငယ်ချင်းဖြစ်နေတာပဲ။

ဧဒြေဇာကို ကြည့်ရတာ ယိမ်းမိုကိုတော့ အတော်ခင်ပုံရသည်။ နက်နက်မှာ ဒါအတွက် ပျော်လိုက်ရတာ။

ကြားခံလူ ရှိနေပြီဆိုတော့ ဘာလိုသေးလဲပေါ့။

ယိမ်းကတစ်ဆင့် အလွယ်တကူ ခင်မင်နီးစပ် ပတ်သက်ခွင့်ရလိမ့်မည်ဟု နက် ယုံသည်။

သို့သော် တကယ်တမ်း ထင်သလိုဖြစ်မလာ။



www.burmeseclassic.com

www.burmeseclassic.com



ယိမ်းသည် နက် ထင်သလောက် အကူအညီမပေးနိုင်တာကို ကသိကအောက်နှင့် အံ့သြရသည်။

သူ ဖုန်းဆက်လားမေးတော့ မဆက်ဘူးတဲ့လေ။

အခုနေတဲ့ နေရပ်လိပ်စာလည်း မသိဘူးတဲ့။

ကဲ နက်က ဒီတိုင်း ထိုင်စောင့်နေရမလား။

စိတ်မရှည်ပါဘူး။

အစကတည်းက စိတ်မြန်လက်မြန် စိတ်ထဲရှိရာ ဆတ်ခနဲ ထလုပ်တတ်သူမို့ စောင့်စားမျှော်လင့်ရတာကို နက် သည်းမခံနိုင်ပါ။

နက်က နဂိုကပင် ဘုံးတိုက်တိုက် ကျားကိုက်ကိုက်သမား။

တစ်ခုခုဆို အဖြေ ချက်ချင်းသိရမှ။

ယိမ်းကိုလည်း အတော်စိတ်တိုနေပြီ။ သူက ဘာမှမလုပ်ပေမယ့် ကိုယ်စိတ်ဝင်စားတဲ့ကိစ္စကို မတုန်မလှုပ် မသိချင်ယောင်ဆောင်နေတယ်ဟု နက်ဘက်က ထင်မိသည်။

နက်က စကားစရင်တော့ သူက မျက်နှာပျက်ချင်ချင်။

သူငယ်ချင်းကို တွန့်တိုနှမြောနေတာလား။ ယိမ်းကို ဒီလိုလည်း မစွပ်စွဲရက်ချင်။





ဒီတော့ ကိုယ်တိုင်ကြိုးစားမှပဲ ဖြစ်တော့မည်လေ။

နှင်းဆီနက်သည် ညနေက သူနဲ့စတွေ့တဲ့ ဆိုက်ဘာကာဖေးဆိုင်လေးထဲ ခပ်တည်တည် သွားရောက်စုံစမ်းခဲ့သည်။

ဓေသြစာရဲ့ အိမ်လိပ်စာနှင့် တယ်လီဖုန်းကို သိခဲ့ရသည်။ ဒီတော့ ဝမ်းသာအားရ ဖုန်းခေါ်ဖို့ပြင်သည်။

ဒါပေမဲ့ သူမ ကြောက်လည်းကြောက်နေသည်။

တစ်ချိန်မှာတော့ အရဲစွန့်ကာ ခေါ်ကြည့်လိုက်သည်။ ဖုန်းက ဂဏန်းခြောက်လုံးနှင့် သူ့အိမ်က ကြိုးဖုန်းပါ။

"ဟက်လို"

ဓေသြစာက မမြင်ဖူးတဲ့ ဖုန်းနံပါတ်ကိုကြည့်ပြီးနောက်ဆေးဝါ ကောက်ထူးလိုက်ပုံါသည်။

သူတို့အိမ်က ဟောင်ကောင်ဝမ်းဆက်နှစ်လွှာ။ ဖေဖေနှင့်မေမေက အောက်ထပ်မှာနေပြီး သူက အပေါ်ထပ်မှာနေသည်။ ပြန်ရောက်ကတည်းက သူ့ဖုန်းပဲ အလာများ၍ သူပဲ ဖုန်းကိုင်ရသည်။

အခုလည်း ဘယ်သူဆက်သလဲမသိ။ တစ်ဖက်က ချက်ချင်းအသံမပေးဘဲ တိတ်နေတော့ ဓေသြ လှစ်ခနဲ သံသယဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အလိုလို စိတ်ကထင်လိုက်တာပဲ။

ဟိုမိန်းမ နှင်းဆီနက်များလား။

"ဟက်လို"

ထပ်တစ်ကြိမ် အသံမြှင့်ထူးတော့ နက်နက်က အသံ

တကြားဖြင့်

"ဓေသြဇာ ရှိလား"

အသံကိုကြားရလျှင် ဓေသြ သိသွားပါပြီ။ နှုတ်ခမ်း

တစ်ချက်ရွဲ့လျက်

"မရှိဘူး၊ အခုပြောနေတာ ဘယ်သူလဲ"

"နှင်း…နှင်းဆီနက်ပါ"

"ဘယ်က နှင်းဆီနက်လဲ"

ခပ်မာမာ အသံသြသြကြီးကြောင့် နက်နက် တွန့်

ဖြစ်မိသည်။

ဓေသြဇာကလည်း နက်နက်ပဲ ထင်လို့ ဓာမင်တ

အသံကို အဘိုးကြီးသံ လုပ်ထားပါသည်။

"ဟော့ မေးနေတာ မကြားဘူးလား"

"ဟို ခုနစ်မိုင်က"

"အိမ်း ဘယ်နှစ်မိုင်ကဖြစ်ဖြစ်ပေါ့လေ၊ မင်းက ဓေသြ





သိမိတ်ခွေထင်တယ်"

"ဟုတ်ကဲ့"

"ဒါဆို တစ်ခါတည်းပြောထားရမယ်၊ ဓေသြ ဒီအိမ်မှာ

နေဘူး၊ ငါ နှင်ချလိုက်ပြီ၊ ငါက ဓေသြ အဘိုးပဲ"

ဓေသြသည် စိတ်ထဲကနေ အဘွားကို ရှိခိုးတောင်းပန်

လိုက်ရင်း ခပ်တည်တည်ပြောလိုက်၏။

နှင်းဆီနက်မှာ လျှာလေးတစ်လစ်ထုတ်ကာ ဇက်ပုသွား

သည်။

ဒုက္ခပါပဲ၊ သူ့အဘိုးတဲ့။

ဓေသြအဘိုးနဲ့မှ တည့်တည့်တိုးသည်။ ပြီးတော့ အိမ်က

နှင်ချထားသတဲ့။

နဂိုကမှ ရင်တထိတ်ထိတ် ဆက်ကြည့်ရတာ၊ အခုတော့

စိတ်ဓာတ်ကျသွားရသည်။

"ဟုတ်ကဲ့ အဘိုး၊ အဲဒါဆို ဒါပဲနော်"

ဓေသြမှာ အသံတုဝိဇ္ဇာလုပ်ကာ ကိုယ့်ဘာသာကိုယ်

သဘောကျပြီး အော်ရယ်မိ၏။

"ဟား ဟား ဟား"

ဘယ်ရမလဲ ဓေသြဇာပဲ။ ငယ်ငယ်ကတည်းက အသံ



www.burmeseclassic.com

www.burmeseclassic.com



ဩဇာရှိလို့ အမည်မှဲ့ခေါ်ထားတာ။

နှင်းဆီနက်တော့ တစ်ခါတည်း ဖုန်းပိတ်ပစ်လိုက်ပြီ

ယိမ်းရေ

ခင်ဗျားဦးနှောက်သေးသေးလေးနဲ့ သိပ်အကြံတွေ မထု

စမ်းပါနဲ့။

သူက မပေးပါနဲ့ပြောထားတဲ့ ဖုန်းနံပါတ်ကို ပေး

အောင် ပေးလိုက်သေးသည်။

အောင်သွယ်ကတစ်ဆင့် မဟုတ်တော့ဘဲ ကိုယ်တို

ကြိုးစားဖို့ အကြံကို ယိမ်းပဲ ပေးလိုက်တာဖြစ်မည်။

ဧဩသည် ယိမ်းကိုသာ အထင်လွဲမိသည်။

ယိမ်းကဖြင့် နက်နက် ကိုယ်စား မခံချင်စိတ်နှင့် ဧဩ

ကို ခေါ်ပင်မခေါ်။

ဖုန်းဆက်ရင်တောင် စကားပြောဘဲ စိတ်ကောက်နေ

သည်။

ယိမ်း ဒီလောက် အကျိုးအကြောင်းရှင်းပြလျက်က

ဧဩက အားနာပါးနာလေးတောင် မလိုက်လျော။ နက်နက်

အကြောင်း စကားစပင် မခံအောင် အဖြစ်သည်းနေတာမို့ ကြ

မရတော့ပါ။





ပြီးတော့ ယိမ်းကိုလည်း အလေးအနက် တန်ဖိုးမထား။

ခွင့်ပြုချက်မရဘဲ ယိမ်းပါးကို ဦးဦးဖျားဖျား တွေ့ထိသွား

ခဲ့သေးသည်။

ပြန်စဉ်းစားတိုင်း ယိမ်းက အလိုလို မျက်စောင်းရွယ်မိ

သည်။

ဧဩသည် သူ့ကိုယ်သူ ကျေနပ်စွာ လှေကလေးချွန်

င်း အပတ်အနေလေကာ အပြင်ထွက်လာခဲ့သည်။

အပျင်းပြေ လက်ဖက်ရည်ဆိုင် ဆင်းထိုင်ဖို့ပါ။

ရန်ကုန်ပြန်ရောက်ခါစ ရက်တွေမှာ သူ ဘာအလုပ်မှမရှိ

ဘဲ ဟိုဒီသွားလာ လည်ပတ်နေခဲ့တာ။

အချစ်ရေးကိစ္စကိုပဲ ဒီတစ်ခါ တက်တက်ကြွကြွ ကြိုးစား

နိုင်ဖို့ စိတ်ကူးထားခဲ့ပေမယ့် ယိမ်းကြောင့် မျှော်လင့်ချက်တို့

နှောင့်နှေးကြန့်ကြာနေခဲ့သည်။

ဘာပဲဖြစ်ဖြစ် စိတ်ကောက်သွားတဲ့ ကောင်မလေးကို သူ

အောင် ချော့ရပါဦးမည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"မင်းကို အရမ်းမိုက်တဲ့ အမျိုးသမီးတစ်ယောက် လာရှာတယ်ကွ၊ နှင်းဆီနက်တဲ့၊ မင်းကွာ သူ့နဲ့သိရဲ့သားနဲ့ ပိုတစ်ခါမေးတော့ မသိဘူးလို့ ညာသေးတယ်"

အင်တာနက်ဆိုင်က သူငယ်ချင်းပြောမှ နှင်းဆီနက် လာရှာတယ်ဆိုတာ သူသိသွားရသည်။

သူထင်သလို ယိမ်း လက်ချက်မဟုတ်ပါလား။

ယိမ်းဘက်က အောင်သွယ်တော်လုပ်ဖို့ကိစ္စ စိတ်ပျက် လက်ပျက် နောက်ဆုတ်သွားပြီထင်သည်။

သူချစ်တာ ယိမ်း သိမှာပါ။

မသိသေးတဲ့ နှင်းဆီနက်ကိုလည်း သူပြောရဦးမည်။

ယိမ်းက အားနာတတ်ပြီး ရိုးသားစိတ်ကောင်းရှိတဲ့အခါ မှာ နှင်းဆီနက်က အကာအကွယ်ယူနေတာ။

ဒီတစ်ခါ ထပ်ဆက်သွယ်ရင်တော့ သူ အပြတ်ပြော





လိုက်တော့မည်။

ဓေသြဇာ စိတ်ထဲက ကြိတ်ဆုံးဖြတ်ထားလိုက်ပါသည်။

နောက်တစ်နေ့မှာပင် ယိမ်းဆီ ရောက်လာသော နက်နက်

"ဟိတ် ယိမ်း၊ နက် ဓေသြ ဖုန်းနံပါတ်သိသွားပြီ လား" ဟု ဝမ်းသာအားရ ဆိုပါသည်။

"ဟင် ဒါဆို နင် သူ့နဲ့စကားပြောလိုက်ပြီပေါ့"

ယိမ်းမှာ မျက်နှာပူ အားနာသွားရသည်။

ဓေသြရဲ့ အားမနာတမ်း ခပ်ကြမ်းကြမ်း အပြောအဆို တို့ကို နက်တစ်ယောက် နားနှင့်ဆတ်ဆတ် ကြားသွားခဲ့ပြီလား။

နက်မျက်နှာကို စာယ်လိုကြည့်ရပါ့မလဲနော်။

ယိမ်းက နေရခက် မျက်နှာထားရခက်နှင့် နက် မျက်နှာ ကို မရဲတရဲ အကဲခတ်သည်။

နက်ပုံစံလေးက ပြုံးကျဲကျဲနှင့် တစ်ခုခုကို ရယ်ချင်နေပုံ။

"သူ့နဲ့မပြောရပါဘူး၊ သူ့အဘိုးနဲ့ပဲ တွေ့တာ"

"သူ့အဘိုး"

ယိမ်းက ယောင်ယမ်း၍ သံယောင်လိုက်မိသည်။

ဓေသြဇာတို့အိမ်မှာ သူ့အဘိုးရှိတယ်ဟု တစ်ခါမှမကြား



www.burmeseclassic.com

www.burmeseclassic.com



ဖူးခဲ့ပါလား။

သူ့အဖေ အမေနှင့် ဂျပန်မှာ အလုပ်လုပ်နေတဲ့ သူ့အစ်ကို
ရယ်၊ ဖေဩရယ်မှ မိသားစုဝင် လေးဦးပဲရှိတာ ယိမ်း သိထား
ဘာပဲ။

အခုမှ ဘယ်ကအဘိုးက ပေါ်လာရတာလဲ။

နက်နက်တော့ တစ်ခုခု လွဲချော်နေပြီ။ နက်ကို ဘယ်သူ
များ ဖုန်းထဲက နောက်ပြောင်လိုက်သလဲမသိ။

"သူ့အဘိုးအသံက ခပ်မာမာကြီးဟယ်၊ နက်ဖြင့် လန့်
သွားတာပဲ၊ ပြီးတော့ အဲဒီအဘိုးက ဖေဩကို အိမ်ကနှင်ချထား
လိုက်ပြီလို့ပြောတယ်၊ အဲဒီကိစ္စတွေ နင်သိလား ယိမ်း၊ သူ
ဘာအပြစ်တွေလုပ်လို့ နှင်ချခံရတဲ့အထိ ဖြစ်ရတာလဲ"

နက်နက် စိတ်မကောင်းဖြစ်နေတဲ့ပုံ။

ကြားရမှဖြင့် မယုံချင်စရာတွေချည်းပါလား။

အခုမှ ရန်ကုန်ပြန်ရောက်ခါစ ဖေဩကို သူ့အမေက
တဖူးဖူးမှတ်ကာ ချစ်လို့ဝဦးမှာပင်မဟုတ်။

နှင်ချတယ်ဆိုတော့ ပိုပြီးမဖြစ်နိုင်။

ဖေဩက အိမ်မှာဗိုလ်၊ ဆရာကြီးလိုနေတာ။

မိဘတွေကပင် သူတို့သားလေး မျက်နှာ ပြန်ကြည့်နေ

မိဘကို ရှာဖွေကျွေးမွေးသော သားလိမ္မာလေး၊ သိတတ်
လေးဖြစ်တာကြောင့် အချစ်ပိုပြီး ဖေဩ လုပ်ချင်တာလုပ် ကြည်
ပြီးသား ဆိုတာမျိုး။

သူ့အမေကဆို ဖေဩ စားချင်တာတွေ ကိုယ်တိုင် မီးဖို
ချောင်ဝင်ပြီး တစ်မျိုးပြီးတစ်မျိုး ချက်ကျွေးတာဟု ဝဏ္ဏကပင်
ကျသလို ပြန်ပြောဖူးတာ ယိမ်း မှတ်မိနေသည်။

ဒီလို သားလိမ္မာကို ဘယ်သူက နှင်ချမှာလဲ။

ယိမ်းမျက်နှာ ဇဝေဇဝါကိုကြည့်ပြီး နက်နက်က

"ဩော် နင်လည်း ဘာမှမသိသေးပဲကိုး၊ ငါက နင်သိ
ပါတင်တာ ယိမ်းရဲ့၊ ဖေဩက နင့်ဆီတော့ရောက်မှာပဲလို့
ကြည့်တာ"

ယိမ်း မျက်လုံးလေး ဝိုင်းသွားရသည်။

အခုပုံအတိုင်းဆို ဖေဩ ဒီကို ရောက်ချလာမှာပင် စိုးနေ

နက် ကြည့်ရတာ ဖေဩကို ဒီကနေ စောင့်ဖမ်းတော့မယ့်
မဟုတ်လား။

ဖေဩရဲ့ မပြေပြစ်တဲ့ ဆက်ဆံရေးနဲ့ အားမနာတမ်း







www.burmeseclassic.com

www.burmeseclassic.com



အပြောအဆိုတွေနဲ့ ယိမ်းတော့ စိတ်ညစ်ပါရဲ့။

သူမရင်ထဲ လေးလံမွန်းကျပ် ရှုပ်ထွေးသွားရပါသည်။

"နင်ချစ်ရတယ်ဆိုတော့ သူ ဘယ်မှာနေမလဲ၊ သူငယ်ချင်းတစ်ယောက်ယောက်အိမ် ရောက်နေမှာပေါ့နော်၊ သူ့သူငယ်ချင်းတွေရော 'နင်သိလား ယိမ်း"

"ဟင့်အင်း"

"တော်းမ ဘာမှမသိတာချည်းပဲ"

နက်က ရေရွတ်ပြစ်တင်လိုက်၏။

သူကြည့်ရတာ ခေသြကို အလွန်အမင်း တွေ့ချင်စိတ်ပြင်းပြနေဟန်ရှိသည်။

မေမေ အပြင်ဘက်ထွက်လာတော့မှ နက် စကားသံတိတ်သွား၏။

"သမီး နက်နက် ရောက်နေတာကိုး"

"ဟုတ်ကဲ့၊ အန်တီ နေကောင်းတယ်နော်"

"ကောင်းပါတယ်ကွယ်၊ အခုတလော အရမ်းနေလို့ကောင်းပါတယ်၊ ဒီနေ့ သမီးရောက်လာတာ အတော်ပဲ၊ အန်တီကိုယ်တိုင် အုန်းထမင်းနဲ့ ကြက်သားဟင်း ချက်ထားတယ်၊ စားသွားနော်"





"အင်း စားမှာပေါ့"

နက်က ဒီနေ့ အိမ်မှာ ကြာကြာနေမယ့်ပုံရသည်။ ယိမ်းတို့အိမ်ဟာ နက်အတွက် မစိမ်းပါ။ နက်က မှီအုံးကိုမှီကာနှစ်ယောက်ထိုင် ဆိုဖာရှည်ပေါ် မှီလျောလဲလျောင်းလိုက်ဟန်ပြင်သည်။

သူက သက်သောင့်သက်သာ ပေါ့ပေါ့ပါးပါးလေးနေတတ်တာ။

သူဝတ်ထားတဲ့ ကိုရီးယားဂါဝန် ရှန့်ပိန်ရောင်လေးမှာ သူ့အသားဖြူဖြူနှင့် အတော်လိုက်ဖက်သည်။

ဂါဝန်က အသားပျော့ပျော့လေးမို့ သွယ်ပျောင်းကျော့ရှင်းသော ကိုယ်လုံးလေးမှာ အထင်းသား ပေါ်လွင်နေပါသည်။

ယိမ်းကတော့ အိမ်နေရင်းမို့ ကီရုပ်အနီရဲလက်ပြတ်လေးနှင့် အနီအပြာကွက် ချည်သောင်းဘီ ပွပွချောင်ချောင်လေးကိုသာ လွတ်လပ်စွာ ဝတ်ဆင်ထားသည်။

ဆံနွယ်လေးတွေကိုတော့ နောက်ဘက်မှာ ခပ်မြင့်မြင့်စည်းနှောင်လျက် ပိုနီတေး ချည်ထားသည်။

ချစ်စဖွယ် မျက်နှာလုံးလုံးလေးမှာ ခပ်ရှင်းရှင်းပေါ်လွင်၏။

"နက် ထမင်းမစားခင် ဘာစားမလဲ၊ ကော်ဖီသောက်



www.burmeseclassic.com

www.burmeseclassic.com



မလား''

''ယိမ်းရေ ရေခဲသေတ္တာထဲမှာ နာနတ်သီးတွေ ရှိသေးတယ်၊ နက်နက်ကို ထုတ်ကျွေးစမ်းပါဦး''

မေမေက နက်နက်လာလျှင် ပျော်သည်။ အိမ်မှာရှိတဲ့ စားစရာတွေ တစ်ခုပြီးတစ်ခု အတင်းကျွေးတတ်သည်။

ယိမ်းကိုပြောရင်း မေမေပဲ နာနတ်သီးပန်းကန် သွားထုတ်လာ၏။

နက်က ဆိုဖာပေါ် ခြေချိတ်ကာ နာနတ်သီးတစ်ဖဲ့ကို ခက်ရင်းနှင့်ထိုးကော်စားလိုက်သည်။

ထိုအချိန်မှာပင် တံခါးဘဲလ်သံ တီးတောင်လေးက မြည်လာ၏။

ယိမ်း ထိတ်ခနဲ ရင်ခုန်သွားရသည်။

ဒီလို နှစ်ချက်ဆင့်လေး ခပ်ခြားခြားတီးကာတာ ဖေဖေ ဖြစ်ဖို့များသည်။

နက်ကလည်း အသံကို နားစွင့်နေပါသည်။

မေမေ အထဲပြန်ဝင်သွားပြီမို့ ယိမ်းကပဲ တံခါးကို ဖြည်းဖြည်း ဟကြည့်လိုက်သည်။

သံပန်းတံခါး အပြင်ဘက်မှာ ရပ်နေသူက ယိမ်းထင်တဲ့





ကိုင်းပဲ ဖေဖေ ဖြစ်နေသည်။

ဒီနေ့တော့ ကမ်းထရီးရှပ်အပြာနှင့် ဂျင်းဘောင်းဘီနက်ပြာနှင့် လူငယ်စတိုင်လေး ဖြစ်နေသည်။

ယိမ်းကိုတွေ့လျှင် သူက ပြောင်းပြစ်ပစ်လေး မျက်စိတစ်ဖက် မှိတ်ပြ၏။

အမူအရာက ကြည့်ကောင်းပေမယ့် ယိမ်းက မျက်စောင်းထိုးတိတ်၏။ ပြီးလျှင် သော့ယူကာ တံခါးဖွင့်ပေးရင်း

''ယိမ်းတို့အိမ်မှာ ဧည့်သည်ရောက်နေတယ်''

''ဘယ်သူတွေလဲ''

သူက တီးတိုးပြန်မေး၏။

ယိမ်းက မဖြေ။ ဧည့်ခန်းဘက်သာ မချိုမချဉ် မေးဆတ်ပြလိုက်ပါသည်။

ဝေါလ်ကင်းရှူးကို ကြွပြားခင်းပေါ် ချွတ်ရင်း သူက ဧည့်ခန်းဆီ လှမ်းကြည့်သည်။

မှီအုံးနှစ်လုံးဆင့်ကာ လယ်သာဆက်တီမှာ ခေါင်းမတ်လဲလျောင်းရင်း ခြေချိတ်ထားတဲ့ နက်ပုံစံကိုမြင်လျှင် သူ ရုတ်တရက် ကိုယ်ကြီး မတ်ခနဲဖြစ်သွားပါသည်။

နက်က လက်တစ်ဖက်မှာ နာနတ်သီးပန်ကန်၊ တခြား



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှာ တီဗီရှိမှနှင့်။'

နှင်းဆီနက် မျက်လုံးလေးတွေက သူ့ထံ တအံ့တသြ ရွှန်းရီရီလေး ကြည့်မိလျက်သား။

"ဟယ် ရှင်ရောက်လာပြီ ကြည့်စမ်း၊ အခုပဲ နက်တို့က သြအကြောင်း ပြောနေကြတာ"

ခေသြကနေ သြ ဖြစ်သွားလေပြီ။

ခေသြကတော့ မျှော်လင့်မထားတဲ့ အထူးစည့်သည်ကို မြင်လျှင် ပုံစံက ဟန်မဆောင်နိုင်ဘဲ မျက်နှာလေး ခပ်မှုန်မှုန် ဖြစ်သွားလေသည်။

ယိမ်းတို့အိမ်မှာ သူမက သခင်မလေးစတိုင်လ်နှင့် အခွင့်ထူးခံဧည့်သည် ဖြစ်နေပါလား။

ကြည့်မရခြင်းက သူ့ရင်မှာ အလိုလိုရှိနေပြီးသား။

နှင်းဆီနက်ရဲ့ အပြုံးချိုချိုကို သူ မတုံ့ပြန်သဖြင့် နက်က အနည်းငယ် ရှက်အမ်းသွားပါသည်။

ပြီးတော့ ဆက်တီပေါ် လဲလျောင်းရာ အနေအထားမှ ခပ်မတ်မတ် ပြင်ထိုင်လိုက်သည်။

ယိမ်းကတော့ သူတို့နှစ်ဦးကို ရင်တထိတ်ထိတ် စောင့်ကြည့်နေမိသည်။





"ကျွန်တော့်အကြောင်း ဘာပြောတာလဲ ယိမ်း"

ယိမ်းက မဖြေတတ်။

နှင်းဆီနက်ကပင်

"သြ ဘာပြဿနာတွေဖြစ်နေလဲ မသိဘူးလို့ပါ"

"ကျွန်တော်က ဘာပြဿနာဖြစ်ရမှာလဲ"

"ဒါဆို ရှင့်အဘိုးနဲ့ ရန်ဖြစ်တာလား"

ခေသြက နှုတ်ခမ်းတစ်ချက်ကိုက်လျက် ရယ်တော့ရယ်ချင်သွားသည်။

"ဆိုပါတော့"

"အမယ်လေး သြရယ်၊ ဖြစ်စရာရှားလို့ ကိုယ့်အဘိုးနဲ့များ ရန်ဖြစ်ရတယ်လို့နော်၊ ရှင်က တစ်မျိုးပါလား"

"ဟုတ်တယ်၊ ကျွန်တော်က ရန်လိုတယ်၊ တော်ရုံတန်ရုံလူနဲ့ အဆင်မပြေတတ်ဘူး၊ နှင်းဆီနက်လည်း သတိထားပေါ့"

"အို နက်က ရှင်နဲ့ ရန်မဖြစ်ချင်ပါဘူး"

သူက နက်နက် ရှိနေသဖြင့် ဧည့်ခန်းဆက်တီမှာမထိုင်ဘဲ ဝရန်တာဘက်ထွက်ဖို့ ခြေလှမ်းပြင်သည်။

ယိမ်းက အားနာစွာ

"ခေသြ ထိုင်ဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ ဝရန်တာ ထွက်မလို့"

"ဝရန်တာမှာ နေရှိန်သေးတယ်"

ခေြသြက ယိမ်းပြောနေတာပင် ဆက်နားမထောင်ဘဲ ဝရန်တာဘက်ကို ဘန်းထွက်သွားသည်။

ဒီမိန်းမနှင့် မျက်နှာချင်းမဆိုင်ပါဘူးဆိုမှ ယိမ်းတို့အိမ် ပေါ်ကို သူမက ရောက်နေသေးတယ်။

ကျွတ်

နှင်းဆီနက်သည် ခေြသြဇာပုံစံကိုကြည့်ရင်း သူမကို ဘာကြောင့် စိတ်ဆိုးနေပါလိမ့်ဟု စဉ်းစားမရအောင် ဖြစ်သွားသည်။ ခေြသြပုံက နှင်းဆီနက်နှင့် ပတ်ကိုမပတ်သက်ဘဲ ဝေးဝေးရှောင် ပြေးချင်ပုံ ပေါက်နေတယ်မဟုတ်လား။

မာနက ကြီးလှချည်လား။

နက်ကရော ဘာဖြစ်နေလို့လဲ။

နှင်းဆီနက်ရင်ထဲ အောင့်သက်သက် ဖြစ်သွားရသည်။

ဒါပေမဲ့ သူမကလည်း မလွယ်တဲ့အရာမှ ပိုလိုချင်တတ် ၏။

ယိမ်းက နှင်းဆီနက်ထံ အားတုံ့အားနာကြည့်ရင်း "သူ ရှက်နေလို့ဖြစ်မယ်" ဟု ကာကွယ်မိသည်။





နက်နက်က နှုတ်ခမ်းလေးကို မဲ့ပြပြီး

"ဒါကြီးက ရှက်တာလား၊ သိသားပဲ၊ ငါ့ကို အရေး မလုပ်ချင်တာ"

"မဟုတ်ပါဘူး"

"နက်တို့က အဲဒါမျိုးဆို ပိုအသည်းယားတယ်"

"နင်ကလည်း"

နက်လည်း သူ့လိုပဲ ဝရန်တာလိုက်ထွက်မှာပေါ့။ ဘာဖြစ် သေးလဲ။ နက်ကတော့ သူ့အနားကပ်ချင်တာ အမှန်။

နာနတ်သီးယန်းကန်ပြားလေးကိုင်ကာ နက်က ခေြသြရှိရာ ထလျှောက်သွားပါသည်။

ဒီနှစ်ယောက်နှင့်တော့ မလွယ်ပါလား။

ယိမ်းက ကိုယ့်နှလုံးသားတစ်ခုလုံးကို ရက်ရက်ရောရော စတေးပစ်ပြီး သူတို့ချင်း နီးစပ်အောင် ကူညီချင်တာမှန်ပေမယ့် အနေအထားကိုကြည့်ပြီး သူမပင် လန့်သည်။

"သြ"

ခေြသြ လှည့်ကြည့်တော့ နှင်းဆီနက်ပါ သူ့အလိုလို မျက်မှောင်ကုပ်ထားမိသည်။

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''နာနုတ်သီး စားမလားလို့''

''မစားဘူး၊ ကျွန်တော် လုံးဝမကြိုက်ဘူး''

''ဒါဆို ဘာစားမလဲဟင်''

နှင်းဆီနက်က လက်မလျှော့။ ချောမောသန့်ရှင်းလှပ သော သူ့မျက်နှာကို မလွှဲတမ်း မော့ကြည့်နေမိသည်။

''ခင်ဗျားဘာသာ သွားပြန်ထိုင်ပါ နှင်းဆီနက်၊ ခင်ဗျား ကျွန်တော့်ကို ဧည့်ဝတ်ကျေစရာလည်း မလိုဘူး၊ ကျွန်တော်က ဒီအိမ်မှာ ဧည့်သည်လည်းမဟုတ်ဘူး၊ ဒါကို နားလည်ထားပါ''

ဖေသြသည် ခပ်တင်းတင်း ဘုတောလျှင် နက်နက် မျက်နှာလေးနီကာ ဒေါသလည်းဖြစ်သွားသည်။

သူက ဘာမို့လို့လဲ။

နက် အတော်မခံချင်ဖြစ်သွားသည်။

ရုပ်ချောချောလေးနဲ့မှမလိုက် ဘဝင်ကမြင့်လိုက်တာ၊ လေသံက မိုးပေါ်ရောက်နေသည်။

''နက်က ရှင့်ကိုခင်လို့ပါ သြရယ်''

သူမနှုတ်က အောက်ကျို့ပြီး ထပ်ပြောမိသေးသည်။

ဖေသြက သူမကို မထိတရီလေး မျက်လုံးမှေးစင်းကြည့် ကာ





''ခင်မင်ရုံဆိုရင်တော့ အကြောင်းမဟုတ်ပါဘူး၊ ဒါပေမဲ့ ...ကြာ တစ်ဆင့်တက်လာမှာစိုးလို့ပါ၊ ဟက် ဟက်''

''အောင်မယ် ရှင်ကများ''

''ကျွန်တော့်မှာ ချစ်တဲ့ကောင်မလေး ရှိပြီးသား''

''ဘယ်သူကရော ရှင့်ကို စိတ်ဝင်စားလို့လဲ''

''စိတ်မဝင်စားရင် ပြီးတာပဲ၊ ဟုတ်တာပြောမှနာလေ၊ ...ဟုတ်ရင် မနာနဲ့ပေါ့၊ ခင်ဗျားကြည့်ရတာ ရှက်ရမ်း ရမ်းနေသလို ...''

''ရှင် ယောက်ျားဖြစ်ပြီး ရိုင်းလှချည်လား ဖေသြရာ''

နက်နက်က လက်သီးပေါက်ပေါက်ထိုးပြီး ဒေါသတကြီး ...တွယ်လိုက်၏။

ဒီတော့မှ အသာရပ်ကြည့်နေတဲ့ ယိမ်းပါ ဝရန်တာ ပြေး ...ကလာပြီး

''ဟဲ့ ဖေသြ ဘာဖြစ်တာလဲ၊ နက် တိုးတိုးပြောလေ၊ ...မေ ကြားသွားဦးမယ်''

''တောက် သူက ငါ့ကို ဘယ်လိုမိန်းမစား ထင်နေလဲ ...သိဘူး''

''ခင်ဗျားကိုယ်ခင်ဗျား ပိုသိမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့လေ ခေသြရယ်၊ ရှင့်တို့ကလည်း စိတ်ည
ပါတယ်"

ယိမ်းမှာ မဖြန်ဖြေတတ်အောင် ဖြစ်နေရပါသည်။ ဘယ်
လိုက ဘယ်လို အခြေအနေတွေ တင်းမာကုန်သလဲ မသိတော့

ခေသြ မျက်နှာထားက တင်းမာခက်ထန်ပြီး နက်နက်
လည်း ဆွေ့ဆွေ့ခုန်မတတ် ဒေါသထွက်နေတာ။

"မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာကို စော်ကားတယ်
ယိမ်း နင့်လူကို ကြည့်ပြောထား"

"ခင်ဗျားပဲ ကျွန်တော့်နောက်က တကောက်ကောက်
လိုက်ကြည့်ခဲ့တယ်မဟုတ်လား"

"ဘာ"

နက်နက် သူ့ကို နာကြည်းအံ့သြလှစွာ ကြည့်မိ၏။

ဒါ နက်ကို သက်သက်အရှက်ခွဲတာ။ မြတ်နိုးခြင်း
အတူပဲ နက် နှလုံးသားမှာ ဆတ်ဆတ်ခါအောင် နာကြည်းမုန်းမျ
သွားရ၏။

သူပြောရက်လိုက်တာ။ သူ့နှုတ်က ဒီလောက်ထိ ပြော
ထွက်တာကို မယုံနိုင်။

မိန်းမသားတစ်ယောက်ရယ်လို့ အားနာငဲ့ညှာမှုမရှိပါလား





သူဟာ ရုပ်ချောသလောက် ကြောက်စရာကောင်းအောင်
ရင့်သီးလှပါလား။

ဒီအချိန်မှာ နက် သူ့ကို သဘောကျတာ ဝန်ခံရမလား၊
ငြင်းကွယ်ရမလား။

"ခေသြ ရှင် အဲဒီလိုမပြောသင့်ဘူးလေ၊ ရှင့်ကိုခင်မင်လို့
ကြည့်တာ ဘာဖြစ်လဲ"

"မခင်နဲ့၊ သူခင်တာ ကျွန်တော် မလိုချင်ဘူး"

နက်မျက်နှာလေးမှာ အံ့အားတသင့် ရှက်ရွံ့ပူနွေးသွားရ
သည်။

ခင်တာပဲ၊ မခင်ရဘူးလို့။ ကြီးကျယ်လိုက်တာ လွန်ပါ
ရော။

နက်နက် ရင်မှာ မခံချင်စိတ်တွေက ရုန်းကြွလာသည်။
သူ့ကို တစ်ခုခုလုပ်ပစ်လိုက်ချင်သည်။

ပြေးပြီး ထုရိုက်ကုတ်ဆွဲပစ်လိုက်ချင်မိ၏။

"ခေသြ"

"ယိမ်း သူ့ဘက်က ဝင်မပါနဲ့၊ ကျွန်တော် သူဘာဖြစ်ဖြစ်
စိတ်မဝင်စားဘူး၊ သူစိတ်ဆိုးလည်း ဂရုမစိုက်ဘူး၊ စိတ်ထဲရှိသလို
ပြောမယ်ဗျာ ဘာဖြစ်လဲ၊ ကျွန်တော့်ဘက်ကတော့ ဆောရီးပဲ၊



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကြိုပြောထားမယ် ဒေါ်နှင်းဆီနက်၊ ကြိုးစားပမ်းစား ကျွန်တော့်အ
ချဉ်းကပ်ဖို့ ဘယ်တော့မှမတွေးနဲ့''

အောင်မယ်လေးဟဲ့၊ သူကပဲ တစ်ပြန်စီး။

နှင်းဆီနက်က အံကလေးကြိတ်လျက် လက်သီးနှစ်ဖ
တင်းတင်းဆုပ်ထားမိသည်။

နက်ဘဝမှာ ဒီလိုပမာမခန့် အထက်စီးဆန်သော
ယောက်ျားမျိုး တစ်ခါမှမတွေ့ဖူးခဲ့။

သူဟာ နက်ထင်ထားတာနှင့် ပြောင်းပြန်။

အင်မတန် ရိုင်းပျသူပါလား။

''တော် ရှင်ဆက်မပြောနဲ့တော့''

''ခင်ဗျားလို မိန်းမျိုး တစ်သက်လုံး စိတ်မဝင်စားဘ
ဆိုတာ မှတ်ထား''

''ရှင့်ကိုရော ဘယ်သူက စိတ်ဝင်စားပါလို့ ပြောနေ
လဲ၊ သိပ်ဘဝင်တွေ မြင့်မနေနဲ့''

''ဖေသြရယ် တော်ပါတော့''

ယိမ်းက ဝင်ရောက်တောင်းပန်သည်။

ဒီလိုမှ အပြတ်မရှင်းရင် နှင်းဆီနက်က မာယာ
ထုတ်သုံးပြီး သူ့ကို ဆက်လက်တွယ်ကပ်နေဦးမည်။ အဲဒီအ





မိန်းနှင့်သူက ပို၍အလှမ်းဝေးသွားလိမ့်မည်။

ယိမ်းနှင့် အဝေးမခံနိုင်ပါ။

သူတို့နှစ်ယောက်ကြားက ဒီအနေအထားကို သူ ဒီလို
ပြောတာ ဘာမှမမှားဘူးဟု ဖေသြက တွေးသည်။

ယိမ်းမှာတော့ နက်ကို အားနာမျက်နှာပူလှပါပြီ။

ဖေသြကိုလည်း အတော်ကြီး စိတ်တိုမိသည်။

''နက်လည်း လာပါ၊ အထဲဝင်လိုက်နော်''

နက်နက် လက်ကိုလည်း အတင်းအကျပ် ဆွဲခေါ်မိ၏။

သူတို့နှစ်ယောက် ဆက်ပြီး မျက်နှာချင်းဆိုင်နေလျှင်
ပေါက်ကွဲမှုတွေ ဒီထက်ပြင်းထန်လာလိမ့်မည်။

အခုကိုပဲ မထင်မှတ်ဘဲ အပြိုင်ကျဲလိုက်ကြပြီမဟုတ်လား။

''သူက တရားလွန်တာ၊ ယိမ်း မတွေ့ဘူးလား''

''အင်းပါ ဟုတ်ပါတယ် နက်ရယ်၊ သူ စကားပြော
မတတ်တာပါ''

''ဘာမတတ်တာလဲ၊ မတတ်ရင် မပြောနဲ့ပေါ့''

ယိမ်းမှာ နက်နက်ကို မနည်းချော့မော့ ဆွဲခေါ်ရ၏။

ဖေသြ မျက်နှာက ထီမထင်ဟန်နှင့် ခပ်တင်းတင်းပါပဲ။

သူ့ဘက်က မမှားတဲ့အတိုင်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



"သင်းကို ငါ လုံးဝမကျေနပ်ဘူး၊ ကျေကိုမကျေဘူး"

နက်က ပြောရင်း ငိုသံပါလာ၏။

"ငါ ဘယ်လိုမိန်းမလဲဆိုတာ သူ တစ်နေ့သိစေရမယ်"

နက်က ကြိမ်းဝါးနေ၏။

ဖေဩက ယိမ်းနှင့် နက်တို့ဘက် မကြည့်ဘဲ ခြေသံ ပြင်းပြင်းနင်းကာ တံခါးဖွင့်ထွက်ခွာသွား၏။

"နက် ရက်လိုက်တာ ယိမ်းရယ်"

နက်နက်က သူမပခုံးမှာ မျက်နှာအပ်ရင်း ထိုစကားကို ကြေကြေကွဲကွဲ ရေရွတ်လေသည်။

ယိမ်းမှာ မနှစ်သိမ့်တတ်အောင်ဖြစ်ကာ ဖေဩကိုသာ ဒေါသဖြစ်နေမိ၏။

◆ ◆ ◆



BURMESE CLASSIC .com

နှင်းဆီနက်က ပါးပေါ်စီးကျလာသော မျက်ရည်စက်ကို ကြမ်းကြမ်း ဖယ်ရှားပွတ်သုတ်လိုက်ပါသည်။

ဒါ ယောကျ်ားတစ်ယောက်အတွက် ပထမဆုံးကျရတဲ့ မျက်ရည်ပဲ။

ကိုယ့်ရဲ့ နူးနူးညံ့ညံ့ အချစ်ကို သူ့ရဲ့ကြမ်းကြမ်းတမ်းတမ်း စကားများနှင့် တုံ့ပြန်ခံရတာ နက်အသည်းမှာ နာကျင်လှသည်။

သူ ဘာကြောင့် နက်ကိုမုန်းရတာလဲ။

ဘာလို့ ဒီလောက်ထိ ခါးသီးတာလဲ။

နက်လည်း သူ့ကို ဘာမှမလုပ်ရပါဘဲနှင့်။

မတုံ့ပြန်နိုင်ဘူးဆိုလည်း ယောကျ်ားလေးတစ်ယောက် အနေနှင့် အသာကလေး မသိယောင်ဆောင်ပြီး ရှောင်ထွက်လိုက်ရင် ရတာပဲ။

တစ်ခါက နှစ်ခါဆို သူ့ဘက်က အေးစက်နေရင် နက်က



www.burmeseclassic.com

www.burmeseclassic.com



ဘာတတ်နိုင်မှာမို့လဲ။

သူ့ကို ကားတင်ခိုးပြေးမှာမို့လို့လား ကဲ။

တန့်နဲ့တွေးကာ နှင်းဆီနက် ခံပြင်းနေမိ၏။ သူ့စကားတွေ

ဟာ နက်ကို ဘယ်လောက်များ စော်ကားရက်စက်လိုက်သလဲ

အမှတ်မထင် တိုက်ခိုက်ခံရတာမို့ နက် ရှောင်ချိန်မရခဲ့ပါ

သူ့သဘောထားကို လန့်မိတာနှင့်တစ်ပြိုင်နက် စိန်ခေါ်လို

တစ်ရပ်ကလည်း နက်ရင်ထဲမှာ ကြောက်စရာကောင်းအောင် ပေ

ပေါက်လာခဲ့ရသည်။

သူက ငါ့ကို အဖက်မတန်သလိုပြောရအောင် ငါက ဘာ

ဖြစ်နေလို့လဲ။

သူကရော ဘယ်လိုယောကျ်ားမျိုးမို့လို့လဲ။

ဘယ်လောက်ထိ တန်ဖိုးရှိနေလို့လဲ။

သူဟာ နက်နက်ရဲ့ မာနတွေကို ယိမ်းရဲ့အရှေ့မှာ ရိုက်ချိ

နင်းခြေသွားခဲ့တာ။

နက်နက်က သူ့ကို ဘယ်မျှစွဲလန်းရကြောင်း ဘယ်မျှ

နှစ်သက်သဘောရကြောင်းတွေ ယိမ်းထံ အကုန် မချွင်းမချန် ဖွင့်ဟ

ဝန်ခံထားခဲ့မိတာ။

အခုတော့ ယိမ်းရှေ့မှာ သူမရဲ့ အရှက်သိက္ခာတွေ



BURMESE CLASSIC .com



စုတ်ပြတ်ကြေမွသွားရသည်။

ဒါကို နက် ဘယ်လိုကာကွယ် အဖတ်ဆယ်ရမလဲ။

သင်းကို လက်တုံ့ပြန်ရမှာပေါ့။

ဒီအတိုင်းတော့ ခွင့်မလွှတ်နိုင်ပါ။

"နက်ရယ် မေ့ထားလိုက်ပါတော့၊ မနက်စာလည်း နင်

ကောင်းကောင်းထမင်းမစားနိုင်တော့ မေမေတောင် ရိပ်မိသွားတယ်၊

မေသြဇာနဲ့ ဘာဖြစ်ကြတာလဲတဲ့၊ ငါမှာ မနည်းဖေ့လည်ကြောင်

ပတ် လျှောက်ပြောရတယ်"

"နက် စိတ်မကောင်းပါဘူး ယိမ်းရယ်"

"ယိမ်းလည်း သင်းကိုအံ့ပါရဲ့"

"နက်ကတော့ လုံးဝခွင့်မလွှတ်ဘူး၊ သူ့ကို တစ်နည်း

နည်းနဲ့ ပြန်ဂလဲ့စားချေရမှာပဲ"

"ဟယ် မလုပ်ပါနဲ့"

"လုပ်မှာပဲ၊ မလုပ်စေချင်ရင် အဲဒီအကောင်ကို ပြန်တောင်း

ပန်ခိုင်း ဒါပဲ"

နက်ရဲ့ အသုံးအနှုန်းကို ယိမ်းပင်လန့်မိသည်။

အချစ်ကြီးလို့ အမျက်ကြီးသွားခဲ့ပြီလား။

ယိမ်းစိတ်တွေ တင်းကြပ်လေးလံသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



နက်က ဘာတွေလက်တုံ့ပြန်မှာလဲ။

သူမ မျက်ခုံးလှုပ်လှုပ်ပင်။

"သူလည်း ရုတ်တရက်ပြောလိုက်မိတာဖြစ်မှာပါ၊ နင့်ကို တမင်နစ်နာအောင် ရည်ရွယ်တာတော့ ဟုတ်ပုံမရပါဘူး"

"အဲ့မယ် ဘာမရည်ရွယ်တာလဲ၊ မကာကွယ်နဲ့ မရဘူး ငါမကျေနပ်ဘူးလို့ပြောပြီးသား"

"အေးပါ နက်ကျေနပ်အောင် တောင်းပန်ခိုင်းပါ့မယ်"

ယိမ်းက နက်နက်စိတ်ပြေအောင်သာ ပြောလိုက်တာပါ။

တကယ်တမ်း ဟိုခေါင်းမာမာ ဖေသြက မိန်းကလေး တစ်ယောက်ကို ပြန်တောင်းပန်ဖို့ လွယ်ပါ့မလား။

ပင့်သက်သာရှိုက်မိ၏။

သူတို့ကိစ္စ ဖြေရှင်းဖို့မလွယ်ပါ။

နှစ်ဦးကြားက တင်းမာမှုဟာ ယိမ်းထင်တာထက် နက်ရှိုင်း သည်။

"ယိမ်းတော့ စိတ်ရှုပ်ပါတယ် နက်နက်ရယ်၊ ဟိုဘက်က လည်း ကိုတဖောက်ကန်း ဒီဖက်ကလည်း ခေါင်းမာမာတစ္ဆတ် ထိုး၊ ပြေလည်အောင် ဘယ်လိုလုပ်ပေးရပါ့မလဲနော်"

"ယိမ်းနဲ့မဆိုင်ပါဘူး၊ နက်က သူ့ကိုမုန်းတာ"





"သူ့ကိုယ်စား ယိမ်းပဲတောင်းပန်ပါတယ်"

"ဟင့်အင်း ယိမ်းက ဘာလို့တောင်းပန်ရမှာလဲ၊ မလို ပါဘူး"

"နင် အရမ်းနာကြည်းသွားပြီမဟုတ်လား"

"သတ်ချင်နေတာ"

နက်နက်အပြောကြောင့် ခေါင်းတွေပိုပူသွားရသည်။

င်းဆီနက်က မာယာပရိယာယ်ကြွယ်သူမဟုတ်လား။

ခင်မင်လာချိန် သုံးလေးနှစ်အတွင်းမှာ နက်စိတ်ဓာတ်ကို မိမ်း ကောင်းကောင်းသိသည်။

သူက သံတ္တိရှိသလို ဆုံးဖြတ်တဲ့အတိုင်းလည်း ဖြစ်အောင် ပ်တတ်သည်။

"ယိမ်း သူငယ်ချင်းအပေါ် သိပ်မရက်စက်ပါနဲ့ဟာ"

"သူလည်း နက်ကိုမုန်းနေတာပဲ"

"မုန်းတာကြောင့်တော့ ဟုတ်မယ်မထင်ပါဘူး"

တကယ်တော့ ယိမ်းကိုချစ်တဲ့အတွက် ယိမ်းဆီက အချစ် ကိုမရကောင်းလား၊ နက်နက်ဆီလွှဲပေးရမလားဆိုပြီး ဖေသြက ပြီးပေါက်ကွဲခဲ့တာပါ။

ဒီကိစ္စမှာ ယိမ်းလည်းပါတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နက်ခံစားမှုတွေကို ယိပ်းက ရှေ့နေလိုက်ပြ
ပြောပြထားခဲ့မိသည်။

ဒါတွေကြောင့်ပဲ ဇေသြက ပိုပြီး အမြင်ကပ်သွားခဲ့တာ
ယိမ်းလည်း အပြစ်မကင်းသလို ခံစားရပါသည်။

နက်အတွက် ဘာမှမကူညီနိုင်တဲ့အပြင် ပြဿနာဖြ
အောင် ပို၍တွန်းပို့မိသလို ဖြစ်နေပါရောလား။

"နှင်းဆီနက် ဘာလဲဆိုတာ သူသိစေရမယ်၊ နင်စော
ကြည့်လိုက်"

နှုတ်ခမ်းလေးကိုမဲ့လျှက် နက်နက်က ဟန်ပါပါ ကြုံးဝါ
လိုက်တာမို့ ယိမ်း အတော်ပင် ရင်မောသွားရပါသည်။

◆ ◆ ◆



"ဟက်လို"

"ဇေသြ ယိမ်းပါ"

ဖုန်းဆက်ပါလို့ အခါခါပြောတုန်းက လုံးဝဖုန်းမခေါ်။
ဒီနေ့ နှင်းဆီနက်နဲ့ ပြဿနာတက်မှပဲ ယိမ်းဆီက ဖုန်းခေါ်သံကို
ကြားရသည်။

"ဆိုစမ်းပါဦး ယိမ်းဘာလို့ ဖုန်းဆက်တာလဲ"

သူ့အပေါ်လည်း ဇေသြ သိပ်အမြင်မကြည်နိုင်။ ချစ်သူနဲ့
သူငယ်ချင်း ဘယ်သူက ပိုအရေးပါသလဲ ဒီမိန်းကလေးက နားမ
လည်။

ထို့ကြောင့် သူ့အတော် မချင့်မရဲ ဒေါပွမိသည်။ ယိမ်း
အသံကြားလျှင် သူ့ထုံးစံအတိုင်း ရင်ထဲမှာ နွေးခနဲတော့ဖြစ်ရ၏။

"ယိမ်း ဘာလို့ဖုန်းဆက်တာလဲ ဇေသြသိမှာပါ"

"ဟိုမိန်းမကိစ္စလား၊ ကျွန်တော် နားမထောင်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နက်နက်က ရှင်ထင်သလိုမဟုတ်ပါဘူး ခေသြရယ် သူ့ခမျာ အမြဲတမ်း အထီးကျန်ပြီး အားငယ်နေတာပါ၊ ခေသြ အဲလိုပြောလိုက်တော့ ဘယ်စိတ်ကောင်းမလဲ၊ သူ အရမ်းခံစား တယ်၊ ရှက်လည်းရှက်သွားတယ်၊ သနားပါတယ်၊ ရှင် သူ့ကို နည်းနည်းပါးပါး နားလည်ပေးနိုင်ရင် ဒီလိုပြောရက်မှာ မဟုတ်ပါ ဘူး"

ယိမ်းမိုက လေသံပျော့ပျော့လေးနှင့် သူ့ကို ရှင်းပြနားဝင် စေပါသည်။

တစ်ဖက်က ခေသြဇာကတော့ မျက်နှာကြီးရှုံ့ထားမိသည်။

သူ့ဖက်ကလည်း ရှုံ့ရှုံ့ရှားရှားနှင့် နည်းနည်းလွန်သွား တာတော့အမှန်။

တကယ်ဆို နှင်းဆီနက်ဖက်က လွန်လွန်ကျူးကျူးကြီး ဘာမှ အနှောင့်အယှက်ပေးသေးတာမှ မဟုတ်တာလေ။

သူက ယောက်ျားလေးဖြစ်ပြီး ဆတ်ဆတ်ထိမခံဆိုတဲ့ ပုံ ဖြစ်သွားသည်။

ပြန်တွေးပြီးတော့ ခေသြလည်း အနည်းငယ် ရှက်နေမိ သည်။

"ပြီးတာပြီးပြီလေ ကျွန်တော်က ဘာလုပ်ပေးရမှာလဲ"





"ခေသြ နက်နက်ကို တောင်းပန်သင့်တာပေါ့"

"ဟာ ဘာလို့တောင်းပန်ရမှာလဲ"

"တစ်ဖက်သား မိန်းကလေးအပေါ် ငဲ့ညှာတဲ့အနေနဲ့ပေါ့"

"သူ့ရောင့်တက်မှာပေါ့"

"ခေသြရယ် ရှင်ဘာလို့ သူ့ကို ပစ်ပစ်ခါခါ ဆက်ဆံရ တာလဲ၊ ရှင့်ဖက်ကမှားတာပဲ၊ ရှင်တောင်းပန်ရမှာပေါ့"

"မှားတယ်လို့တော့ ကျွန်တော်မတွေးပါဘူး"

"ဒါပေမဲ့ ရှင်လွန်တယ်လေ"

"ယိမ်းက သိပ်အကဲပါတာပဲ၊ သူ့ဖက်ကပဲ ရှေ့နေလိုက် တယ်၊ ကျွန်တော့်ခံစားချက်ကို ဘယ်တော့မှ ထည့်မတွက်ဘူး"

သူက ကလေးဆိုးကြီးပမာ ကပ်သီးကပ်သပ်ဆိုလေ သည်။

"နက်နက်က ယိမ်းတို့မိသားစုရဲ့ ကျေးဇူးရှင်လေ ခေသြ ရယ်၊ ရှင့်ကို ပြောပြထားပြီးသားပဲ"

"အဲဒါကြောင့် ခင်ဗျားက ကိုယ့်နှလုံးသား ကိုယ့်အချစ် ကို စတေးပြီးတော့ ကျေးဇူးဆပ်မယ်ပေါ့၊ ကျွန်တော်က ပေးဆပ် ရမယ့် ရုပ်ဝတ္ထုကြီးမဟုတ်ဘူးလေ၊ ခေသြက လူသားတစ်ယောက် ပါ၊ ယိမ်းကို အသည်းနှင့်အောင် ချစ်နေရတဲ့လူပါ၊ ဂျပန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



မသွားခင် အချိန်ကတည်းက ကျွန်တော် ယိမ်းကို အရမ်းချစ်နေ တာ၊ ဒါကိုသိရဲ့သားနဲ့ ယိမ်းက ရက်စက်ချင်တာကိုး၊ ဒါကြောင့် လည်း နှင်းဆီနက်ကို ကျွန်တော် ပိတ်ပြောပစ်လိုက်တာပေါ့၊ တစ် ရှင်းသွားလို့"

"ယိမ်းကြောင့် ဒီလိုလုပ်စရာလား ခေသြရယ်၊ ပြေပြေ လည်လည်ဖြစ်အောင် ဖြေရှင်းလို့ရတာပဲ"

"ခင်ဗျားက သိပ်ပျော့ညံ့တယ် ယိမ်းလေးရဲ့၊ ကျွန်တော် စိတ်မရှည်တော့ဘူး"

"အခု နက်နက်က ရှင့်ကို စိတ်နာသွားပြီ"

"အဲဒါပိုကောင်းတယ်"

"ခေသြကလည်းနော်၊ ဘယ်လိုပြောနေတာလဲ၊ ကိုယ့် ကြောင့် သူတစ်ပါး စိတ်ဆင်းရဲရတာ ဘယ်ကောင်းမလဲ၊ ရှင် နက်နက်ကို တောင်းပန်လိုက်ပါ"

"နိုး"

"ဘာနိုးလဲ ခေသြနော်၊ အဲဒါဆို ခေသြကို ယိမ်း မုန်းမိလိမ့်မယ်"

"အား အဲဒါတော့မဖြစ်ဘူး၊ ယိမ်းချစ်မလားပြော၊ ယိမ်း အဖြေပေးမယ်ဆိုရင် ကျွန်တော်သူ့ကို တောင်းပန်လိုက်မယ်"





"ရှင်အကြပ်ကိုင်တာပဲ တော်ပြီ"

"နေပါဦး ဖုန်းမချပါနဲ့ဦး"

"ရှင်နဲ့စကားပြောရတာ ယိမ်း စိတ်ရှုပ်လာပြီ"

"ကျွန်တော်က ယိမ်းအသံလေးကြားရတာ ပျော်တောင် ပျော်တယ်၊ အခုကိုပဲ အရမ်းတွေ့ချင်လာပြီ"

"ဘာတွေ့ချင်တာလဲ၊ အိမ်မလာနဲ့တော့"

"ဘာဖြစ်လို့လဲ ဟား ဟား၊ ဟိုနေ့က လန့်သွားလို့လား၊ ဒီတစ်ခါဆို ဖက်ထားပစ်လိုက်မယ်"

"အံမယ် လူကိုဘာမှတ်နေလဲ၊ ဒီတစ်ခါဆို ခေသြမလွယ် ဘူး"

"ချစ်လို့ပါယိမ်းရယ်၊ မှားမှားမှန်မှန် ကျွန်တော်လုပ်မိသမျှ ဟာ ယိမ်းကိုချစ်လို့ပါပဲ၊ အဲဒါကို နားလည်ပေးပါ"

"ရှင်လည်း နက်နက်ကို နားလည်ပေးလိုက်ပါ"

"ကျွတ်...လာပြန်ပြီ"

"တောင်းပန်မယ်ဆို"

"ယိမ်း အဖြေပေးလေ"

"ရှင် မနက်ဖြန် တောင်းပန်လိုက် ဒါပဲ"

"ဒါဆို အခုအဖြေပေး ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မပေးပါဘူး၊ တော်ပါ နောက်ဆို ရှင်အဲလိုမစဉ်းမစား နဲ့ အရမ်းကြီး ပစ်ပစ်ခါခါမပြောပါနဲ့"

"ဆောရီးပဲယိမ်းရာ၊ သူ့ကိုမြင်လိုက်တာနဲ့ စိတ်ကတိုလာ တာကွ၊ မတတ်နိုင်ဘူး တကယ်ဆို ကျွန်တော် ယိမ်းကို အရှ လွမ်းလို့လာခဲ့တာပါ၊ အေးအေးဆေးဆေး စကားပြောမယ်ဆိုပြ ကျွန်တော်က အိပ်ပေါ်တက်လာတာ"

"အင်းလေ ဘာပဲဖြစ်ဖြစ် နောက်ဆို ဆင်ခြင်သတိထား ပါ ဓေသြရယ်နော်"

ချစ်သူလေးရဲ့ စကားကို နားခံချင်၍ ဓေသြက ဆိတ်ဆိ နေလိုက်ပါသည်။

ဘာမှပြန်အတွန့်မတက်တော့ပေ။

နှင်းဆီနက်ကို တော်င်းပန်ရမည်ဆိုလျှင်တောင် အဲဒါဟ ယိမ်းမျက်နှာကြောင့်ပါ။

ယိမ်းကတောင်းဆိုနေလို့ပါ။

ဓေသြဘာသာဆိုရင်တော့ ထိုမိန်းမကို တစ်သက်လုံ မတောင်းပန်နိုင်ချေ။

သူ့အပြစ်နဲ့သူပဲ။

ယိမ်းစကားကြောင့်သာ ဓေသြ၏စိတ်တွေက လှုပ်ရှ





ဘပြီး ယိမ်းအလိုကိုလိုက်ချင်မိတာ။

သူ့ဘဝရဲ့ အရာရာဟာ ယိမ်းပဲဖြစ်သည်။

ယိမ်းနှင့် ဘယ်နည်းနှင့်မှ အဝေးမခံချင်။

သူမအထင်သေးမှာ စိတ်ပျက်သွားမှာကိုလည်း သူ ကြောက်သည်။

နှင်းဆီနက် သူ့ကို ဘယ်လိုထင်ထင် အရေးမကြီးပေမဲ့ ယိမ်းအနေနှင့် အထင်မှားလို့မဖြစ်ပါ။

သူဟာ ခက်ထန်ရိုင်းပျသော ယောကျ်ားတစ်ယောက် တော့ မဟုတ်ပါ။

ဒါကို ယိမ်းသိထားမှဖြစ်မည်။

"ဓေသြ ယိမ်းပြောတာကြားရဲ့လား"

"ကြားပါတယ်"

"ယိမ်းက ဓေသြ သူများအမုန်းမခံရအောင်လို့ပါ"

"သူမုန်းလည်း အရေးမကြီးပါဘူး"

"ယိမ်းပြောတာ နားမလည်သေးဘူးလားဟင်၊ နက်နက် က ဓေသြထင်သလို မဟုတ်ပါဘူးဆိုတာ၊ သူလည်း သူ့မာနနဲ့ ဓေသြကြောင့် အရှက်ရရင် ဘယ်ကောင်းမလဲ၊ ကြုံရင် ပြေပြေလည်လည် တောင်းပန်လိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com

"ကြုံမှမဟုတ်လား"

"အို ဒါက စကားအဖြစ်ပြောတာ၊ မြန်မြန်ကြေအေးသွား တော့ ဓေဒြအတွက် ပိုကောင်းတာပေါ့၊ မျက်နှာပူရင် ဖုန်းထဲက တောင်းပန်လိုက်လေနော်"

ယိမ်းအကြံပေးတာ မဆိုးပါ။

မျက်နှာချင်းဆိုင်မိရင် သူ့ရဲ့ မထီမဲ့မြင်ပုံစံကို ပြင်နိုင်ဖို့ မလွယ်ဘူးလေ"

"ကျွတော်ကတော့ စိတ်ကူးမရှိဘူး၊ ယိမ်းပြောနေ သာ"

ယိမ်းက ဓေဒြမငြင်းတာကိုပဲ စိတ်အေးသွားရသည်။

နစ်နစ်နာနာ ပြောခံရတဲ့ကိစ္စ နက်နက်ဖက်က ခုထိ ခံစား နာကျင်နေတုန်းပဲမဟုတ်လား။

ဓေဒြတောင်းပန်လိုက်ရင် စိတ်ပြေနိုင်ကောင်းရဲ့လို့ တွေး မိလို့ပါ။

◆ ◆ ◆



ကော်ဖီဆိုင်ရှင်းရှင်းလေးထဲ ထိုင်ပြီးတာနှင့် နှင်းဆီနက်က သူလွယ်လာတဲ့ အနက်ရောင် ပြောင်လက်လက်ပိုက်ဆံအိတ်ကို စားပွဲပေါ် အသာအယာ ဖြုတ်တင်လိုက်ပါသည်။

စတော်ဗယ်ရီရောင်ဖျော့ဖျော့ နှုတ်ခမ်းဆိုးဆေး ရွှဲရွှဲစိုစို လေးနှင့် သူ့မျက်နှာ အသားဖြူဖြူဝင်းဝင်းက ကြည့်ကောင်းလွန်းလှ သည်။

Gucci မျက်မှန်နက်ကလေးကိုပါ ဖြုတ်၍ တီရှပ်အနက်ရဲ့ ရင်ဘတ်မှာ ချိတ်လိုက်လျှင် လှပစူးရှသော မျက်လုံးလေးတွေကို မြင်လိုက်ရပြီ။

နက်မျက်လုံးထဲမှာ မခိုးမခန့်ရိပ်ကလေးတစ်ခုက အမြဲရှိ နေတတ်သည်။

ဒီနေ့တော့ တီရှပ်အနက် ဂျင်းဘောင်းဘီအကျပ် နက်နက် နှင့် နှင်းဆီနက်တစ်ကိုယ်လုံးမှာ ထုံးစံအတိုင်း နက်မှောင်နေပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကုလားထိုင်မှာ ခြေချိတ်ထိုင်နေတဲ့ စတိုင်လ်လေးအ
ကျော့ဖတ်နေ၏။

ယိမ်းကတော့ ဒီနေ့ ခပ်အိုက်အိုက်ရှိတာမို့ ချည်သားဂါဝ
ပန်းရောင်နှင့် အဖြူကွက် ရှင်းရှင်းလေးကိုသာ ဝတ်ထားသည်

ဆံပင်ထိပ်မှာ ပန်းရောင် ဖန်စီကလစ်လှလှလေးကို နှစ်
ဆင့်ကာတပ်ထားသဖြင့် မျက်နှာလေးမှာ ကလေးဆန်စွာ အပြ
ကင်းနေ၏။

လေဒီရှူးပန်းရောင်နှင့် ခါးပတ်ပန်းရောင်နှင့် ဆော
စတိုင်လ်ဖြစ်ပြီး နက်လို လေဒီစတိုင်လ် မပီပြင်ချေ။

ဒါပေမဲ့ လေဒီရောဘောဒီလေးပါ အိုက်စ်ကော်ဖီတော
အကြိုက်တူပါသည်။

ယိမ်းက ဖန်ခွက်ထဲက ရေခဲတုံးကြည်ကြည်လေးတွေက
ပိုက်နှင့်ဆော့ကစားနေမိသည်။

"ယိမ်း"

"ဟင်"

"နင်ရင်ခုန်ဖူးလား"

"ဘာရယ်"





"ယောကျ်ားလေးတစ်ယောက်အတွက်နဲ့ ရင်ခုန်ဖူးလား
ဒေ့"

ယိမ်းမျက်နှာလေးက ပြုံးစိစိဖြစ်သွားရပြီး

"ဘာတွေဖြစ်လာပြန်ပြီလဲနက်ရယ်၊ အထူးအဆန်းတွေ
ာမေးနေတယ်"

"ငါလည်း ထူးဆန်းနေတာပဲ၊ မုန်းတာကသပ်သပ် ရင်
န်တာကသပ်သပ် ဖြစ်နေတယ်"

"ရူးပ်နေပြီ နက်ရဲ့"

"ဖေသြ ငါ့ဆီဖုန်းဆက်တယ်"

"ဟုတ်လား"

ယိမ်းမျက်လုံးလေးဝိုင်းကာ အံ့သြပျော်ရွှင်သွားရပါသည်။
သူ ယိမ်းစကားနားထောင်သားပဲ ဟုလည်း ရင်မှာပီတိ
ဖြာသွားရသည်။

"ဘာတဲ့လဲ"

ယိမ်းက မသိအောင်ဆောင်၍ ပြန်မေးလိုက်၏။

"ဟိုနေ့က သူလွန်သွားရင် ဆောရီးပဲတဲ့၊ ငါ့ကို ပြေပြေ
ည်လည်တောင်းပန်ပါတယ်"

"ကဲ အခုတော့ နင်ကျေနပ်သွားပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မကျေနပ်ပါဘူး ဆက်နားထောင်ဦး"

နက်ပြောပုံကြောင့် ရင်ထိတ်ရပြန်၏။

"ဒါပေမဲ့ ထပ်ပြောသေးတယ်၊ သူ့ကိုတစ်သက်လုံး မမျှော်လင့်ပါနဲ့တဲ့၊ သူ့နှလုံးသားထဲမှာ စွဲစွဲနစ်နစ်ချစ်ရတဲ့ မိန်းက လေးတစ်ယောက် ရှိပြီးသားမို့လို့တဲ့၊ သူက ငါ့ကို သိပ်လျှော့တွက် နေတယ်၊ ငါကလည်း မမျှော်လင့်နဲ့ဆိုမှ ပိုပြီးမျှော်လင့်လာတယ် ငါ့မာနကို စိန်ခေါ်လိုက်တာပဲလေ"

"ဖြစ်ရပြန်ပြီ နက်ရယ်"

"အမြင်ကပ်တာနဲ့ ဒီမနက် ဖေဖြေတို့လမ်းထိပ်က သွား စောင့်နေလိုက်တယ်၊ ဆယ်နာရီလောက်မှာ သူထွက်လာတယ်"

"ဘယ်သွားတာလဲ"

"သင်တန်းတစ်ခုကိုသွားတာ မြို့ထဲမှာပဲ၊ အေဇက်(A JAPAN LANGUAGE)တဲ့"

"ဩော် ဟုတ်မယ်၊ သူဂျပန်စာသွားသင်နေတယ်လို့ ပြောတယ်၊ အချိန်ပိုင်းဆရာပေါ့"

"ဒါကြောင့်ထင်တယ် သပ်သပ်ရပ်ရပ်လေးနဲ့ ဂျင် တဲလ်မင်းနံစတိုင်လ်နဲ့သွားတာ"

နက်နက်ကြည့်ရတာ ဖေဖြေတောင်းပန်လိုက်တော့ စိတ်





ဆွ ပြန်လည်လာပြန်ပြီထင်ပါရဲ့။

ပြောပုံက စိတ်ဝင်တစား။

ယိမ်းမှာ ကြိတ်ပြီး ပင့်သက်ဖြာရပြန်၏။

တောင်းပန်လိုက်ပြီဆိုတော့လည်း နောက်တစ်မျိုး။

နက်နက်တစ်ယောက်ကြောင့် ရင်မောရပါရဲ့နော်။

"နက် လိုက်ကြည့်တာ သူသိသွားလား"

"မသိပါဘူး"

"ကိုယ့်ကို ဂရုမစိုက်လည်း မေ့လိုက်ပါလားနက်ရယ်"

"မမေ့နိုင်ပါဘူး၊ ငါ့ သူ့ဆီက ရစရာတွေရှိတယ်"

"နက်နက်ရယ်"

"သူ့ဒီနေ့ ဆံပင်ပုံစံလေး အရမ်းမိုက်တယ်၊ နဖူးပေါ်မှာ အမျှင်သေးသေးလေးတွေချထားတဲ့ ပုံစံလေး၊ နှာတံကစင်းနေတော့ အဲဒီဆံပင်နဲ့သူနဲ့ သိပ်လိုက်တာပဲ၊ ကိုရီးယားမင်းသား ဘယ်သူလဲ၊ နာမည်မေ့နေပြီ မျက်ဝန်းရိပ်ကားထဲမှာပါတဲ့ တစ်ယောက်လေ၊ အဲဒီတစ်ယောက်နဲ့ ခပ်ဆင်ဆင်လေး"

နက်စကားကိုနားထောင်ရတာ ယိမ်းအတွက် စိတ်မသက် သာ။

ဇာတ်လမ်းကတော့ ပြန်စနေပြီ။ လက်မလျှော့သေးတဲ့ပုံ



www.burmeseclassic.com

www.burmeseclassic.com



စံ။

"သူထက်ချောတဲ့သူတွေ ပြည့်လို့ပါနက်ရယ်၊ ကိုယ့်က ချစ်တဲ့သူပဲ ကိုယ်ရွေးစမ်းပါ"

ယိမ်းက အားမလိုအားမရ တိုက်တွန်းသည်။

နက်ကိုကြိုက်တဲ့သူ စိတ်ဝင်စားတဲ့သူတွေပုံလို့ပါ။ နက် အနေနှင့် ဒီလိုအောက်ကျခံစရာ ဘာအကြောင်းမှမရှိဘူးလေ။

"ငါမခံချင်လို့ပါ ယိမ်းရဲ့၊ သူတစ်နေ့ ငါ့အကြောင်း သိကိုသိရမယ်"

"ပြောမရရင်လည်း မတတ်နိုင်ဘူး"

နက်နက်က နှုတ်ခမ်းလေးတစ်ချက်မဲ့၏။

သူကြည့်ရတာ အရှုံးပေးနောက်ဆုတ်မည့်ပုံမရချေ။

ပြဿနာတော့တက်ဦးမှာလားမသိ။

ခေသြကလည်း နက်နက်ကိုဆို အပြစ်မြင် အထင်သေး ပြီးသား။ သူ့စိတ်ပြောင်းဖို့ဆိုတာ လွယ်ပါ့မလား။

ယိမ်းတော့ ခပ်လန့်လန့်ပင်။

သူတို့ ဘာဆက်ဖြစ်မလဲဟု ယိမ်း စိုးရိမ်လာသည်။

ကြားထဲက မျက်နှာပျက်ရ၊ စိတ်ညစ်ရမှာက ယိမ်းပဲလေ။

နက်နက်ကိုလည်း ချော့မော့ဖျောင်းဖျလို့မရ။





ခေသြကလည်း စိတ်လိုက်မာန်ပါ ပြောချင်ရာပြောတတ် တဲ့လူစား။

"သူ့နောက်တော့ ဆက်မလိုက်ပါနဲ့ နက်ရယ်၊ နင့်ကို အထင်သေးမှာစိုးလို့ပါ"

"ငါလည်း နည်းဗျူဟာပြောင်းဖို့ စဉ်းစားထားပါတယ်"

"ဘယ်လိုလဲ"

"ယိမ်းအကူအညီတော့လိုတယ်"

"ဘုရားရေ ငါက ကူညီရမယ်"

"ဟုတ်တယ် နက် သူ့ကိုပဲ ရအောင်ယူချင်တယ်"

ယိမ်း နက်ကို လန့်များပင်လန့်လာပါသည်။

သူ့ရဲ့ရဲတင်းမှုကို လိုက်လို့မမှီ။ ခေသြ ဒီလောက်ပြောနေ တဲ့ကြားက ရှေ့ဆက်ဦးမည်တဲ့။

"ငါ့ကို စိတ်ဝင်စားလာအောင် ငါကြိုးစားမယ်ယိမ်း"

နက်က ပြတ်ပြတ်သားသားထပ်ပြော၏။

"သူ့ကို မသိမသာလေးနဲ့ နက်ဖက်ပါအောင် ဆွဲဆောင် မှာပဲ၊ သူက ယိမ်းကိုခင်တော့ ယိမ်းနားကိုလာနေမှာပဲလေ၊ ယိမ်း အနားမှာ နက်ရှိနေရင် သူဘာတတ်နိုင်မှာလဲ၊ သူ့ကိုဖြေးဖြေးခြင်း သံယောဇဉ်တွယ်လာအောင် လုပ်မှာပေါ့၊ အရင်လို သိသိသာသာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး နက်မလုပ်ပါဘူး၊ စိတ်ချ သေသေချာချာ အကွက်ချပြီး ကြိုးစားမှာပါ၊ သစ်တုံးဆိုရင်တောင် နှဲ့ပါများရင် နှဲ့သေးတာ သူက သစ်တုံးတော့မဟုတ်လောက်ပါဘူး ဟား ဟား ဟား"

နှင်းဆီနက်က ခပ်ပေါ့ပေါ့လေးရယ်လိုက်သော်လည်း ယှိမ်းမှာ ရောမရယ်နိုင်ဘဲ ရင်ထဲ တင်းကြပ်လေးလံသွားရပါသည်။

◆ ◆ ◆



ဓေသြရောက်လာတဲ့ညနေခင်းမှာ ယှိမ်းနဲ့နဲ့မိုက ရေချိုး ပြီးစ ရှင်မတောင်သနပ်ခါးလေး လိမ်းထားတာပင် မခြောက် တခြောက်နှင့် ရှိနေပါသေးသည်။

ရင်ဘတ်မှာ ပန်းထိုးထားသော ပိုးသားဂါဝန် ပန်းဖျော့ လေးနှင့် ရေစိုဆံပင်လေးတွေကိုလည်း ဖားလျားချထား၏။

ဓေသြက ယှိမ်းကိုတွေ့တာနှင့် ရှန်းရှန်းစားစား မျက်လုံး တွေနှင့် ငေးငေးရီရီ စူးစူးနစ်နစ် စိုက်ကြည့်ပါသည်။

သူ့အကြည့်ညှို့ရီရီကြောင့် ယှိမ်းပါးလေးတွေပင် နွေးသွား သည်။

"ဘာကြည့်နေတာလဲ မိုးတိုးမတ်တပ်နဲ့၊ သွားထိုင်လေ"

"ကြည့်တာလား ယှိမ်းက ကြည့်လို့ကောင်းလို့ပါ"

"ဓေသြနော်"

ယှိမ်းက မျက်စောင်းနုနုလေးထွယ်လိုက်သည်။ မထိတထိ



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားလေးတွေကြောင့် ယိမ်းနှလုံးသားတွေ မလှုပ်ရှားချင်ဘူးလေ။

"ဘာလုပ်နေတာလဲ ဝရန်တာမှာထိုင်ရအောင်"

"ကော်ဖီဖျော်မလို့ပါ"

"ဟာ မသောက်တော့ဘူး၊ ကျွန်တော်က ဗိုက်ဆာနေတာ"

"ဒါဆိုဘာစားမလဲ၊ မေမေက ဟင်းချက်တုန်းရှိသေးတာ"

"ထမင်းမစားချင်ပါဘူး ကျွန်တော်စားချင်တာ မြီးရှည်"

"မြီးရှည်စားချင် မေမေ့ကိုပြောတာမဟုတ်ဘူး"

"အပြင်မှာသွားစားမယ်"

"မေမေက သူချက်ထားတဲ့ ထမင်းဟင်းတွေမစားရင် စိတ်ဆိုးမှာပေါ့"

"အန့်တီ့ကိုမပြောနဲ့ပေါ့ကွာ ရပါတယ်"

ဧသြက ယိမ်းနှင့် အပြင်ထွက်ချင်တာကြောင့် တမင်အကြောင်းပြလိုက်တာပါ။

ခုတစ်လော သူမက ရှောင်ဖယ်တတ်လွန်းလို့။

"ယိမ်းတို့ နှစ်ယောက်တည်းသွားမှာလား"





"ဒါပေါ့ ခင်ဗျားက ဘယ်နှစ်ယောက်သွားချင်သေးလို့လဲ"

"နက်နက်"

"တော် တော်၊ ဒီနာမည်ထည့်မပြောနဲ့"

"သူက ဧသြနဲ့ အပြင်သွားရင်ခေါ်ပါတဲ့၊ သူလည်းလိုချင်နေတယ်တဲ့"

"ဟာကွာ ဘာလို့ခေါ်ရမှာလဲ"

"သူသိရင် ယိမ်းကို စိတ်ဆိုးမှာပဲ"

"ဒီမိန်းမ နေရာတကာပါချင်တယ်ကွာ၊ ဘာကြီးမှန်းလည်းမသိဘူး"

"အခု ဧသြတို့ ပြေလည်သွားပြီမို့လား"

"မပြေလည်ပါဘူး ဘယ်သူပြောလဲ"

"နက်က ဧသြဖုန်းဆက်တယ်လို့ ပြောပါတယ်နော်"

"အဲဒါဘာဆိုင်လဲ၊ သူ့ဆီ အလကားဆက်တာမဟုတ်ဘူး၊ ကျွန်တော်က ယိမ်းပြောလွန်းလို့ပါ"

ဧသြစာနှင့် ယိမ်းမိုမိုသည် ဝရန်တာလေးမှာထွက်ထိုင်ရင်း နက်နက်အကြောင်းကိုပြောမိကြသည်။

ဧသြကြည့်ရတာ နက်နက်ကို ခေါ်ချင်ပုံမရပါ။



www.burmeseclassic.com

www.burmeseclassic.com



နက်နက်ဖက်က အသည်းအသန်။

နက်သည် သူ့ကို မာယာပရိယာယ်တွေနှင့် ဆက်လက်ချဉ်းကပ်သွားဖို့ အစီအစဉ်ရှိနေကြောင်း သူလုံး၀ မရိပ်မိချေ။

ယိမ်းလည်း သူ့ကို ဘယ်လိုကြိုအသိပေးလို့ ဖြစ်ပါ့မလဲ။

ဖေသြမျက်လုံးတွေကတော့ ယိမ်းမျက်နှာလေးဆီမှာသာ ရစ်ဝဲနေပြီး

''ဆံပင်တွေစိုနေတယ် ခြောက်အောင်သုတ်ဦးလေကွာ''

''ရပါတယ်''

သူက ယိမ်းဆံနွယ်လေးတွေကို တယုတယ ကိုင်ကြည့်တော့မလိုပင်။ ယိမ်းလည်း သူ့ပုံစံကြောင့် အနေခက် ရှက်ရွံ့သွားမိသည်။

အဝတ်လှမ်းစင်ပေါ်လှမ်းထားတဲ့ သဘက်အဖြူတစ်ထည်ကို သူဆွဲယူကာ ကိုယ်တိုင်သုတ်ပေးဖို့ပြင်တော့ ယိမ်း မျက်လုံးလေးဝိုင်းသွားရင်း

''ဟယ် ယိမ်းကိုပေးလေ၊ ယိမ်းဘာသာသုတ်ပါ့မယ်''

''ကျွန်တော်သုတ်ပေးလို့မရဘူးလား''

''မရဘူး''

''ဘာလို့လဲ''





''သူများတွေ တစ်မျိုးထင်မှာပေါ့၊ မေမေမြင်သွားရင်လည်း မကောင်းဘူးလေ''

မေမေက ခုတောင် ခဏခဏရောက်လာတတ်တဲ့ ဖေသြကို အကဲခတ်ပြီး သမီးနဲ့ကြိုက်နေပြီလားမေးနေတာ။

သူ့ပုံစံကလည်း သိပ်သိသာတာကိုး။

''အန်တီဆီမှာ သမီးတောင်းရတော့မှာပဲ''

''လျှောက်မပြောနဲ့နော်''

''ယိမ်းရယ် ကျွန်တော့်ကိုလက်ခံပါ၊ ယိမ်းကို ကျွန်တော်လက်ထပ်ချင်တယ်''

သူက လက်ထပ်ချင်တယ်အဆင့်ထိပင် တက်လာပါပြီ။

''အိမ်မှာလည်း ကျွန်တော်ကြေငြာထားလိုက်ပြီ''

''ဘာ့ရယ်''

''မိန်းမတောင်းပေးဖို့ ပူဆာလိုက်တာ ဟဲ ဟဲ''

ဖေသြက တကယ်လည်း အိမ်မှာ ဖေဖေနှင့်တိုင်ပင်ထားဦးပါပြီ။

မေမေတို့ကလည်း သူ့သဘောဆန္ဒကို မကန့်ကွက်ပါ။

ဂျပန်တစ်ခေါက်ထွက်ချင် ထွက်ပါဦးလား ပြောတာကိုပင် သူမစောင့်နိုင်။



www.burmeseclassic.com

www.burmeseclassic.com


မေမေကတောင် သူ့ကိုရယ်နေတာ။ သူ့နှုတ်ဖျားက ယိမ်း ယိမ်းနှင့် ချစ်စနိုးခေါ်နေမိတာလေ။

"ယိမ်းတို့နှစ်ယောက် မဖြစ်နိုင်ဘူးထင်တယ် ဧဩ ရယ်"

"ဘာလို့မဖြစ်နိုင်ရမှာလဲ"

ယိမ်းမိုက ပြောရခက်သလို ပင့်သက်ကလေးသာရှိုက် သည်။

နက်နက်ချစ်တဲ့သူ့ကို ယိမ်းဘယ်လိုလက်ခံရမလဲ။ ယိမ်း ဖက်က ရင်နင့်နင့်နဲ့ပဲ ငြင်းဆန်ရတော့မှာပါ။

ဧဩကတော့ မျှော်လင့်ချက် ထက်ထက်သန်သန်ဖြင့် ယိမ်းမျက်လုံးထဲ စူးစိုက်ကြည့်နေမိသည်။

နှင်းဆီနက်ကိုလည်း သူပြောထားပြီးပြီ။

ဒါကိုပင် ယိမ်းက အားနာထောက်ထားနေဦးမည်ဆိုလျှင် သူလက်မခံနိုင်တော့။

ဒီနေ့ ယိမ်းဆီက အဖြေရအောင်တောင်းဖို့ ဧဩ ဆုံးဖြတ် ထား၏။

"ကျွန်တော်ကိုလက်ခံဖို့ ဘာတွေအခက်ရှိနေလဲ ယိမ်း ပွင့်ပွင့်လင်းလင်းပြောစမ်းပါ၊ အန်တီသဘောမတူဘူးလား၊ အဲဒါဆို






ကျွန်တော်ခွင့်တောင်းမယ်"

"အို မဟုတ်ပါဘူး"

"ကျွန်တော့်ဆီမှာ ယိမ်းမကြိုက်တဲ့အချက် ဘာရှိလဲ"

ယိမ်းကမဖြေ။ သူ့ဆီမှာ ယိမ်းမကြိုက်နိုင်တဲ့ အပြုအမူ တွေ ရှိကောင်းရှိနိုင်ပါသည်။ သို့သော် ဒါတွေဟာ အချစ်မှာ အချက်တွေမဟုတ်ပါ။

"ရှိရင်ပြင်မယ် ယိမ်း၊ ခင်ဗျားသာပြော အားလုံးဖြစ်စေ မယ်"

"ယိမ်းပြောချင်တာကတော့ နက်နက်ကို အလိုက်အထိုက် ခင်မင်မင်လေး ဆက်ဆံပေးဖို့ပါပဲ"

"သူ ဘာရည်ရွယ်တယ်ဆိုတာ ယိမ်းသိသားနဲ့ကွာ"

ဧဩ သူမကို အတော်လေး စိတ်မရှည်ဖြစ်လာသည်။

"ကျွန်တော် လိုက်လိုက်လျောလျောနေလို့မဖြစ်ဘူး၊ ကဲ ကွာ ဒါတွေပဲပြောမှာလား၊ အပြင်သွားရအောင်ကွာ"

သူက မြီးရှည်စားချင်တယ်ပြောထားသဖြင့် ယိမ်းက အတော်အစားလဲကာ သူနှင့်အတူလိုက်ခဲ့သည်။

သူက ကားကို ကန်တော်ကြီး ကရဝိတ်ဖက်ထိ မောင်း ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ကန်ရေပြင်ကို လှမ်းငေးကြည့်ရတာနှင့်ပင် ရင်ထဲ

ဆန်းသွားရသည်။

ကရဝိတ်ထဲက စားသောက်ဆိုင်လေးတစ်ခုရဲ့ အပြင်

ကွက်လပ် အမိုးအောက်မှာထိုင်ရင်း အေးအေးလူလူ မြီးရှည်

အကြော်စား အအေးသောက်ရင်း အပန်းဖြေနေမိကြ၏။

ယိမ်းနှလုံးသားထဲမှာ လွတ်လွတ်လပ်လပ်မပျော်နိုင်

မျက်လွှာလေးချကာ ငေးငိုင်နေမိ၏။

"ယိမ်း ဘာလို့တိတ်နေတာလဲ၊ ယိမ်းစိတ်ထဲမှာ ဘာ

ဖြစ်နေသလဲ ကျွန်တော်ခန့်မှန်းလို့ရပါတယ်"

"ယိမ်း ဘာဖြစ်လို့လဲ"

"ချစ်ရဲ့သားနဲ့ ကြိတ်မှိတ်တင်းခံပြီး မျိုသိပ်ထားတယ်"

"ဒါတော့ ရှင့်ကိုယ်ရှင် အထင်ကြီးလွန်းတာပေါ့ ခေ

ရယ်"

"မမှားပါဘူး သေချာတယ်"

သူပြောတာအမှန်ပါပဲ။ လွန်ခဲ့သောအချိန်များစွာက

ယိမ်းရဲ့ရင်ထဲမှာ သူက စိုးမိုးနေရာယူလာခဲ့တာပါ။

သူ့အကြည့်ကို ရင်မဆိုင်ရဲဘဲ ရှောင်လွှဲထားမိသည်၊

အချစ်ဆိုတာ နှုတ်က ဝန်ခံထုတ်ပြောမှလည်းမဟုတ်





ခေသြရယ်။

ဖွင့်ဟဝန်ခံခွင့်မရတဲ့ အချစ်တွေလည်း အများကြီးရှိဦးမှာ

ခေသြနားလည်ပေးရင် ကျေနပ်ပါပြီ။

"ယိမ်း"

"ရှင်"

"ကျွန်တော်ပြောတာမှန်တယ်မို့လား"

ယိမ်းက မျက်နှာလေးတစ်ဖက်လွှဲသွား၏။

"ဘယ်အချိန်ထိ လျှို့ဝှက်ထားမှာလဲ"

"ယိမ်းဘာကို လျှို့ဝှက်ထားလို့လဲ"

"အချစ်တွေလေ၊ ကျွန်တော့်ကိုချစ်တဲ့ အချစ်တွေပေါ့"

"ခေသြထင်ချင်တာထင်လေ ယိမ်းကိုမမေးနဲ့ပေါ့"

"ဟာကွာ"

သူနှုတ်ခမ်းတစ်ချက်ကိုက်မိရင်း စားပွဲပေါ်တင်ထားတဲ့

လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်၏။

ယိမ်းက လက်ကလေးကိုရုန်းသည်။

"လွှတ်ကွာ ယိမ်းမကြိုက်ဘူး"

"မဖြစ်နိုင်ဘူးလို့ ပြောပြီးပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ယိမ်းငြင်းပယ်လို့ တစ်ခါမှ မထင်မိဘူး၊ မရက်စက်ပါ
ကွာ၊ ချစ်လိုက်ပါ"

ယိမ်းမိုက ခေါင်းလေးသာယမ်း၏။

"နှင်းဆီနက်ကြောင့်လား၊ သူက ကျွန်တော့်ထက်
ပိုအရေးကြီးလား ဆုံးဖြတ်ချက်ကို မပြင်ဘူးလားကွာ၊ ဒီလောက်
မမိုက်စမ်းပါနဲ့၊ ယိမ်း အဲလိုလုပ်နေရင် သူ့ကို ကျွန်တော်ပိုမုန်းမိလိမ့်
မယ်"

သူက ခြိမ်းခြောက်လိုက်သည်။

"လက်မခံရင် နိုးပြေးလိုက်မယ်"

"ယိမ်းအပေါ် မျှော်လင့်ချက်မထားပါနဲ့ ခေသြ၊ နောက်
လည်း မိတ်ဆွေသူငယ်ချင်းလိုပဲ ယိမ်းချစ်သွားမယ်"

သူမဆီက ချစ်သွားမယ်ဆိုတဲ့ စကားလေးကြားလို့
တင်းထားတဲ့ ခေသြစိတ်တွေက အရှည်ပျော့ရသည်။

သူမပခုံးလေးကို သတိလက်လွတ် ဆုပ်ကိုင်မိသည်။

"ချစ်သူလိုချစ်သွားမယ် ဟုတ်လား"

"မဟုတ်ဘူး သူငယ်ချင်းလို"

"မရဘူး ရည်းစားလိုပဲ၊ အခုကစပြီး ယိမ်းက ကျွန်တော့်
ရည်းစားပဲ"





"အို ရှင်ဘယ်လိုဖြစ်နေတာလဲ၊ အဲဒါပဲထပ်ပြောနေရင်
ဆိမ်းပြန်တော့မယ် ဖယ်"

ယိမ်းက သူမပခုံးပေါ်က ခေသြလက်ကို ဖယ်ချသည်။

အဖြစ်သည်းသော ကောင်မလေးကို ခေသြမလွှတ်တမ်း
ကော်ထားပစ်ချင်စိတ်ပေါက်မိသည်။

သူ့မှာတော့ ယိမ်းနားကမခွာနိုင်။

သူမက ခုထိအေးစက်စက် လုပ်နေရက်သည်။ ချစ်တယ်
ဆိုလဲ ခဏခဏပြောထားပြီးသား။

ယိမ်းက စိတ်ဆိုးပြီး အရင်ထရပ်လိုက်၏။ ပြီးလျှင် ဆိုင်
အပြင်လမ်းကလေးအတိုင်း အပေါ်ဖက်ကိုတက်ဖို့ လှေကားထစ်
လေးဆီ လျှောက်သွားသည်။

ခေသြက ပိုက်ဆံရှင်းပြီး သူမနောက်က အပြေးအလွှား
လိုက်ချော့ဖို့ပြင်သည်။

သူမလက်ဖျားလေးကို လှမ်းဆွဲလိုက်စဉ်မှာပဲ

"ဟာ"

သူတို့အနီး ကတ္တရာလမ်းနံဘေးသို့ ကားတစ်စီးထိုးရပ်
လာသည်။

လီမိတက် အဖြူသန့်သန့်လေးတစ်စီး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ကြောင်အမ်းကြည့်နေစဉ်မှာပဲ နှင်းဆီနက်က ကားတံခါးဖွင့်၍ လှလှပပကလေးဆင်းလာသည်။

လည်ပင်းကျယ်သော ဆွယ်တာအနက် ခေါင်းစွပ်အင်္ကျီနှင့် စကတ်အနက်အရှည်ကို ဝတ်ထားသည်။

"ကြည့်စမ်း သူတို့နှစ်ယောက်က ပြန်တောင်ပြန်တော့မယ်"

"နက်နက် ဘယ်ကိုလာတာလဲ"

"ယိမ်းတို့ဆီလိုက်လာတာလေ၊ အန်တီထားက ယိမ်းတို့ မြို့ရှည်သွားစားတယ်ဆိုတော့ ဒီဆိုင်များဖြစ်မလားဆိုပြီး လာကြည့်တာ"

"သြော်"

"တို့မှန်းတာကွက်တိပဲ"

ယိမ်းက အလိုက်အထိုက် စကားပြန်ပြောနေရပေမဲ့ ခေသြ လက်ဆွဲဖို့ပြင်တာများ နက်နက်တွေ့လိုက်သလားဟု ရင်တုန်ပန်းတုန် တွေးမိသည်။

သူမမျက်နှာလေးသည် ခပ်ပျက်ပျက်ဖြစ်ကာ နီမြန်းနေပါသည်။

သို့သော် နက်နက်က ယိမ်းကိုမကြည့်ပါ။ သူ့မျက်လုံး





…ရီရီလေးတွေနှင့် ခေသြမျက်နှာကိုသာ အမိအရမလွှဲဘဲ ကြည့်…ပါသည်။

တော်ပါသေးရဲ့။

"ခင်ဗျားက ဘာကိစ္စရှိလို့ ကျွန်တော်တို့နောက်လိုက်လာ…တာလဲ"

"ဟို အင်း၊ ကိစ္စတော့မရှိပါဘူး နက်လည်း ပျင်းနေ…တာနဲ့ပါ"

ခေသြရဲ့ ခပ်မာမာမေးခွန်းကို သူမက မဝံ့မရဲဖြေသည်။

နှင်းဆီနက်ပုံစံက သူမကိုယ်သူမ ချိုးချုံးပြီး ပုံစံပြောင်းထား…ပုံပါပဲ။

ခေသြကို အပြုံးမပျက်ကလေး စိုက်ကြည့်မပျက်ပါ။

ခေသြဇာက မျက်ခုံးနှစ်ဖက်စလုံး တွန့်ချိုးထားကာ မနှစ်…က်တာကို သိသိသာသာပဲ ဖော်ပြနေပါသည်။

"အဲဒါဆို နက်နက်လည်း မြို့ရှည်စားလေ ပြန်ဝင်ထိုင်ရ…အောင်"

"မထိုင်တော့ပါဘူး"

"ကျွန်တော်တို့ကပြန်မလို့"

"ယိမ်းရယ် နက်ကဖြင့် အခုပဲဝင်လာတာ ခဏတဖြုတ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းလေးဘာလေး လျှောက်ချင်သေးတာပေါ့"

"ခင်ဗျားလျှောက်ချင် ခင်ဗျားဘာသာလျှောက်ပေါ့"

"သြော် ဧေသြကလည်း"

"ဟုတ်သားပဲ သြရယ်၊ ခဏလေးတော့ အတူတူ လျှောက်ရအောင်ပါ"

ဧေသြဘယ်လောက်ပဲ ဘုတောတော နက်က မနှာနိုင်သလိုလေး အပြုံးမပျက် သည်းခံနေသည်။

ဒါဟာ သူ့အတွက် အန္တရာယ်ပဲဆိုတာ ဧေသြသိသည်။

မာယာတွေနောက်က အန္တရာယ်ကို သူကြို့တွေးမိသည်။

"နှင်းဆီနက် ခင်ဗျား တော်တော်ရှုပ်တာပဲ ပြဿနာပဲ"

"ဟယ် ယိမ်းရယ်၊ သူဘယ်လောက်ပြောရှက်လဲ တွေ့လား တို့ကို အရှုပ်ထုပ်လို့ထင်နေတာ"

နက်နက်က ယိမ်းမိုကိုတိုင်တောသည်။

ယိမ်းမှာ ထုံးစံအတိုင်း အားတုံ့အားနာ။

"သြက တို့ကို နေရင်းထိုင်ရင်း မုန်းနေတာ"

ဧေသြကမငြင်းပါ။

ဟုတ်သည်။ သူမကို ဧေသြကြည့်မရဘဲ မုန်းတီးသည်။

ဒါအမုန်းပဲ ဘာဖြစ်လဲ။





"မဟုတ်တာပဲ နက်နက်ရယ်၊ သူက ဒီလိုပဲပြောတတ်လို့ပါ"

ကြားကဝင်ရှုပ်သူက ယိမ်းဝါပဲ။

"ယိမ်းလည်း ဒီမှာထိုင်တာကြာပြီဆိုတော့ ညောင်းနေအာ၊ တစ်ပတ်လောက် လမ်းလျှောက်မလို့ ဧေသြကိုပြောမလို့ပဲ"

"ဒါဆိုအတော်ပဲပေါ့"

နှင်းဆီနက်က သုံးယောက်အတူ လမ်းလျှောက်ခွင့်ရဖို့ ကြိုးစားလိုက်ပါသည်။

ယိမ်းက အတင်းအကြပ်ခေါ်နေတာမို့ ဧေသြက ငြင်းလို့မကောင်းတတ်တဲ့ရုပ်ကြီးနှင့် ရှုတည်တည် ခပ်တင်းတင်းပါလာသည်။

နှင်းဆီနက်က ခွာချွန်ဖိနပ်လေးနှင့် ကုန်းလျှောအတိုင်း ဆင်းလျှောက်သည်။

လမ်းမပေါ် အေးအေးမလျှောက်။

ကုန်းကမညီညာတာမို့ ဘယ်လောက်မှမကြာဘဲ။

"အမေ့ အမယ်လေး၊ အား ကျွတ် ကျွတ်"

"ဟယ် နက်"

ခြေခေါက်ချော်လဲကျတဲ့ နက်နက်ဆီ ယိမ်းက အပြေးထ



www.burmeseclassic.com

www.burmeseclassic.com



၏။

ခြေထောက်က နက်ထင်တာထက်ပင် နာကျင်သွားပါသေးသည်။

မျက်နှာလေးရှုံ့ရင်း နှင်းဆီနက် အလိုလို မျက်ရည်တွေ ရစ်ဝဲလာသည်။

"အား လုပ်ပါဦး၊ အရမ်းနာတယ်၊ နက် ခြေထောက် ကျိုးပြီလားမသိဘူး"

နက်နက်ရဲ့ နာနာကျင်ကျင် အသံည်းခိုက်သလို အော်ညည်းသံကြောင့် အတူပါလာတဲ့ ယောကျ်ားလေးဖြစ်တဲ့ ဧဒြေ ဓာလည်း မနေသာတော့ပါ။

ယိမ်းမိုးနှင့်အတူ ကူညီတွဲထူရ၏။

"ခင်ဗျားက နမော်နမဲ့လျှောက်တာကိုး၊ ဖိနပ်အမြင့်တွေလည်း မစီးတတ်ဘဲ စီးသေးတယ်"

နှုတ်ကတော့ မကြည်မလင် ရေရွတ်ပြစ်တင်ပါသေး၏။

နှင်းဆီနက်က ဧဒြေနှင့်ယိမ်းတို့ တစ်ဖက်တစ်ချက် တွဲထူမလျှင် ကြိုးစားပမ်းစားထရပ်သည်။

စကဒ်အနက်လေးမှာလည်း ဖုန်တွေပေကျံသွားရ၏။

နှင်းဆီနက် အံကလေးကြိတ်ရင်း ခြေကို အသာထောက်





ကြည့်သည်။

"အား"

နှုတ်ကအော်ရင်း လက်လျှို့ထိန်းထားတဲ့ ဧဒြေကို ဖက်တွယ်ထားမိသည်။

"ရလား နက်နက်၊ ဆေးခန်းသွားပြမှရမယ်ထင်တယ်"

ယိမ်းကတော့ နက်နက်အကြောကိုမသိဘဲ စိုးရိမ်နေရှာသည်။

သူမခြေထောက်ကလည်း တကယ်ပဲယောင်လာတာကိုး။

ဖိနပ်ကိုချွတ်ပြီး အားတင်းလျှောက်ရတာ။

ဩဆီကရေမွှေးနံ့တစ်မျိုးနှင့် စီးကရက်နံ့လေးကိုပါ ရောနှောရှူရှိုက်ရတာ ရင်ဖိုချင်စရာပါ။

ဧဒြေဖေးမထားတာကို နှင်းဆီနက် အသက်ရှူမှားချင်၏။

နာတာနှင့်တန်သွားပါပြီ။

ယိမ်းဖက်ကို ခပ်ဖော့ဖော့သာဖက်ပြီး ဧဒြေကိုတော့ တအားဖက်ထားမိသည်။

သူ့ရဲ့အကြင်နာကို နက်ခံစားချင်သည်လေ။

ကားက အလှမ်းဝေးသေးတော့ နက်နက်ကိုတွဲခေါ်လာကြ၏။

ဧဒြေကိုယ်ငွေ့လေးကို မဖယ်ရှားစေချင်။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ရဲ့ ကိုယ်နံ့ဖျော့ဖျော့က နက်နက်ကို တစ်မျိုးလေး ယစ်မူးစေသည်။

မခံချင်လို့ တမင်ဖန်တီးတာဆိုပေမဲ့ နက်နက်အမူအရာလေးက သံသယဝင်ချင်စရာမရှိပေ။

မတော်တဆ ခြေချော်လဲကျပုံက အိုက်တင်ကောင်းလှသည်။

ခြေထောက်က အမှတ်မထင် တကယ်ပဲ အထိမခံနိုင်အောင် နာကျင်သွားခဲ့သည်။

ဇေသြကတော့ နှင်းဆီနက်လက်တစ်ဖက် သူ့ပခုံးကို ကျကျနနဖက်ထားတာကို ဘာမှမတတ်နိုင်ဘဲ ကားဆီတွဲပို့ရသည်။

"နက်နက် နင်ကားမောင်းလို့ ဘယ်ရပါ့မလဲ"

"ဟယ် ဟုတ်သားပဲ"

"ဘာမှစိတ်မပူပါနဲ့၊ ယိမ်းတို့လိုက်ပို့မှာပေါ့၊ နက်ကားကိုသော့ပိတ်ခဲ့ပြီး နောက်မှလာယူခိုင်းလိုက်လေ"

"အင်း ကောင်းပါတယ်"

ယိမ်းစီစဉ်တာကို နက်က ပိုသဘောကျပါသည်။

ဇေသြဇာမောင်းတဲ့ ကား၏ ထိုင်စီးခွင့်ရမည်။ ပြီးလျှင် သူတို့ပဲ ဆေးခန်းလိုက်ပို့ကြလိမ့်မည်။





ယိမ်းမပါရင်ပိုတောင်ကောင်းဦးမှာ။

ဒါပေမဲ့ ယိမ်းကိုချန်ထားလျှင် ဇေသြက နက်ကို အရေး

ဉ် ကူညီမည်မထင်ပါ။

ဒီတော့ ယိမ်းအနားမှာရှိနေတာကိုတော့ သည်းခံရပါလိမ့်

ည်။

နောက်ပိုင်း အခွင့်ပြေမှာပဲ ယိမ်းကိုဖယ်ထုတ်ဖို့ တွေးထား

ည်။

ကရုဝိတ်ထဲက ကားမထွက်ခွာမီ

"ယိမ်းရေ နက်ရေဆာလိုက်တာ ရေသန့်တစ်ဗူးလောက်

ယ်ပေးပါလား"

"အင်း ဝယ်ပေးမယ်လေ"

"ကျွန်တော်ပဲဝယ်မယ် ယိမ်း"

"အို ဇေသြနေပါ၊ ယိမ်းသွားလိုက်မယ်"

ကားခဏပြန်ရပ်ပြီး ယိမ်းမိုက ကပျာကယာပဲ ဆင်းလိုက်

ည်။

ယိမ်းကျောပြင်ကိုကြည့်ပြီး နက်နက်က ကြိတ်ပြုံးလိုက်

ည်။

တော်တော်လေးလှမ်းသွားတာနှင့် ဇေသြရဲ့ ပခုံးတစ်ဖက်

www.burmeseclassic.com



ဘို ဆုပ်ကိုင်ပြီး

"အား အရမ်းနာလာပြီ၊ တို့ခြေထောက် အရမ်းကိုက်

လာပြီ၊ ညြရေ လုပ်ပါဦး နည်းနည်းလောက် နှိပ်ပေးပါဦး"

သူမမျက်ရည်ရစ်ဝဲကာ ညည်းတွားနေသဖြင့် ခေသြ

ဦးနောက်အတော်စားသွားရသည်။

ကဲလေ. သင်း ဘာတတ်နိုင်မလဲ။

မိန်းမသားတစ်ယောက် နာကျင်ညည်းညူသံကို လျစ်လျူ

ရှုပြီး သူပစ်ထားနိုင်မလား။

"ခဏအောင့်ထားပါလား ခင်ဗျားကလည်း"

"နာလို့ပါဆို အား"

"ဆရာဝန်ပြကြည့်မှရမှာပေါ့ဗျ"

သူက အင်တင်တင်ရယ်။ ဒါပေမဲ့ နက်နက်က ခြေအ

ကို ကူရှင်ပေါ်တင်ပြီး ဒီနားလေးကို နှိပ်ပေးဆိုပြီး ခြေမျက်စိနား

ပြသဖြင့် ခေသြလည်း မကောင်းတတ်သဖြင့် ခပ်ဖွဖွနှိပ်နယ်ပေး

သည်။

နှင်းဆီနက်က သူခေါင်းငုံ့ပြီး နှိပ်ပေးနေပုံကို လက်ကိုင်

ဖုန်းထဲက ကင်မရာဖြင့် သူမသိအောင် အမြန်ရိုက်ယူလိုက်၏

မာနကြီးပြီး ဘဝင်မြင့်မောက်မာတဲ့ ယောကျ်ား





တစ်ယောက်က နက်ခြေအစုံကို ဂရုတစိုက် နှိပ်နယ်ပြုစုပေးနေတဲ့

ပုံလေ။

တစ်ခါတလေ အရသာရှိရှိ ပြန်ကြည့်လို့ရအောင်။

ခေသြခေါင်းပြန်မတ်လျှင် နှင်းဆီနက်က ဖုန်းကို အမြန်

ပိတ်လိုက်ရသည်။

"ရပြီမဟုတ်လား"

"အင်း သင့်ယူပဲ၊ နည်းနည်းသက်သာသွားတယ်"

သူ့လက်နဲ့ထိကိုင်မှပဲ နည်းနည်းသက်သာသွားတယ်ဆို

တာ သူကတော့ သိပ်မယုံ။

ဒီမိန်းမရဲ့ မာယာပရိယာယ်တွေကို သတိထားနေတဲ့ကြား

ထဲကပဲ သူထံ မရအရတိုးဝင်နွယ်နေတာ။

ကျွတ်။

စိတ်ပျက်လိုက်တာကွာ။

ခေသြမျက်ခုံးမှာ ခပ်ရှုံ့ရှုံ့။

နှင်းဆီနက်ကတော့ သူ့ရဲ့ခက်ထန်သော မျက်နှာကိုပင်

အမေ့တမောလေး ခိုးကြည့်နေမိသည်။

ဒီမျက်နှာဟာ ဘယ်အချိန်မှာပဲဖြစ်ဖြစ် သူမနှလုံးသားကို

သိမ်းကျုံးဆွဲငင်ယူဆောင်သွားနိုင်တာလည်း အံ့သြမိပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



စိတ်နာသင့်လည်းပဲ စိတ်မနာနိုင်။

ယိမ်းရေ နက်တော့ တကယ်အခက်တွေ့နေပြီ။

မုန်းပြီလို့ ကြွေးကြော်ထားပေမဲ့ တကယ်တမ်း နှ

မမုန်းနိုင်ဘူး။

နက်တို့နှစ်ယောက် ဖူးစာမှင်ရည်ကျဲခဲ့ရင်လည်း သူ

နက်မေ့နိုင်မှာမဟုတ်ဘူးထင်တယ်။

ကံမဆုံလည်း ရင်ထဲကနေ ဖယ်ထုတ်ဖို့မလွယ်ဘူး။

တစ်ခဏအကြာမှာပင် ယိမ်းမိုက ရေသန့်ဗူးလေးဆွဲ

ပြန်ရောက်လာပါသည်။

ဧည့်သြဇာမှာ အခုမှပင် သက်ပြင်းချနိုင်သည်။

ယိမ်းမျက်နှာလေးမှာ ဖြူစင်ကြည်လင်ကာ သူတစ်

ကို ကူညီတတ်တဲ့ ရုပ်ကလေးက သဘောကောင်းစွာ ပေါ်လွင်

ပါသည်။

သဘောကောင်းတဲ့ ချစ်သူလေးကိုမှ အခွင့်အရေး

အသာစီးယူတတ်တဲ့ နှင်းဆီနက်ကို ဘယ်လောက်ပဲ ကျေးဇူး

ရှိတယ်ဆိုဆို သူ့ရင်ထဲမှာ မကြည်ဖြူနိုင်ပါ။

ယိမ်းက ရေဗူးအဖုံးကိုဖွင့်ကာ ပိုက်ဆံလေးထုတ်ပြီး

သည်။ သူက ကားကိုအသာမောင်းထွက်ခဲ့၏။





ပြီးလျှင် ကရဝိတ်ထဲမှထွက်ကာ နှင်းဆီနက်ဒဏ်ရာကို

ဆေးပတ်တီးသွားစည်းသည်။

အဲဒီမှာလည်း ဆေးခန်းနံဘေးက လမ်းကလေးထဲပဲ

ကားရပ်စရာ နေရာရှိတော့ ဆေးခန်းဆီသို့ရောက်အောင် တွဲပို့ပေးရ

ပါသည်။

နှင်းဆီနက်မှာ အပျော်ကြီးပျော်နေပါ၏။

သူက နက်အပေါ်မှာ မျက်နှာထားသာဆိုးပြီး စိတ်ရင်းက

ဆိုးလှပါ။ စကားပြောမာကျောပေမဲ့ သူ့အသည်းနှလုံးကတော့

အကျောဟန်မတူပါ။

နက်လည်း သူ့ရဲ့ပျော့ကွက်ကိုသိသွားပြီ။

သူချစ်အောင် သူသနားအောင် နေပြရတော့မည်။

ရင်ထဲကမာနတွေ မခံချင်စိတ်တွေကို ချိုးနှိမ်ထားရဦး

မည်။

တစ်နေ့နေ့တော့ နက်ကို သူမချစ်လာပါဘူးလို့ ဘယ်သူက

ပြောမလဲ။

နက်ရင်မှာ မျှော်လင့်ချက်တို့ ပြန်လည်ခေါင်းထောင်

လာခဲ့သည်။

ခြေထောက်ဒဏ်ရာရယ် မပျောက်ပါနဲ့ဦး။



www.burmeseclassic.com

www.burmeseclassic.com



ရက်ကြာကြာလေးနာပေးနော်။

ဒါမှ သူ့အကြင်နာကို နေ့စဉ်ရက်ဆက်ရမှာ။

ဒဏ်ရာကို ရေနွေးအိတ်ကပ်ပေးတဲ့။

မကပ်ပါဘူး။ မသက်သာလည်းနေ။

မနက်ဖြန်ပြန်လာခဲ့ပါတဲ့။

ဒါကတော့ စိတ်ချ လာကိုလာဦးမှာ။

ဆေးခန်းကအပြန်မှာ နက်ကို သူတို့က အိမ်အရော ပြန်ပို့ပေးကြသည်။

ခြံထဲရောက်လို့ ကားပေါ်ကဆင်းလျှင် နက်နက်က

"ဦးအိုက်ရေ ခြံတံခါးပြန်ပိတ်"

"မပိတ်ခိုင်းနဲ့ဦးလေဗျာ၊ ကျွန်တော်တို့ ကားပြန်ထွက် မှာ"

"အို နေပါဦး၊ အိမ်လေးရောက်မှတော့ ခဏဝင်ထိုင် ဦး"

နှင်းဆီနက်က ဧသြဇာကို မရမကဖိတ်ခေါ်သည်။

ဧသြက ပြန်ထွက်ဖို့ ကားကိုပင် ပြန်လှည့်ထား သို့သော် ယိမ်းက နက်ကျေနပ်အောင် ခဏတဖြုတ် အိမ်ထဲ ဆုံးဖြတ်သည်။





နက်နက်တို့အိမ်က ဒေါ်သောင်းက အပြေးအလွှားထွက် ကြိုလျှင် နက်က မျက်မှောင်ကုပ်သည်။

အသောင်းတစ်ဖက် ယိမ်းတစ်ဖက်တွဲပို့တော့ ဧသြ လှမ်းလှမ်းမှာနေတာပေါ့။

ဘယ်လိုပဲဖြစ်ဖြစ် ဧသြဇာသည် အထီးကျန်မလေး ဆီနက်ရဲ့အိမ်သို့ ပါလာခဲ့ချေပြီ။

မနက်ဖြန်လည်း ဆေးခန်းသွားဖို့ ဧသြကိုပဲ ကူညီလိုက်ပို့ ရမည်။ ကရဝိတ်ထဲက နက်ကားကို ပြန်ယူဖို့လည်း ဧသြ ပဲ စီစဉ်သည်။

နှင်းဆီနက် အလွန်ဟန်ကျနေပါသည်။ ဧသြဇာကိုကြည့် တဲ့ သူမမျက်လုံးတွေက ချိုရီနူးညံ့စွာ တောက်ပလျှက်ရှိသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ယိမ်းနွဲ့နွဲ့မိုရဲ့ အခန်းလေးထဲမှာ သီချင်းသံတိုးတိုးလေးက
ပျံ့လွင့်နေသည်။

သူမတစ်ဦးတည်းကြားရအောင် ခပ်တိုးတိုးပဲဖွင့်ထားတာ။

ညဥ့်နက်သန်းကောင်ယံမို့ မေမေလည်း အိပ်နေပြီလေ။

ယိမ်းသာ အိမ်မပျော်နိုင်သေးဘဲ အတွေးလေးတွေနှင့်
တွေးနေမိတာ။

မွေ့ယာပေါ်လဲလျောင်းရင်း မျက်နှာကျက်ကို အကြောင်းမဲ့
ငေးကြည့်နေမိသည်။

နက်နက်ပြောသလို တကယ်ပဲ အခြေအနေတွေ ပြောင်း
ခဲ့ပြီလား။

တစ်နေ့တော့လည်း ဧဩဇာဟာ နှင်းဆီနက်ရဲ့ မာယာ
ကွန်ယက်ထဲ ရုန်းမရအောင် ငြိတွယ်သွားဦးမှာပါလေ။

သူလည်း ယောကျ်ားထဲက ယောကျ်ားတစ်ယောက်ပဲ





...တ်လား။

မိန်းမတစ်ယောက်ကို အမြဲတမ်းပဲ ခေါင်းခါသွားနိုင်မယ်
...့ ယိမ်းမထင်ပါ။

ဟိုအရင်အချိန် ချစ်သလို မချစ်သလိုလေးနှင့် သူ ယိမ်း
...အိမ်လာခဲ့တဲ့ အချိန်လေးများကိုပဲ လွမ်းမိပါသည်။

ကိုယ်လည်း အဲဒီတုန်းက အသက်နှစ်ဆယ်။

ရင်ခုန်တတ်စမို့ ဘာလေးမဆို အရူးအမူးခံစားယစ်မူး
...တ်ခဲ့တာ။

သူ့အကြည့်လေးတစ်ချက် သူ့စကားလေးတစ်ခွန်းမှာ
...ကြည်နူးလျက် ရင်တသိမ့်သိမ့်တုန်ခဲ့ရသည်။

သူနှင့် အမှတ်မထင် လက်ဖျားလေးထိမိရင်ပဲ ရင်ထဲ
...က်နွေးနွေးကြီး ခံစားရကာ ပြန်တွေးမိ၍မဆုံးနိုင်။

သူနှင့် မောင်လေးဝဏ္ဏတို့ရဲ့ ဂစ်တာဝိုင်းဟာ သူမအတွက်
...အိပ်ရာဝင်တေးဂီတပဲလေ။

အိပ်ရာထဲကနေ သူ့အသံလေးကို မြတ်နိုးစွာ နားထောင်
...နေမိခဲ့တာ။

အခုတော့လည်း ဒါတွေက လွမ်းစရာတွေပဲပေါ့ ဧဩ
...ည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်တကယ်ပဲ နက်နက်ကို လက်ခံလိုက်ပြီဆိုရင် ယိမ်း
ဝမ်းသာပေးရမှာပါ။

ယိမ်းမိုက ရှင်နင့်နင့်လေးနှင့်ပဲ ပင့်သက်ငွေ့ငွေ့ရှိုက်
သည်။

အခန်းထဲမှာ ဆုန်သင်းပါရဲ့ အသံလေးက သူ့
အလွမ်းဓာတ်ခံကို ပို၍အားဖြည့်ပေးနေသလို ထင်ရသည်။

ဆောင်းနှင်းလေးများကြားက×××ထိုင်ခုံတန်းလျားလေး
မှာလေ×××ဂစ်တာလေးထက် ပြေးဆော့လို့နေ×××ကြင်နာသူ
လက်ကလေး×××အသာအယာ ကိုင်တွယ်ကြည့်တော့ နူးညံ့××
အတွေးလေးများဆွတ်ပျံ့×××တို့ရဲ့အနားမှာ မင်းက×××ဟိုတုန်းက
သီချင်းတွေဆို×××ရင်ခုန်ဖူးခဲ့တဲ့ တေးသွားများ ကြားခွင့်မရတော့
အောင် အဝေးကြီး မင်းထွက်သွားတော့ ဒီဂစ်တာငယ်ဟာ သံ
ပျောက်ပိုင်ရှင်လေး မင်းမဲ့ ဒီအသည်းထဲ ရင်ခုန်ခြင်းက ကြိုးမျှ
လျော့×××အိုမင်းမရှိတဲ့အခါ တို့ဘဝ×××သီချင်းမရှိတဲ့ ဂစ်တာ××
ဝမ်းနည်းတဲ့ ညများထဲ×××သံစဉ်များ အားလုံးလိုတိတ်ဆိတ်××
ရင်ခုန်တာတောင် အသံတွေတိုး×××ဟိုစဉ်ပျော်စရာကောင်းတဲ့
သီချင်းများ×××အိမ်မက်ထဲလည်းမကြား×××အဖော်မဲ့ခဲ့သူလေး
ဘဝ×××သံစဉ်မရှိတဲ့ဂစ်တာ။





ယိမ်းမိုးက ခေါင်းအုံးလေးကိုပိုက်ပြီး မျက်စိတွေမှိတ်ပစ်
လိုက်သည်။

ယိမ်းကိုယ်တိုင်ပဲ ကျေကျေနပ်နပ် စွန့်လွှတ်နောက်ဆုတ်
ခဲ့တာပါ။

ဒါပေမဲ့လည်း ငိုချင်နေသည်။

နားထဲမှာ နက်နက်ပြောတဲ့ စကားတွေလည်း ပြန်ကြား
နေမိသည်။

"ယိမ်းရယ် ဒီနေ့ ငါပျော်တယ်သိလား၊ သူက စကား
ပြောရင် မာရေကြောရေနော်၊ မထင်ရဘူး အကြင်နာတရားတော့
ရှိပါတယ်"

"ဘာလို့လဲ ဆေးခန်းလိုက်ပို့ပေးလို့လား"

"မဟုတ်ဘူး၊ အင်း အဲဒါလည်းပါတာပေါ့၊ ပြီးတော့
သူတယုတယနဲ့ ငါ့အနာကို နှိပ်ပေးတယ်သိလား၊ ပြန်တွေးလိုက်ရင်
ယုံတောင်မယုံချင်ဘူး"

"ဟင် တကယ်"

"တကယ်ပေါ့ ယိမ်းတောင်အံ့သြတယ်မို့လား၊ နက်က
မညာပါဘူးနော်၊ ဒီမှာကြည့်လိုက်"

နှင်းဆီနက်က ဖုန်းထဲက ဓာတ်ပုံလေးတွေ ပြန်ပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တွေ့လား တွေ့လား"ဟု ဟောကနေ ဝမ်းသားမြူးတူး သံနှင့် ဆိုနေသေးသည်။

"နှင် ရေသန့်ဗူးဆင်းဝယ်တုန်းကလေ"

"ဩော်"

ယိမ်းမှာ ရင်ထဲတစ်မျိုးကြီးဟာလျက် ဘာမှပင်မပြောနိုင်တော့။

လှပရှင်းသန့်သော ဓေသြရဲ့လက်ချောင်းလေးတွေကိုသာ အံ့အားသင့်စွာ ကြည့်နေမိသည်။

သူက သက်သေနှင့်ပြတော့လည်း မယုံလို့မရတော့ပါ။

ဓေသြရယ်။

ဂရုမစိုက်ပါဘူးလို့ ငြင်းချင်သေးလား။

အခုတော့ ရှင်လည်း စိတ်ပါခဲ့ပြီမဟုတ်လား။

အနေးနဲ့အမြန် သူတို့အဆင်ပြေသွားမှာပါ။ ဒါကိုလည်း မျှော်လင့်ပြီးသားပါ။ ပြင်ဆင်ထားပြီးသားပါ။

နှင်းဆီနက်ကတော့ သူမရည်ရွယ်ချက်ပြည့်ဖို့ နီးစပ်လာပြီဆိုတော့ ပျော်ရွှင်တက်ကြွနေသည်။

မနက်ဖြန် ဆေးခန်းသွားလျှင် ဘာဝတ်ရမလဲဆိုတာပင်





ရွေးလို့မရဘဲ ယိမ်းဆီဖုန်းနှင့် လှမ်းတိုင်ပင်နေသေးသည်။

အင်းလေ သူ့အောင်မြင်မှုတွေ အစပျိုးခဲ့ပြီကိုး။

ယိမ်းသည် ဓေသြလာလျှင် ထိုကိစ္စမေးကြည့်ရမလား။ သိအောင်ဆောင်နေရမလား မတွေးတတ်။

သူ့မျက်နှာရဲ့ အပြောင်းအလဲကိုလည်း မြင်တွေ့ချင်သေးခါ။

ဒါပေမဲ့ မေးဖို့ကလည်း မဝံ့ရဲ။

သူသာ နက်နက်အပေါ် စိတ်ပြောင်းသွားပြီ။ ချိုသာနူးညံ့ခဲ့တာ အမှန်ပဲဆိုရင်တော့ ယိမ်း သူနှင့်သွားလာပတ်သက်တာတွေ ဆင်ခြင်ရတော့မည်။

သူ့စိမ်းတွေလို ခပ်တန်းတန်းနေရတော့မည်။

နက်နက်အထင်လွဲမှာစိုးလို့ပါ။

ဒါနဲ့များ ယိမ်းဆီက အဖြေတစာစာတောင်းသေးတယ်ဟု စိတ်လည်းခုချင်သည်။

တကယ်တမ်း ဓေသြသဘောကို ယိမ်း နားမလည်ခဲ့ပါ လား။

သူတကယ် ခါးသီးနေတာလို့ပဲ ယိမ်းကထင်ခဲ့တာ။ နက်သံ အလွယ်တကူ စိတ်ယိမ်းယိုင် အရည်ပျော်မည်ဟု မထင်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပါ။

အင်းလေ။ အဆင်ပြေတယ်ဆိုတော့လည်း ပြီးပြီပေါ့။

သူလည်း အဖြေထပ်တောင်းစရာ မလိုဘူးပေါ့။

ယိမ်းလည်း စိတ်ညစ်စရာမလိုတော့။

သူ ဘယ်လိုပြောပြော ယိမ်းစိတ်တင်းထားခဲ့တာ ကံကောင်းလို့နော်။

ပါးပြင်လေးကို ဖွဖွတို့ထိကာ မျက်ဝန်းအိမ်ထဲ မျက်ရည်တို့ စိမ့်လာခဲ့လေသည်။

◆ ◆ ◆



ဧပြီဇာရောက်လာတဲ့အချိန်မှာ ယိမ်းနှဲ့နှဲ့မိုက ညှော်ခန်းဆက်တီမှာထိုင်ကာ ဖက်ရှင်မဂ္ဂဇင်းတစ်အုပ်ကို စိမ်ပြေနပြေဖတ်နေသည်။

သူ့ကိုလည်း ဟက်ဟက်ပတ်ပတ် စကားပြောချင်စိတ်မရှိဘဲ ယိမ်းနှုတ်ခမ်းလေးက တင်းတင်းစေ့နေရသည်။

"ဟိတ် ဘာလုပ်နေတာလဲ"

သူက ယိမ်းနံဘေးသို့ လှစ်ခနဲလာထိုင်၏။

"စာအုပ်ဖတ်နေတာမတွေ့ဘူးလား"

"လေသံကမာလှချည်လား"

သူက ဖတ်လက်စစာအုပ်ကို လာဆွဲဖယ်လိုက်သည်။

ယိမ်းစာအုပ်က ဖျတ်ခနဲ သူ့လက်ထဲပါသွား၏။

"ရှင်ဘယ်လိုဖြစ်နေတာလဲ"

သူမက ခပ်တင်းတင်း မျက်စောင်းရွယ်ပေမဲ့ သူ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



က ရယ်ကျဲကျဲ ပြောင်စပ်စပ်လေးသာ။

စတိုင်လ်ဘောင်းဘီ ရေညှိစိမ်းရောင်မှောင်မှောင်နှင့် ရှပ်လက်ရှည်က အဖြူပေါ် အစိမ်းရောင်ပန်းပွင့်လေးတွေပါတဲ့အင်္ကျီ Brand အမြင့်ထဲကဆိုတာ သိသာနေပါသည်။

သူက ဘာပဲဝတ်ဝတ် ကြည့်ကောင်းသည်။ သူ့ဘော်ဒီက ကျစ်လစ်ပြီး အသားကလည်းဖြူတာမို့ လူချောလေးလို့ဆိုနိုင်သည်။

အင်း သူဒီလိုချောမောလွန်းလို့လဲ နက်နက်တစ်ယောက် အသည်းစွဲဖြစ်နေတာပေါ့။ ဘာကြောင့်မှ စိတ်မနာနိုင်ဘဲ စွဲစွဲမြဲမြဲ ငြိတွယ်နေတာလေ။

"ကျွန်တော့်ကိုကြည့်ပြီး ဘာတွေစဉ်းစားနေတာလဲ"

"မစဉ်းစားပါဘူး"

"ယိမ်း တစ်ခုခုကိုတွေးနေပါတယ်"

"ဖေဖြေ ဒီနေ့ ဆေးခန်းသွားရင် ယိမ်းမလိုက်တော့ဘူး"

ထိုစကားကြောင့် သူက ခပ်စိမ်းစိမ်းကြီး ဘုကြည့်ကြည့်သည်။

"ဟိုလေ ယိမ်းဗိုက်တွေအောင့်နေလို့၊ ဖေဖြေပဲ နက်နက်ကို လိုက်ပို့ပေးလိုက်လေ နော်"





"ဆရာမ သမီးဗိုက်ထဲကအောင့်အောင့်နေတယ်"

သူက ယိမ်းစကားကို မယုံနိုင်သလို ဗိုက်ကိုနှိပ်ဟန်ပြု၍ ပြောင်ပြသည်။

"ယိမ်း နောက်တာမဟုတ်ဘူး တကယ်"

"တကယ်ဆိုလည်း ပြီးတာပဲ၊ ကျွန်တော်တို့ အိမ်မှာပဲ စကားပြောမယ်လေ"

ဒီနေ့ မေမေဈေးသွားနေ၍ အိမ်မှာ ဘယ်သူမှလည်းမရှိပါ။

အိမ်ကကောင်မလေး ပုပုကလည်း မီးဖိုချောင်မှာ သူ့အလုပ်နှင့်သူ။

"မရဘူးလေ နက်နက်ကစောင့်နေမှာ"

"ဟာ မသွားဘူး၊ နည်းနည်းပါးပါးသက်သာရင် သူ့ဟာသူ ကားမောင်းပြီးသွားပစေ"

သူမက ဖေဖြေမျက်နှာကို အကဲခတ်သည်။ ဟန်ဆောင်ထားတာလား ပိရိလှချည်လား။

တိုးတက်နေတဲ့ အခြေအနေတွေ ယိမ်းမသိဘူးထင်နေသလား။

ယိမ်းနှဲ့နှဲ့မို့ နှုတ်ခမ်းလေးမှာ မသိမသာမဲ့ဟန်စွက်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ယိမ်းအနားမှာပဲနေချင်တယ်"

"ဓေသြ ရှင်ဘာစကားပြောတာလဲ၊ အဲလို လေ့နန်း ဖက်နင်းချင်တဲ့ ယောက်ျားမျိုးဆို ယိမ်းအမုန်းဆုံးပဲသိလား"

သူမစကားကြောင့် သူက အံ့အားသင့်သွားဟန်။

"ယိမ်း ဘာကိုပြောတာလဲ"

"ရှင် နက်နက်ကိုလည်း မျှော်လင့်ချက်ပေးခဲ့ပြီးမှ ဒီလို မလုပ်သင့်ပါဘူး"

"ကျွန်တော်က ဘာမျှော်လင့်ချက်ပေးလို့လဲ"

ဓေသြက မသိဆိုးရွားနိုင်စွာ ခပ်တည်တည်ပြန်ပေးမေး တာမို့ သူ့ကို အမြင်ကပ်လာမိပြီး

"မနေ့က နက်နက်ကို ရှင်ပဲကြင်နာခဲ့ပြီး"

"ဟာ ဘာဆိုင်လဲ၊ ယိမ်းပဲ ဆေးခန်းမောင်းပို့ဆိုလို့ ပို့ပေးရတာ"

"ရေသန့်ဆင်းဝယ်တဲ့အချိန် ကားထဲမှာလေ"

"ကားထဲမှာဘာဖြစ်လဲ"

"တော်ပြီ မသိဘူး"

"ပြောစမ်းပါ ဘာလဲ၊ ဒီမိန်းမက ကျွန်တော်ရည်းစား စကားပြောတယ်လို့များ လီဆယ်လို့လား"





သူက ယိမ်းကို မရမကမေးနေသည်။

"ရည်းစားစကားပြောတာနဲ့ သိပ်မထူးဘူးလေ"

"ဘာ"

"ရှင်ပဲ သူ့ဒဏ်ရာကို တယုတယနှိပ်ပေးတယ်မဟုတ်လား"

"ဟာ ကျွတ်၊ အဲဒါ ယိမ်းကို သူပြန်ပြောလား၊ သူပဲ နာလို့သေတော့မယ် ခြေထောက်ကို နည်းနည်းနှိပ်ပေးပါဆိုပြီး နည်းနည်းသနားရင် ကမ်းတက်လာတယ်၊ တောက်"

ဓေသြဓာမျက်နှာက နီရဲသွား၏။

"အစကတည်းက ကျွန်တော်သိတယ်၊ နှင်းဆီနက်ပုံက အမိဖမ်းချင်တဲ့ပုံပဲဆိုပြီး ကျွန်တော်ရှောင်တာပဲ၊ ဒီလိုပြောရင်လည်း ယိမ်းကမကြိုက်ဘူး၊ တစ်ဖက်သား မိန်းကလေးကို နစ်နာအောင် ပြောတယ်ဆိုပြီး ကျွန်တော့်ကို အသာလွတ် အပြစ်တင်ဦးမယ်၊ အခု သူဘယ်လောက် ရောင့်တက်လာပြီလဲ တွေ့လား၊ ကျွန်တော် တို့ချင်း အထင်လွဲအောင်လုပ်တာ၊ နေဦး ဒီကိစ္စ ကျွန်တော်အပြတ် ရှင်းမယ်"

ဓေသြက ဖုန်းခေါ်တော့မည်ဟန်ပြင်၏။ ဒီတော့မှ ယိမ်း



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်သူ့လက်မောင်းကို ဖမ်းဆွဲထားရသည်။

“အို ခေသြကလည်း အဲလိုသွားမမေးပါနဲ့၊ သူက
ကလေးချင်း ရိုးရိုးပြောတဲ့ဥစ္စာ”

“ယိမ်း ကျွန်တော့်ကို ဖွင့်ပြောလို့တော်သေးတာ
ဒီ တိုင်းကြိုတ်မြို့ပြီး စိတ်ကောက်နေရင် ကျွန်တော်သေပြီ၊ ဘာဖြ
ဘာဖြစ်မှန်းတောင် သိမှာမဟုတ်ဘူး၊ ချော့လို့လည်းရမှာမ
ဘူး”

သူ့စကားကြောင့် ယိမ်းမိုရင်မှာ ရက်နွေးနွေးကြီးဖြစ်
ရပါသည်။

လူကိုများ သူ့ချစ်သူလို ပြောဆိုသုံးနှုန်းနေလိုက်တာ
ချော့မရဘူးရယ်လို့ ဟွန်း။

“တကယ်ဆိုရင် ကျွန်တော်က နှင်းဆီနက်ကို
ပတ်သက်ချင်တာမဟုတ်ဘူး၊ ယိမ်းက လူမှုရေးအရ ခင်ခင်မင်
ဆက်ဆံပါဆိုလို့သာ၊ ဒီမှာယိမ်း ကျွန်တော် စကားကုန်ပြော
မယ်၊ သူ့ကို တစ်သက်လုံးမကြိုက်သေးဘူး၊ အဲဒါမှတ်ထား၊
ကျွန်တော့်ကို ဘယ်တော့မှ သံသယမဝင်နဲ့၊ အဲဒါ ကျွန်တော်
စော်ကားတာပဲ”





“အို သံသယဝင်တာမဟုတ်ပါဘူး၊ ကြိုက်သွားရင် ဝမ်းသာတောင်သာဦးမှာ”

“မညာပါနဲ့ကွာ ဒီရုပ်လေးက”

သူက ယိမ်းမေးစေ့လေးကို ချစ်စနိုးဆွဲညှစ်၏။

ယိမ်းက သူ့လက်ကိုပုတ်ထုတ်သည်။ သူက ပုတ်ထုတ်တဲ့ ယိမ်းလက်ဖျားလေးကို ဖမ်းဆွဲတာမို့ ရှုပ်ယှက်ခတ်နေရ၏။

“ခေသြနော်”

သူမရဲ့ ကြိမ်းဝါးသံကို သူက အရေးမလုပ်။ လက်ကို မလွှတ်တော့ အလန့်တဖျပ် ရင်ခုန်မိတာပေါ့။

သူနှင့် နီးနီးကပ်ကပ်ရှိနေသရွေ့တော့ ယိမ်းလည်း ဒီသံယောဇဉ်တွေကို လွှန်ဆန်ရုန်းထွက်ဖို့ မလွယ်လှပါဘူး။

ယိမ်းဖက်က လက်မခံဘဲ တွင်တွင်ငြင်းကွယ်နေလည်း သူက ရင်ထဲက တွယ်ငြိမှုကို ကောင်းစွာရိပ်မိနေသည်။

ယိမ်းကပဲ ဟန်ဆောင်မှုကို မကျွမ်းကျင်တာလား။

နင့်နင့်သည်းသည်း ချစ်မြတ်နိုးလှတာကို မချစ်သလို ဟန်ဆောင်ထိန်းချုပ်ရတာလည်း ထင်သလောက်မလွယ်ပါ။

တစ်ခါတရံ သူ့ပခုံးပေါ်မှီချပြီး ငိုရှိုက်ပစ်လိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



စွန့်လွှတ်ရသူမှာလည်း စိတ်ထိခိုက်ရတာပါပဲ။ နက်
အပေါ် သစ္စာဖောက်မိသလို ဖြစ်နေတာလည်း ကိုယ့်လိပ်ပြာ
မလုံ။

အချစ်တွေဟာ ထိန်းချုပ်ဖို့ခက်လွန်းလှသည်။

နက်နက်ကိုလည်း အပြစ်မတင်ချင်။

နူတ်ကစွန့်လွှတ်တယ် ပြောနိုင်ပေမဲ့ နက်နက်နှင့်တိုက်
နိုင်ပေမဲ့ တကယ်တမ်း ယိမ်းရဲ့မသိစိတ်မှာတော့ သူ့အပေါ် မြ
တွယ်တာခြင်းတွေက ပျောက်ပျက်မသွားနိုင်ပါ။

နှလုံးသားမှာ စစ်မှန်တဲ့ အချစ်တစ်ခု ပေါ်ပေါက်ဖြစ်
လာပြီဆိုရင် အဲဒါဟာ တစ်သက်စာပဲတဲ့။ ဖျောက်ဖျက်လို့မရ
စွဲထင်နေတော့တာပဲတဲ့။

ကျောင်းမှာတုန်းက သူငယ်ချင်းတစ်ယောက် ပြော
စကားက သိပ်မှန်နေတာ ယိမ်းကိုယ်တွေ့ပါပဲ။

"ကဲ ဖယ်နော်၊ နောက်ကျနေပြီ"

"ဘာနောက်ကျတာလဲ"

"နက်နက်ဆီသွားဖို့"

"ကျွန်တော်မလိုက်ဘူး တော်ပြီ"

"ယိမ်းမှ ကားမမောင်းတတ်တာ"

"တက္ကစီတွေဘာလုပ်ဖို့လဲ၊ ငှားသွားလိုက်"

"ရှင်နော် တော်တော်ပြောရက်ပါလား"

"သူ့ကို မတွေ့ချင်ဘူးဗျာ၊ ကျွန်တော် အရမ်းစိတ်ပျက်
ယ်လို့ ပြောလိုက်စမ်းပါ၊ ခင်ဗျားသူငယ်ချင်းကို"

"မပြောပါနဲ့ အားနာစရာကြီး"

"အားနာရင် ကျွန်တော့်ကို သူစားသွားလိမ့်မယ်"

"သြော် ခြေသြကစားစရာလား"

သူက ယိမ်းခေါင်းလေးကို လက်ဖဝါးနှင့် အုပ်ကိုင်လျက်
နိုးဖိချ၏။

"ဟွန်း"

ယိမ်းက မကြိုက်နှစ်သက်တဲ့ အသံလေးတစ်ခုပြုလျက်
ခေါင်းဖယ်တိမ်းလိုက်သည်။

"ချစ်လို့"

သူပြောတာကို မကြားယောင်ဆောင်ပြီး လှည့်ထွက်ခဲ့
သည်။

သူက ထမင်းစားခန်းနားက ဂိုက်ဘုတ်ပေါ်မှာ မာ့ခ်ကာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ရေးခြစ်လိုက်သည်။

ယိမ်းနွဲ့နွဲ့မိုကို ကျွန်တော်အရမ်းချစ်တယ်

ဧဒေသြဇာ

ဟင် ဘာရေးတာလဲ။

စိတ်မချလို့ သွားပြေးဖတ်ရ၏။

"ဟယ်တော့ ဘာတွေလျှောက်ရေးတာလဲ၊ ဖျက် ဖျက် မေမေတွေ့သွားမယ်"

"နားဖောက်ပြီးသားပဲပေါ့၊ မဖျက်ပါဘူး"

ယိမ်းက အတင်းသွားဖျက်တော့ သူက ဆွဲထားရင်း သဘောတကျရယ်မောနေသည်။

မေမေတွေ့မှာထက်ကို ယိမ်းက နက်နက်မတော်တဆ တွေ့မှာ ပိုကြောက်သည်။

မေမေကတော့ ကိုယ့်သမီးမို့ ယိမ်း ဧဒေသြအပေါ် ချစ်ခင် သံယောဇဉ်ရှိလှတာ ရိပ်မိပြီးသားပါ။

နက်နက်သိရင်သာ ဒေါသဖြစ်မှာ။

ယိမ်းက သူ့ကို မကျေမနပ်ထုရိုက်လျှင် သူက ယိမ်းလက် ကို လွှတ်ကိုမလွှတ်တော့ပါ။





ရိုက်မိတာပိုဆိုးနေသည်။

"စိတ်မဆိုးပါနဲ့ဗျာ၊ အားလုံးသိအောင် ကြော်ငြာလိုက် ပိုကောင်းမယ်ထင်တယ်နော်"

သူက ယိမ်းမခံချင်အောင် တဖွဖွလိုက်စနေလေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

နှင်းခါိနက်သည် အံကလေးကို တင်းတင်းကြိတ်၍ ရှက်နာကြည်းစွာ စီးဆင်းကျလာသော မျက်ရည်တို့ကို ပွတ်သုတ်ပစ်လိုက်သည်။

သူပြောစရာရှိတယ်ဆိုလို့ နက်မှာ ဗရမ်းဗတာ ရင်တွေခုန်သွားခဲ့ရတာ။

သူ အလေးအနက်ပြောတဲ့ စကားကကြည့်ဦး။

"ယိမ်းကို သူချစ်တယ်တဲ့ ဟိုအရင် ကျောင်းအတူတက်ခဲ့တဲ့အချိန်ကတည်းက စွဲစွဲလမ်းလမ်း ချစ်မြတ်နိုးခဲ့ရတာတဲ့"

ကြည့်စမ်းပါဦး မျက်နှာချင်းဆိုင်ပြီး သူရဲရဲတင်းတင်းကြေညာသွားခဲ့တာ။

နှင်းဆီနက်က ကြေကြေကွဲကွဲနှင့် သူ့မျက်နှာကို စိုက်ကြည့်နေခဲ့သည်။

ချစ်လေ ဘာဖြစ်လဲ။





ရှင် ဘယ်မိန်းမကိုပဲချစ်ချစ် ကျွန်မက ဂရုမစိုက်ပါဘူး။

ခံပြင်းစိတ်တွေက နက်ရင်မှာ ရုန်းကြွလာခဲ့သည်။

"ကျွန်တော့်နှလုံးသားမှာ တခြားမိန်းကလေးတစ်ယောက်အတွက် နေရာမရှိဘူး နှင်းဆီနက်၊ အဲဒါကြောင့် ကျွန်တော်နဲ့ယိမ်းကြားမှာ အထင်လွဲစရာဖြစ်အောင် ခင်ဗျား လုံးဝလုပ်မိပါစေနဲ့၊ ယိမ်းက ခင်ဗျားကြောင့် ကျွန်တော့်ကို အေးစက်စက်ဆက်ဆံနေတာ ကျွန်တော်သိတယ်၊ သူ့ကို စိတ်အနှောင့်အယှက်ဖြစ်ပါစေနဲ့၊ ကျွန်တော်တို့နှစ်ယောက်က အဲတီအလင်းသာ ရည်းစားမဖြစ်တာ၊ တစ်ယောက်ကိုတစ်ယောက် ရင်ထဲမှာ နှစ်နှစ်ကာကာ မြတ်နိုးကြတယ်၊ ဘယ်သူကြားဝင်ဖျက်ဆီးလို့မှ မပျက်စီးနိုင်ဘူး၊ အဲဒါကို ခင်ဗျားခေါင်းထဲမှာ မှတ်ထားလိုက်ပါ၊ ကျွန်တော်တို့ အဆင်မပြေဖြစ်အောင် ဝင်နှောင့်ယှက်ရင် ဘယ်သူ့ကိုမှ ကျွန်တော် သည်းခံမှာမဟုတ်ဘူး၊ ဒါကို နှင်းဆီနက်သိအောင် ကြိုပြောထားလိုက်မယ် ဒါပဲ"

ထိုသို့ ခပ်တင်းတင်းသတိပေးကာ နှုတ်ပင်မဆက်ဘဲ သူထွက်သွားခဲ့သည်။

သူ့ပုံစံ သူ့စကားသံကိုပြန်တွေးရင်း နှင်းဆီနက်မှာ နေမရထိုင်မရအောင် တနုံ့နုံ့နှင့် ရှက်နာကြည်းနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးလို့မရဘူးတဲ့။

ကြည့်ရသေးတာပေါ့ ဓေဒြာရေရယ်။

ရှင်ချစ်ပါတယ်ဆိုတဲ့ ယိမ်းနှဲ့နှဲ့မိုကဘာလဲ။

သူက ကျွန်မလက်ခုပ်ထဲကရေပါ။

ဒါကို ရှင်မကြာခင် သိစေရမယ်။

နှင်းဆီနက်က မျက်ရည်အကုန်အစင်သုတ်ပြီးနောက် နိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်၏။

ဝတ်ထားတဲ့ ဂျင်းဘောင်းဘီနှင့် တီရှပ်အနက်ပေါ်ကနေ လယ်သာဂျာကင် အပါးစားလေးတစ်ထည်ကို ထပ်ဝတ်လိုက်သည်။

ပြီးလျှင် ကားသော့ယူကာ ခြံထဲဆင်းလာ၏။

လက်ထဲက လက်ကိုင်ဖုန်းနှင့် ယိမ်းဆီ ဖုန်းဆက်လိုက်သည်။

"ယိမ်း ငါပြောစရာရှိတယ်၊ နောက်ဆယ့်ငါးမိနစ်ဆို ရောက်လာမယ်၊ ယိမ်း အောက်ဆင်းခဲ့ပါ ဟုတ်ပြီလား"

ယိမ်းမှာ ဘုမသိဘမသိ လန့်ဖျပ်သွားရပါသည်။

နက်နက်အသံက တစ်မျိုးကြီးဖြစ်နေသည်။

သူငိုထားတာလား။ ဟုတ်မှာပါ။





ဘုရားရေ ဓေဒြာနဲ့ ဘာပြဿနာတက်ပြန်ပြီလဲ။

သူမ ရင်တထိတ်ထိတ်ခုန်လာရ၏။

နောက်ဆယ့်ငါးမိနစ်ခန့်ကြာလျှင် နက်နက်မောင်းလာတဲ့ ကားလေးက ယိမ်းတို့ရဲ့ တိုက်အောက်ခြေသို့ ရောက်လာခဲ့ပါသည်။

ယိမ်းက မေမေ့ကိုပြောကာ လှေကားမှဆင်းခဲ့သည်။

အချိန်မှာ ညရှစ်နာရီခန့်ပင်ရှိနေပါပြီ။

"ဘယ်သွားမလို့လဲနက်ရဲ့"

"ကားပေါ်သာတက်စမ်းပါ"

ယိမ်းတက်ပြီးလျှင် နက်နက်က ဝေးဝေးလံလံမသွားဘဲ ဘုံစင်တာဝင်းထဲ ကားကိုချိုးကွေ့ဝင်လိုက်သည်။

ပြည်လမ်းနှင့်နီးတဲ့အခြမ်းဖက် ကားပါကင်မှာ ကားတွေ ရှင်းနေတော့ သူက အဲဒီမှာပဲရပ်လိုက်ပါသည်။

ကားစက်သတ်ပြီးလျှင် ကူရှင်ကိုမှီလျက် ယိမ်းဖက် မျက်စိ လေးစွေလျှက် ကြည့်လိုက်သည်။

နက်နက်အကြည့်ကတစ်မျိုးပင်။ ယိမ်းမသိတဲ့ အဓိပ္ပါယ် များစွာ ပါဝင်နေသလို ထင်မိသည်။

နှင်းဆီနက်က ဆံပင်လေးနှစ်ဖက်ခွဲချည်ထားတဲ့ ယိမ်း



www.burmeseclassic.com

www.burmeseclassic.com



မိုရဲ့ ရိုးရှင်းတဲ့ဟန်ပန် ရင်ဖုံးလက်ပြတ်ချည်သားအင်္ကျီ ပန်းခရမ်းရောင်နှင့် စကဒ်အရှည် အဆင်တူဒီဇိုင်းလေးကို ဝတ်ဆင်ထားတဲ့ သွယ်နွဲ့နွဲ့ကိုယ်ဟန်ကိုကြည့်ရင်း သူက ငါ့ထက်ဘယ်လောက်များ ပိုလှလို့ပါလိမ့်ဟု မနာလိုစွာတွေးမိသည်။

ပိုလှနေတယ်လို့လည်း နက်မထင်ပါဘူး။

ဧသြဇာက ချစ်တယ်လို့ဆိုလိုက်တဲ့အခါ လှတယ်ထင်မိတဲ့ ယိမ်းမျက်နှာဟာ နက်အမြင်မှာ အလိုလို မုန်းတီးခါးသက်ချင်စရာ ဖြစ်သွားပါသည်။

ဧသြသဘောကျတာကိုတော့ နက်နက်ရိပ်မိပါသည်။

ဒါပေမဲ့ ဖွင့်ပြောကြေညာလာတော့ တစ်မျိုးပေါ့လေ။

စိတ်ဆိုတာကလည်း ဆန်းကြယ်သည်။ အမြဲတမ်း ခင်မင်လာခဲ့တဲ့ သူငယ်ချင်းအပေါ် ရှိရင်းစွဲစေတနာတို့ ပျက်ခဲ့လေပြီ။

ယှဉ်ပြိုင်ဖက်လိုဖြစ်လာတဲ့အခါ ထားမိတဲ့ မေတ္တာစေတနာတွေက အလိုလိုခန်းခြောက်သွားတယ် ယိမ်းမို။

ဒါက ငါ့အပြစ်မဟုတ်ဘူး။ နင့်လူ ဧသြရဲ့အပြစ်ပါ။

ငါ နင်တို့နှစ်ယောက်ကို လွယ်လွယ်လေးနဲ့ ခွင့်ပြုမယ်ထင်သလား။

စိတ်ပုပ်တယ်လို့ဆိုရင်လည်းဆိုပေါ့။ လူဆိုတာ





ကိုယ့်အတ္တနဲ့ကိုယ်ပဲ။ အတ္တချင်းယှဉ်ပြိုင်ရင် အရှုံးမပေးနိုင်တာ သဘာဝပဲလေ။

"နက်နက် နင်ဘာဖြစ်လာတာလဲ"

"ဒီမှာယိမ်း နင့်ကို ငါအစကတည်းက သေချာမေးခဲ့တယ်နော်၊ ဧသြနဲ့ ရိုးရိုးသူငယ်ချင်းပဲလား နင်ကြိုက်လား မကြိုက်ဘူးလားဆိုတာ နင်ကမကြိုက်ဘူးလို့ဖြေခဲ့တယ်နော်၊ မှတ်မိရဲ့လား"

နက်နက်ရဲ့ အေးစက်မာကြောတဲ့ ပုံစံကြောင့် ယိမ်း နှလုံးသားမှာ တုန်ယင်သွားလေသည်။

"မှတ်မိပါတယ် နက်ရယ်"

သူ့မအသံလေးက တိုးဖျော့နေရ၏။

"ဒါဖြင့်အခုရော အခုစိတ်ပြောင်းသွားပြီလား"

ယိမ်းခဏငြိမ်နေမိကာ

"မပြောင်းပါဘူး"

"အေး ဒါဖြင့်ပြီးရော၊ နောက်မှတော့ ဘာဘာညာညာအသံ -မကြားချင်ဘူးနော်၊ သင်းက ပရိုပိုစ့်လုပ်လည်းပဲ နက်လက်မခံနဲ့၊ ဒီကောင့်ကို ပညာပေးရမယ်၊ နင်ပြန်ကြိုက်ရင်တော့ နင်နဲ့ငါနဲ့ ရန်သူဖြစ်ပြီပဲ ယိမ်း၊ နက်နက်အပြတ်ပြောလိုက်ပြီ ဒါပဲ"

ယိမ်းရင်မှာ နင့်ခနဲ အံ့အားသင့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဖက်ကအားတင်းပြီး စွန့်လွှတ်ဖို့ ကြိုးစားရသူ သို့သော် သူက ဒီလိုအမိန့်ပေးတားမြစ်တော့ မယုံနိုင်အောင် ရသည်။

ဒီလောက်အထိတော့ နက် သူမကို မဖိနှိပ် မကန့်ကွက် သင့်ဟု ယိမ်းထင်သည်။

ခေသြပြောသလို ဗိုလ်ကျစိုးမိုးအနိုင်ပိုင်းရာ မကျဘူး

သူ့ကျေးဇူးကြွေးတွေကြောင့်သာ ရေငုံနှုတ်ဆိတ်နေမိ လည်း ရင်ထဲမကောင်းလှပါ။

နက်သဘောထားက သေးသိမ်လွန်းသည်။

နှလုံးသားနှင့်ရင်းကာ ကျေးဇူးတုံ့ပြန်ချင်လှသော ယိ အတွက် စေတနာကနေ ဝေဒနာဖြစ်အောင် နက်လုပ်နေသည်

အချစ်ဆိုသောအရာသည် တစ်ခါတစ်ရံ ကြောက်ခ လိလိ အမှားများဆီတွန်းပို့နိုင်သည်။

နက်နက်ကြည့်ရတာ အချစ်မှန် မှန်နေပုံရသည်။

"ဘယ်လိုလဲယိမ်း ငါ့ကိုကတိပေးမလား"

"ယိမ်းက ဘာကိုကတိပေးရမှာလဲ"

"သူ့ကို အကပ်မခံနဲ့ပေါ့၊ ယိမ်းကိုဆိုရင် သူက ပိုင် ပိုင်နင်းနဲ့ ထိပ်ပုတ်၊ ခေါင်းပုတ်နဲ့၊ လက်ဆွဲလားဆွဲရဲ့၊ ငါတော





မျက်စိရှက်မိတယ်၊ နင်လည်း မိန်းကလေးတစ်ယောက်ပဲ ကိုယ် လက်မခံနိုင်ဘဲနဲ့ သိပ်ကြီး အရောတဝင် ရင်းနှီးတာ ဘယ်ကောင်း မလဲ၊ နင့်အိမ်ကိုလာလိုက်တာလည်း ချောင်းပေါက်တော့မယ်၊ ကြာ ရင် နင်ပဲနာမည်ပျက်နဲ့ကျန်ခဲ့မှာ နားလည်ရဲ့လား"

ယိမ်းမှိုမှာ မျက်စိပျက်မျက်နှာပျက်လေးနှင့် ငြိမ်သက်သွား ရပါသည်။

နက်နက် ဒါယိမ်းကို မုန်းလို့ပြောနေတာပေါ့နော်။

ယိမ်းသိပါတယ်။

သူနဲ့ဆုံခွင့်မရလျှင် ယိမ်းနှင့်လည်း ဆုံခွင့်မရအောင် ဖျက်ဆီးပစ်ဖယ်ဆိုတဲ့စိတ်နဲ့ သူပြောနေတာ။

"နင်နဲ့ငါနဲ့ကြားမှာ ခေသြကြောင့်လည်း ပြဿနာမဖြစ် ချင်ဘူး၊ နက်အတွက် ယောကျာ်းမရှားသလို ယိမ်းအတွက်လည်း ရှားမယ်မထင်ပါဘူး၊ တို့နှစ်ယောက်လုံး သူ့ကို မပတ်သက်ဘဲ အဆက်ဖြတ်ရအောင်၊ သူငယ်ချင်းတွေ လက်တွဲမဖြုတ်စတမ်းပေါ့၊ ဘယ်လိုလဲ"

နက်နက်စကားတွေက အတော်ကြီးသောင်ကျော်နေပါ သည်။ သူမရဲ့ ကိုယ်ရေးကိုယ်တာများကိုပင် စွက်ဖက်ပိတ်ပင် အကြပ်ကိုင်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နင်ကြိုက်ရဲရင် ကြိုက်ကြည့်လိုက်စမ်းဆိုတဲ့ စိန်ခေါ်မှု မဟုတ်ရင်ဘာလဲ။

ယိမ်းနှလုံးသားမှာ နက်အပေါ် ဒေါသမဖြစ်စဖူး ဖြစ်လာ ပါသည်။

သို့သော် ချက်ချင်းပဲ စိတ်ကိုလျှော့လိုက်သည်။

နက်နှင့် စိတ်ဝမ်းမကွဲချင်ပါ။ အခင်မင်လည်း မပျက်ချင် အထူးသဖြင့် ယိမ်းအပေါ် မျက်မုန်းမကျိုးစေချင်။

ယိမ်းက သူ့အချစ်ကို လုယူတာတော့မဟုတ်။

သို့သော် သူ့လက်ကနေလွတ်စေတဲ့ တရားခံက ယိမ်း နေတာ နားလည်မိပါသည်။

သူသည် အချစ်ဇာများ နာကျင်ခံခက်မှုများနှင့် ပျော ခတ် လောင်မြိုက်နေရှာသူ။

တစ်နည်းအားဖြင့် ကရုဏာသက်စရာပင်ဖြစ်သည်။

ဒီအချိန်မှာ ဓေဒြကိုသာ ယိမ်းက လက်ခံလိုက် နက်တစ်ယောက် ယမ်းပုံမီးကျ အစွမ်းကုန် ပေါက်ကွဲလိမ့်မ

သူ့ဟာသူ ပေါက်ကွဲတော့ဘာဖြစ်လဲဟု ယိမ်းဖက် လျစ်လျူမရှုနိုင်ပါ။

ယိမ်းမှာ စိတ်သောကတွေ့ ဖိစီးနေခဲ့စဉ်က သူက ယိ





အက်အခဲတွေအားလုံးကို ကူညီဖြေရှင်းပေးခဲ့သူပါ။ ဒါကို မေ့ပစ် သို့မဖြစ်။ ဒါကိုထောက်ထားရမည်။

ယိမ်း နင် သည်းခံလိုက်ပါ။

သူမကိုယ်သူမ သတိပေးနားချမိ၏။

ဒီအချိန်မှာ နှင်းဆီနက်ဟာ မရှက်မကြောက် ဖွတ်တိုး ချစ်မိတဲ့ ယောကျ်ားတစ်ယောက်အတွက်နဲ့ မတိုးသာ မဆုတ်သာ သောကဖိစီးနေတာပါ။

သူ့ရဲ့သောကကို ပိုတိုးအောင် ယိမ်းမလုပ်သင့်ပါဘူး။

"ယိမ်း ငါမှားချင်လည်းမှားမယ်၊ ဒါပေမဲ့ နင် ငါ့ဖက် ကရပ်တည်ပေးပါ၊ ငါခံစားရသက်သာအောင် သူ့ကို နင့်နားက ဖြုတ်လိုက်ပါ"

"အေးပါနက်ရယ် စိတ်အေးအေးထားပါ၊ သူ့ကို ဘယ်လို ပြောရမလဲ ငါစဉ်းစားလိုက်ပါဦးမယ်"

ယိမ်းမိုက နှင်းဆီနက်ကို နှစ်သိမ့်ရင်း လေးလံလာသော နှင်းကြပ်မှုတွေသက်သာအောင် ပင့်သက်ကလေးသာ အကြိမ်ကြိမ် ရှိုက်မိတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"သမီး ယိမ်းရေ"

မေမေ့ခေါ်သံကြားလျှင် ရင်ထဲဆတ်ခနဲ ခုန်လှုပ်သွား
သည်။

အခုန တံခါးဖွင့်သံ စကားပြောသံကြားရကတည်းက
သူရောက်လာပြီဆိုတာ ယိမ်းသိပါသည်။

တမင်တကာ အခန်းထဲမှာ ပေတေလဲလျောင်းနေတာ

"သမီး မောင်ဩဇာရောက်နေတယ်"

မေမေက အခန်းတံခါးဟကာလာပြောမှ သူမ လူးလဲ
လိုက်၏။

ဝတ်ထားတဲ့ ရုပ်လက်ရှည်ပုံစံ ပန်းနုပေါ် ကွမ်းရိုးစင်းအဖြူ
လေးတွေပါတဲ့ အင်္ကျီကို ခါးဆွဲချရင်း သူ့ကိုထွက်တွေ့ဖို့ အားခွေ
နေမိသည်။

မျက်ရည်ကျထားတဲ့ မျက်လုံးတွေက သိပ်များသိသာ





...နေမလား မှန်ထဲကို တစ်ချက်ကြည့်ရသေးသည်။

ယိမ်းမျက်နှာလေးက မို့အစ်အစ်နှင့် နီရောင်ပြေးနေသည်။

"မေမေ သမီးအခန်းရှင်းလိုက်ဦးမယ်"

မေမေက သူမအိပ်ထားတဲ့ အိပ်ယာခင်းကို ဆွဲဆန့်
...ခေါင်းအုံးတွေ ဖက်လုံးတွေပြန်စီ။ ဘီရိုထဲက ခေါင်းအုံးစွပ် အသစ်
...ထုတ်။ စဖြင့် ရှင်းလင်းပေးနေစဉ် ယိမ်းက အခန်းထဲမှထွက်
... ညှို့ခန်းဆီလျှောက်လာသည်။

ဇေဩက သူမရဲ့မျက်နှာကလေးကို တစိုက်မက်မက်
...ငေးကြည့်နေသဖြင့် ယိမ်းက မျက်နှာလေးငုံ့ချလိုက်၏။

"ယိမ်း"

သူက တစ်စုံတရာကို အကဲခတ်မိသလို

"ယိမ်းဘာဖြစ်လဲ နေမကောင်းဘူးလား၊ မျက်ခွံတွေ
...ည်းမို့နေတယ်"

ဂရုတစိုက်မေးပုံကြောင့် ငိုချင်ရဲ့လက်တို့ ပိုဝမ်းနည်းမိ၏။

"ဘာမှမဖြစ်ပါဘူး"

"ယိမ်း တစ်ခုခုဖြစ်နေပါတယ်"

"ဇေဩကို တစ်ခုတောင်းပန်ချင်လို့ပါ"

"ဘာလဲယိမ်း"



www.burmeseclassic.com

www.burmeseclassic.com



ယိမ်းက သူ့ကိုမကြည့်ဘဲ။

"နောက်ဆို ယိမ်းတို့အိမ်မလာပါနဲ့"

"ဘာ"

"ယိမ်းကိုမုန်းလိုက်ပါ"

"ပြန်ပြောစမ်းပါ မုန်းလိုက်ပါ ဟုတ်လား၊ ကျွန်တော်[illegible] ဘာလို့ နေရင်းထိုင်ရင်း ယိမ်းကိုမုန်းရမှာလဲ၊ အဓိပ္ပါယ်မရှိတာ[illegible] ကျွန်တော့်ကို မလာနဲ့နှင်လည်း ကျွန်တော်ကတော့ လာမှာပဲ"

"ရှင့်ကို ကျွန်မတကယ်ပြောနေတာပါ"

"ရှင်ပြောမရလည်း ကျွန်မက ရှောင်နေတော့မှာ အ[illegible] မခံဘူး"

"ယိမ်း"

သူက စိတ်လှုပ်ရှားသလို ယိမ်းပခုံးနှစ်ဖက်ကို ရုတ်[illegible] ရက် ဆုပ်ကိုင်လိုက်သည်။

"ဖယ် ရှင် ကျွန်မကိုလာမထိနဲ့၊ ရှင်နဲ့ကျွန်မနဲ့ ဘာမှမ[illegible] ဘူး"

"ဟာကွာ"

သူ့လက်တွေကို စိတ်ဆိုးမာန်ဆိုး ဖယ်ချလိုက်တဲ့ ယိမ်း[illegible] အပြုအမူကို သူအံ့ဩနေသည်။

ယိမ်း ဒီလိုတစ်ခါမှ မစိမ်းကားသဖြင့် သူမခံနိုင်အောင် [illegible]းတွေဆူပွက်လာမိသည်။

ပြဿနာက မသေးဘူးဆိုတာလည်း သူသိသွားရလျှက် [illegible]ထဲ ပူလောင်လာရ၏။

"ယိမ်း ကျွန်တော့်ကို ဒီလိုမလုပ်ပါနဲ့၊ ကျွန်တော်ယိမ်းကို [illegible]ယ်လောက်ချစ်ရသလဲ သိသားနဲ့ကွာ"

"ချစ်စရာလည်းမလိုဘူး ဖေဩဇာ၊ ရှင့်လမ်းရှင်လျှောက် ကျွန်မကို မနှောင့်ယှက်ပါနဲ့"

ယိမ်းမိုက သူ့ကို လွယ်လွယ်ကူကူ ခွာမရမှန်းသိတာမို့ [illegible]တင်ယူဆောင်ထားတဲ့ ဓာတ်ပုံအယ်လ်ဘမ်တစ်ခုကိုဆွဲယူပြီး တစ်နေ[illegible]ကို လှန်လှောပြရင်း

"ဒီမှာသေချာကြည့် အဲဒါ မောင်လေးဝဏ္ဏရဲ့သူငယ်ချင်း၊ [illegible]မကိုလက်ထပ်ဖို့အတွက် စကားကမ်းလှမ်းထားပြီး သူ့ကို ကျွန်မ[illegible]က်ခံတော့မှာသိရဲ့လား"

"ယိမ်း ခင်ဗျား"

သူ့စကားမဆက်နိုင်အောင်ပင် တုန်လှုပ်အံ့ဩသွားသည်။

[illegible]တ်သားလှချည်လား။

"ဒါကြောင့် ရှင်ပြန်ပါဖေဩဇာ၊ နောင်လည်း ပတ်သက်





www.burmeseclassic.com

www.burmeseclassic.com



ဖို့ မကြိုးစားပါနဲ့"

"ကျွန်တော်မယုံဘူး"

"အို ရှင်မယုံလည်း မတတ်နိုင်ဘူး၊ ကျွန်မကိုလည်း မခေါ်နဲ့တော့၊ ကျွန်မက သူ့ဇနီးလောင်းဖြစ်"

"ဘာ ဇနီးလောင်းလဲ ကဲကွာ"

ဒေသြက ယိမ်းလက်မှ စာတ်ပုံအယ်ဘမ်ကို ဒေါသတကြီး ဆွဲယူလွှင့်ပစ်လိုက်၏။

ယိမ်းပင် မျက်လုံးပြူးသွားရ၏။

"ယိမ်းကို ကျွန်တော်ကလွဲရင် ဘယ်ကောင်မှ မပိုင်ဆိုင်စေရဘူး၊ အဲဒါကိုမှတ်ထားလိုက်"

"ဟဲ့ ဘာဖြစ်တာတုန်း"

ညှော်ခန်းဆီမှ ရုန်းရင်းဆန်ခတ် အသံတချို့ကြောင့် ဒေါ်ထားထားနွဲ့က အခန်းထဲက ပြေးထွက်လာသည်။

မေမေထွက်လာတဲ့အချိန်မှာ ယိမ်းက ရှိုက်ငိုနေပြီး ဒေသြက ခြေသံပြင်းပြင်း နင်းထွက်သွားပြီ။

"သမီးလေး ယိမ်းမို၊ ဘာဖြစ်တာလဲသမီး"

မထိတ်သာမလန့်သာမေး၏။

မေမေ့ကို ဘာမှမဖြေနိုင်ဘဲ ကြိတ်၍သာ ရှိုက်နေမိ၏။

ငိုချင်တာပဲသိပါတယ် မေမေရယ်။

ကျေးဇူးပြုပြီး သမီးကို ဘာမှမမေးပါနဲ့နော်။

တင်ထားတဲ့စိတ်တွေကို လျှော့ချပြီးနောက် မေမေရင်ခွင်ထဲ မျက်နှာအပ်၍ ငိုကြွေးပစ်လိုက်မိသည်။

အလိုချင်ဆုံး အတောင့်တဆုံး အမြတ်နိုးဆုံး အချစ်တွေကို ဆုံးရှုံးရတာ ယိမ်း ဘယ်လောက်ရင်နာရသလဲ ရှင်မသိပါဘူး ဒေသြရယ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ယိမ်းနှင့်သူနှင့် အကြီးအကျယ် ပေါက်ကွဲပြဿနာဖြစ်တဲ့

နေ့ကစလို့ ဇေသြပေါ်မလာတော့ပါ။

သူလည်း ထပ်လာရမှာ မျက်နှာပူသည်ထင်ပါရဲ့။

ယိမ်းလည်း သူ့ကိုမမျှော်လင့်ချင်တော့ပါဘူး။

မေ့ထားလိုက်တာပဲကောင်းပါတယ်။

ဒါပေမဲ့လည်း မိုးလင်းလို့ မျက်စိဖွင့်လိုက်တာနှင့် သူ့ကို

အရင်ဆုံး သတိရတတ်တဲ့အကျင့်က မပျောက်သေးပါလား။

သူ့မျက်နှာကို မမြင်ရတာ ဒီတနင်္ဂနွေဆို ရက်သတ္တပတ်

သုံးပတ်ပြည့်ပြီ။

တကယ်ဝေးသွားခဲ့ပြီ ဇေသြ။

မတွေ့ကြတာပဲ တစ်လနီးပါးရှိတော့မယ်။

တို့ဇာတ်လမ်းလေး ပြီးပြီပေါ့နော်။

နှလုံးသားမှာ သံယောဇဉ်တွေက ကျန်နေဆဲပါ။





ခပ်ခွာခွာနေရလည်း စိတ်တွေက သူ့ဆီသာ ရောက်လျှက်

ပါလား။

ယိမ်းမို့သည် ဖျင်းနေတာလား။ စိတ်ဓာတ်ကျနေတာ

သားမသိ။

အိပ်ရာပေါ်လှဲမိပြီဆိုရင် ရေတောင်ထမချိုးချင်ပေ။

စိတ်ချမ်းသာ ပျော်ရွှင်မှုတွေလည်း ဆိတ်သုန်းနေသလို

ခံစားရသည်။

လူကတော့ ပုံမှန်နေ့စဉ် လှုပ်ရှားနေကျအတိုင်း ဝတ္တရား

တွေနှင့် ရှိနေတာပေါ့လေ။

ဒါပေမဲ့ ရင်ထဲမှာ လစ်ဟာကြေကွဲနေသည်။

နှလုံးသားမှာ အလိုလိုပင်ပန်းဆင်းရဲလှသည်။

ရေချိုးဖို့ကိုပင် အရှိန်ယူပြီး ကြိုးစားရသည်။

လူတွေဟာ အချစ်ရဲ့စွမ်းအားတွေကြောင့်သာ လောကကြီး

မှာ ပျော်ရွှင်လှုပ်ရှားတတ်ကြနေကြတာလား။

အချစ်မရှိရင် စွမ်းအားတွေလည်း လျော့သွားတတ်

သလား။

အလွမ်းစိတ်နှင့်ပဲ ယိမ်းက ရေချိုးဖို့ပြင်သည်။

အင်္ကျီလေးကို ခေါင်းပေါ်ကဆွဲချွတ်ပြီး ထမီရေလျှားလျက်



www.burmeseclassic.com

www.burmeseclassic.com



တဘက်လေးလွှမ်းပြီး ရေချိုးခန်းဝင်ခဲ့သည်။

ရေအေးအေးလေးကို အားပါးတရ ခေါင်းလျှော်ပြီး ချိုးလိုက်သဖြင့် တစ်ကိုယ်လုံး လန်းဆန်းအေးမြသွားရသည်။

ပြီးလျှင် အခန်းဆီသို့ ပြန်လျှောက်လာသည်။

"ဟင် ယိမ်းမို၊ ညနေစောင်းကြီး ခေါင်းတွေလျှော်တယ်ဟုတ်လား"

"အိုက်လို့ပါမမေရယ်"

မမေက ယိမ်းဆံပင် ရေစိုတွေကို တဘက်နှင့် ကူသုတ်ပေးသည်။

ဆံပင်တွေကို ရေစင်အောင်သုတ်ပေးရင်းက

"အခုဏ မောင်ဩဇာ ဖုန်းဆက်သေးတယ်သမီး"

"ယိမ်းမရှိဘူးလို့ပြောလိုက်တယ်မဟုတ်လား"

အခုတလော ဇေဩ ဖုန်းဆက်တိုင်း မမေပဲ ညာပေးနေရသည်မဟုတ်လား။

"ရေချိုးခန်းဝင်နေတယ်ပဲ ပြောလိုက်တယ်"

"ဟင် မမေကလည်း အဲဒါဆို သူထပ်ဆက်နေမှာပေါ့"

"ယိမ်းလေးကို မမေမေးချင်တာကြာပြီ"

"ဘာကိုလဲ မမေရဲ့"





"မောင်ဩဇာနဲ့သမီးနဲ့ ဘာပြဿနာဖြစ်တာလဲ"

ယိမ်းက နှုတ်ဆိတ်သွား၏။

"တစ်ခုခုဖြစ်နေတယ် မှန်မှန်ပြော၊ သမီးလေးမောင်ဩဇာကို သံယောဇဉ်ရှိတာလည်း မမေသိပါတယ်၊ မောင်ဩဇာကလည်း ဘာမှ အပြစ်ပြောစရာမရှိတဲ့ ကလေးပဲလေ၊ ဟိုးအရင်ကတည်းက သိကျွမ်းခင်မင်လာတဲ့သူချင်းပဲ"

"ထားလိုက်ပါမမေရယ်၊ သူ့အကြောင်းမပြောပါနဲ့တော့"

"မောင်ဩဇာမှာ ဘာအပြစ်ရှိလို့လဲ"

"ဟင့်အင်း"

"မမေသိသလောက်တော့ မောင်ဩဇာက သမီးလေးအပေါ် အင်မတန် အနွံအတာခံသားပဲ၊ သူ့မှာ သမီးမျက်နှာတစ်ချက်ညှိုးရင်တောင် မနေတတ်အောင် ဖြစ်နေရှာတာ၊ သဘောထားလေးလည်း ပြည့်ဝသားပဲ၊ ဘာမဆိုလည်း ကူညီလုပ်ကိုင်ပေးချင်စိတ်ရှိတယ်၊ စိတ်ကောင်းရှိတဲ့ ကောင်လေးပါကွယ်၊ သမီးဖက်က သေးသေးဖွဲဖွဲကိစ္စမျိုးဆိုရင် ခွင့်လွှတ်ပေးလိုက်ပါလား"

ယိမ်းမှာ သက်ပြင်းလေးသာရှိုက်မိသည်။

မမေက သူ့ဖက်ကနေ ကူညီဖျောင့်ဖျပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယိမ်းက နက်အတွက်ကြောင့် ရှောင်ပေးရတာ။ သူ့ကို မုန်းရတာဆိုတာ မေမေ့သိမှာမဟုတ်ပါ။

ဒါကို ယိမ်းလည်း ဘယ်လိုရှင်းပြရမလဲ။

"ဘာပဲဖြစ်ဖြစ် ယိမ်းသူနဲ့ မတွေ့ချင်ဘူး၊ ဒီတစ်ခါဖုန်းဆက်ရင် ယိမ်းက မပြောချင်ဘူးလို့သာ ပြောလိုက်ပါ မေမေရာ နော်"

မေမေက ခပ်လေးလေးသာ ခေါင်းဆတ်သည်။

ဒီတစ်ခါ သမီးဖြစ်သူရဲ့လုပ်ရပ်ကို သူပင်နားမလည်။

သမီးကိုကြည့်ရတာ မောင်သြဇာကို မတွေ့ချင်ဘူးလို့လည်း တွင်တွင်ငြင်းပါရဲ့။ ပြီးတော့ တစ်ယောက်တည်း ကြိတ်လွမ်းကာ မျက်ရည်ကျနေတာလည်း မေမေ့အမြင်။

အင်း ကလေးတွေကိစ္စ အသာကြည့်နေတာပဲ ကောင်းမယ်ထင်သည်။

ခေါ်ထားထားနဲ့ကတော့ သမီးမျက်နှာလေး ပြုံးပျော်ရွှင်လန်းဆန်းနေတာကိုပဲ မြင်တွေ့ချင်သည်။

◆ ◆ ◆



ယုဇနဂါးဒင်းဟိုတယ်ဝင်းလေးရဲ့ တစ်နေရာမှာ မမျှော်လင့်ပဲ ခေသြဇာကို တွေ့လိုက်ရတော့ နှင်းဆီနက် ရင်ခုန်သံတို့ ဆူညံမြည်ဟီးသွားရသည်။

ကြည့်စမ်းပါဦး စတိုင်ပင်အနက်ရောင်ပွပွနှင့် ရှပ်လက်ရှည် အပြာပျော့ပျော့ကို ဝတ်ဆင်ထားပေမဲ့ ဆံပင်တွေက ခါတိုင်းလို သပ်ရပ်မနေဘဲ ပွရောင်းရောင်းနှင့်ပါလား။

သူလျှောက်လာတဲ့ခြေလှမ်းတွေကလည်း စိတ်မပါသလိုလို။

ဒီမှာ သူတစ်ယောက်ထဲ ဘာဘယာလာသောက်တာလား။

ဟုတ်မှာပါ။

ယိမ်းနဲ့နဲ့မို သူ့ကိုအတွေ့မခံတော့ဘဲ အဆက်ဖြတ်လိုက်ဘာကို သူ သိပ်ခံစားနေရသလား။

ရုတ်တရက် ရင်မှာ စာနာတွေးလေးဝင်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ယိမ်းက နက်စိတ်တိုင်းကျ သူ့ကို ခွန့်ခွာပေးတာမို့ ကျေနပ်မိပေမဲ့ တစ်ခါတခါတော့လည်း ကိုယ့်ဘာသာကိုယ် မှားသွားပြီလားဟု နောင်တရချင်ချင်ပါ။

ကဲ အခု နက်မျှော်လင့်သလို သူ့ကို တစ်ယောက်တည်းမြင်ရပြီ။

နက်ရဲ့မျှော်လင့်ချက်တွေ ပြန်ရှင်သန်လာခဲ့ပြီ။

သူ့အနားမှာ ယိမ်းမှမရှိတော့ဘဲ။

အခုနေ သူ့ကို နက်ပြန်ချဉ်းကပ်မယ်ဆိုရင်ရော။

နှင်းဆီနက်က ဖိနပ်ဝယ်လာတဲ့ အိတ်ကလေး လက်ကဆွဲကာ သူ့ထံ လှစ်ခနဲ ပြေးသွားလိုက်ပါသည်။

"ဩ"

နောက်ပါးမှ ခေါ်သံကြောင့် ဓေဩက ဆတ်ခနဲ လှည့်ကြည့်၏။

နှင်းဆီနက်။

ကြိုးမှျင်သေးသေးပါးပါးလေး ဂုတ်သိုင်းချည်ထားတဲ့ ရှင်ကျယ်ပုံစံအင်္ကျီ အနက်ရောင်နှင့် ဆောင်းဘီအနက်ရောင် သရီးကွာတားလေးကို ဝတ်ထားသည်။ ဖိနပ်က ကြိုးသိုင်းအနက် ပုံစံလေးက အဆင့်မြင့် သပ်ရပ်စွာ အသက်ရှုမှားလောက်အောင် ဆွဲ





ဆောင်မှုရှိပေမဲ့ ဓေဩကတော့ သူမကိုတွေ့တာနှင့် အလိုလို မျက်ခုံးနွဲ့သွားရပါသည်။

သူမမျက်နှာကိုမြင်လိုက်တာနှင့် အလိုမကျ စိတ်ရှုပ်သွားရတာ သူ့အကျင့်ဖြစ်နေပြီ။

"ဩ ဘယ်ကိုလာတာလဲ"

"ခင်ဗျား အခုဘယ်မှာတွေ့လဲ"

ဒါပင် သူ့အချိုသာဆုံး ပြန်ပြောတာ။

"တစ်ယောက်တည်းလား"

"ဘယ်နှစ်ယောက်တွေ့လို့လဲ"

"ဒါဆို ဩတစ်ယောက်တည်းပေါ့"

သားသားနားနား အရပ်မြင့်မြင့် သူ့အနားမှာရပ်နေတာင် နှင်းဆီနက်အတွက် တစ်မျိုးစိတ်လှုပ်ရှားပြီး လုံခြုံနွေးထွေးစေသည်။

သူ့ပုံစံကတော့ ထုံးစံအတိုင်း နက်ကို ကြည်ကြည်လင်လင်မရှိပါ။

သို့သော် ဒါကို နက် ဂရုမပြုနိုင်။

သူ့ကို စကားမရှိ စကားရှာပြောဖို့စဉ်းစားရာ။

"ဂျပန်စာသင်နေသေးလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းညိတ်သည်ဆိုရုံ ညိတ်ပြ၏။

"နက်လည်း သင်ချင်လို့ပါ၊ ဩတို့သင်တန်းမှာ လာတက်ရင်ရမလား"

"ဒါက ဘယ်သူဖြစ်ဖြစ်ရတာပဲ၊ ကျွန်တော့်ကို မေးစရာတောင်မလိုဘူး"

ဇေဩက ကန့်လန့်ပဲဖြေပါသည်။

ဒီမိန်းမကို စကားကောင်းကောင်းမွန်မွန်ပြောဖို့ကို စိတ်ထမရှိ။

အခုတောင် မကောင်းတတ်၍ ရပ်နှုတ်ဆက်နေရတာဖြစ်သည်။

"ဒါပေမဲ့ ဩရှိတော့ ပိုကောင်းတာပေါ့၊ ဩသင်မယ့်အချိန်ပဲ နက်ကတက်ချင်တာ"

ဒါကိုတော့ ဇေဩကန့်ကွက်လို့မရပါ။ နိုင်ငံခြားဘာသာရပ်သင်တန်းမို့ နှင်းဆီနက် လာတက်မည်ဆိုလည်း သူတားမြစ်ရမှာမဟုတ်။

သို့သော် ထိုမိန်းမကို သူ့မျက်စိရှေ့မမြင်လိုပေ။

"ကျွန်တော် နောက်ပိုင်းဆက်သင်ဖြစ်မှာမဟုတ်ဘူး"

နှင်းဆီနက်ကပြုံးသည်။





"ဒါဆို မနက်ဖြန်ပဲ လာစုံစမ်းရမယ်"

ဇေဩစာက ဘာမှထပ်မပြော။ စကားဆုံးတာနှင့် လှည့်ထွက်ပြီး ကားရပ်ထားရာဆီသွားဖို့ ခြေလှမ်းပြင်ပြီးသား။

ဒါက နက်နှင့် ကြာကြာရပ်စကားမပြောချင်ဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ့လေ။

ဟွန်း သိသာလိုက်တာ။

သူ့ခြေလှမ်း ပြန်ရပ်သွားနိုင်မယ့် နာမည်တစ်လုံးကို နက်သုံးချနိုင်သားပဲ။

"ဩော် ဒါနဲ့ ခုတလော ယိမ်းတို့အိမ်မလာဘူးနော်၊ မိန်းက ဩကို စိတ်ကောက်နေပြီထင်တယ်"

"ဒါ ကျွန်တော်တို့ကိစ္စပါ၊ ခင်ဗျားနဲ့မဆိုင်ဘူးထင်တယ်"

"မေးကြည့်တာပါ စိတ်မဆိုးပါနဲ့"

"ဒါပဲမဟုတ်လား"

မာရေကြောရေပုံစံက ခါးသက်စရာ။ ဒါပေမဲ့ ကိုယ်က ခါးနိုင်ဘူးလေ။

နှစ်ယောက်အတူ တစ်နေရာမှာ သူနှင့် ခပ်ကြာကြာ စကားပြောချင်သည်။

ဒီအခွင့်အရေးမျိုး နက်လိုချင်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



''နေပါဦး အခုအိမ်ပြန်မှာလား၊ ညြ အခုဘယ်မှာနေ
ဟင်''

''ဘာလုပ်ဖို့မေးတာလဲ''

''ဟိုလေ သိချင်လို့ပါ၊ ညြက အိမ်နဲ့ အဆင်မပြေဘူး
တော့ ဘယ်မှာနေသလဲလို့ပါ''

နှင်းဆီနက်က အခုထိ သူ့အိမ်ပေါ်က နှင်ချခံနေရဆဲ
ထင်နေရှာတာမို့ ဖေညြပြုံးချင်မိသည်။

သူမကို အမှန်အတိုင်းလည်း ရှင်းပြမနေ။

ထင်ချင်ရာထင်ပစေ။

''ဒီလိုပဲ အဆင်ပြေသလိုပဲ''

''ညြ ဘီယာတွေသောက်ထားတယ်ထင်တယ်''

ထိုမေးခွန်းကို သူက မကြိုက်ဟန်နှင့် မျက်နှာပျက်သွား
သည်။

နှင်းဆီနက်ကလည်း သူ့ကို အင်မတန် တရင်းတ
ွက်ဖက်၍ နေရာတကာ ဝင်ပါနေချင်သည်။

သူနှင့် ခပ်ကြာကြာစကားလက်ဆုံကျချင်တာ။

မေးတစ်ခွန်း ဖြေတစ်ခွန်း နှုတ်ဆက်ရုံလေးနှင့် ပြီးမသွား
ချင်။





နက် နောက်ပြန်မလှည့်နိုင်ပေ။

ဖေညြက ကားနားသို့ ဆက်လျှောက်သည်။ သူမ
ဆက်ပြီးရပ်နေတာကိုလည်း အားနာပုံမရချေ။

နှင်းဆီနက်က သူ့နောက်တစ်လှမ်းနှစ်လှမ်း ဆက်ပါလာ
လျှင် သူ ခပ်တင်းတင်းလှည့်ကြည့်ပြီး မေးဆတ်သည်။

''ဘယ်ကိုဆက်လိုက်မှာလဲ နေခဲ့တော့လေ''

''ဟွန်း အဖြစ်သည်းလိုက်တာ၊ ကားနားထိ လိုက်မလို့
ပေါ့''

''ဘာလို့လိုက်ရမှာလဲ''

''နက်တို့က မိတ်ဆွေတွေပဲ''

တော်တော်မရှက်တတ်တဲ့ မိန်းမပါပဲ။ ဖေညြက စိတ်ပျက်
သွားကြည့်သည်။

''ညြ တို့ကို သိပ်မုန်းနေလားဟင်၊ ခုထိ စိတ်မပြေသေး
ဘူးလား''

သူမက မော့မော့လေးကြည့်ကာ မခိုတရို့မေးသည်။

''ခင်ဗျား စကားအပိုတွေမပြောတာ အကောင်းဆုံးပဲ''

''နက်မေးတာလည်း ရှင်မဖြေဘူး''

သူက ထီမထင်သောပုံစံနှင့် သရော်ပြုံးလိုလို လှောင်ပြုံး



www.burmeseclassic.com

www.burmeseclassic.com



လိုလို တစ်ချက်ပြုံးကာ နက်ရှိနေတာ ဂရုမစိုက်ဘဲ ကား သော့ဖွင့်ဝင်ထိုင်လိုက်သည်။

ရှက်ခြင်းနှင့် မာနအဆိပ်တွေက နက်တစ်ကိုယ်လုံး စိမ့်ပြန့်သွားရသည်။

''တာ့တာ''

နှင်းဆီနက်က ဟန်ကိုယ်ဖို့ပင် သဘောထားကာ ပြုံးပြ လေးနှင့် လက်ကလေး တယမ်းယမ်း တာ့တာလုပ်နှုတ်ဆက်လိုက် ပါသည်။

သူ့ကားမီးခိုးရောင်လေးက ဟိုတယ်ဝင်းထဲမှ လော ခွင်း၍ တစ်ရှိန်ထိုးမောင်းထွက်သွားခဲ့သည်။

◆ ◆ ◆



''ငါ့အရှမ်းအသည်းယားတာပဲ ယိမ်းရယ် သိလား၊ ငါ့ကို လှောင်ပြုံးနေတဲ့ သူ့နှုတ်ခမ်းတွေကို လက်သည်းနဲ့ ဆွဲကုတ်ပစ် လိုက်ချင်တယ်၊ အဟုတ်ပဲ''

နက်သည် တစ်ခါတလေတော့ ယိမ်းထံ ဤကဲ့သို့ ရင် ဖွင့်တတ်ပြန်သေး၏။

ယိမ်းကို မတော်တဆ မျက်နှာချင်းဆိုင် ဆုံသလိုလိုနှင့် သူ့အကြောင်းပြောရတာ။ နက်စိတ်ထဲက အကြံအစည် ရည်ရွယ် ချက်ကိုတော့ ယိမ်း သိမှာမဟုတ်။

နှင်းဆီနက်ရင်မှာ ခံပြင်းမှုတွေနှင့် တစ်ခါတစ်ရံတော့ လည်း သူမကို သိသိသာသာရှောင်ဖယ်ချင်တဲ့ ဓေသြဇာကို ရအောင် ချပြလိုက်ချင်မိသည်။

နက်ရဲ့ မာယာပရိယာယ်တွေနှင့် သူ့ကို မဆွဲဆောင်နိုင် ဘူးဆိုလျှင် နက် သိပ်ညံ့ဖျင်းရာကျမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ပတ်သက်လျှင် ရင်ထဲမှာ မခံချင်စိတ်တွေနှင့် အမြဲ ပြင်းပြနေသည်။

ယိမ်းကို သူ့အကြောင်းပြောတဲ့အခါ ယိမ်းက ခပ်မဆိတ်သာ နားထောင်နေတတ်ပြီး ဘာမှပြန်မဆွေးနွေးပါ။

ဓေသြဇာကြောင့်ပင် သူမတို့နှစ်ယောက်ကြားက ဆက်ဆံရေးဟာလည်း သွေးအေးအေးနှင့် ဟန်ဆောင်မှုတွေ ဖုံးလွှမ်းခဲ့ပြီ။

အရင်လို နွေးထွေးမှုတွေပြန်ရဖို့ မလွယ်တော့ပါ။

အပေါ်ယံသာ အခင်အမင်မပျက်သော်လည်း စိတ်ထဲမှာတော့ အရင်အတိုင်း ပြန်မဖြစ်နိုင်တော့ဘူးလေ။

ဒဏ်ရာအက်ကြောင်းတစ်ခုဟာ အထင်အရှားရှိနေခဲ့ပြီ မဟုတ်လား။

နှစ်ရှည်ကြာသော ခင်မင်မှု သံယောဇဉ်တွေကို ဓေသြဇာက ကတ်ကြေးတစ်လက်နှင့် လျှပ်တစ်ပြက် ဖြတ်တောက်ပစ်နိုင်ခဲ့သည်။

ဒါကို ယိမ်းရော နက်နက်ရော ကိုယ်စီသိကြပါသည်။ ယိမ်းအနေနှင့်က ဓေသြကို ဘာမှ အပြစ်တင်စရာမရှိ။ နက်နက်ကလည်း ဓေသြအပေါ် အပြစ်မမြင်နိုင်သူ

...ခံယောက်ပါပဲ။

ဒီလိုနှင့် တစ်နေ့မှာတော့ ဓေသြဇာနှင့် နီးစပ်ပတ်သက်သူ့ဖို့ အခွင့်အရေးတစ်ခုကို နှင်းဆီနက် မတော်မဆ တိုက်ဆိုင်တွေ့ခဲ့ရလေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားလေးတစ်ယောက်ကို မိန်းကလေးတစ်ယောက်က ဘယ်လောက်ပဲ စွဲလန်းတပ်မက်လိုချင်မက်မောပစေဦး သူ့အောင် ရေလာမြောင်းပေးပြီး အမူအရာနှင့်သာ ပြလို့ရမည်။ဒီ့ထက်ပို၍ ဘာမှကြိုးစားခွင့်မရှိဘူးဟုထင်သည်။

နှင်းဆီနက်အနေနှင့်လည်း ဒီ့ထက်မပိုနိုင်တော့။

သို့သော် တစ်ညမှာတော့ မထင်မှတ်သော အခြေအနေတစ်ခုနှင့် ကြုံလာရပါသည်။

ဒီနေရာမှာ ဧသြဇာကိုတွေ့ဖို့ဆိုတာ လုံးဝမမျှော်လင့်ခဲ့မိပါ။

နှင်းဆီနက်တို့အိမ်က ကောင်မလေးက သူ့အဒေါ် နေကောင်းဘူးဆို၍ ညကြီးမိုးချုပ်မှ မြို့စွန်ရပ်ကွက်ကလေးကို ပြန်မည်ဆိုသည်။

ရန်ကုန်မှာ မကျွမ်းကျင်တော့ လိုင်းကားလည်းမစီးတတ်





ကလေးသာသာအရွယ်မို့ တက္ကစီလည်း တစ်ယောက်တည်းဆို မစီးရဲဘူးတဲ့လေ။

ဒါနဲ့ပဲ နှင်းဆီနက်က ပျစ်တောက်ပျစ်တောက် အပြစ်တင်ရေရွတ်ရင်း သူမကားနှင့် လိုက်ပို့ပေးရတာဖြစ်သည်။

ကောင်မလေးကိုပို့ပေးပြီး ကားကို ချိုင့်ခွက်တွေရှောင်ရင်း ခပ်ဖြေးဖြေး သတိထားမောင်းလာခဲ့သည်။ ရပ်ကွက်လေးကမီးပျက်ပြီး မှောင်မဲနေတော့ ပိုဆိုးသည်။

လမ်းသွယ်လေးထဲကနေ ရှည်လျားသော လမ်းမတန်းတစ်ခုကို ဖြတ်မောင်းစဉ်မှာ ပလက်ဖောင်းက စားသောက်ဆိုင်တစ်ခုရဲ့အပြင်ဖက် စားပွဲတစ်လုံးကနေ အရပ်ခပ်မြင့်မြင့်နှင့် လူတစ်ယောက် ဒယိမ်းဒယိုင် ထရပ်လိုက်ကို ကားထဲကနေ လှမ်းတွေ့သည်။

ဟင်။

သူမအသံလေးထွက်အောင်ပင် အာမေဋိတ်ပြုမိသည်။

ဧသြဇာ။

ကိုယ့်မျက်စိကို ကိုယ်မယုံချင်။

ဧသြက ဘယ်လိုလုပ်ပြီး မြို့စွန်ဖျားက အရက်ဆိုင်လေးတစ်ခုဆီကို ရောက်နေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အဖော်မပါဘာမပါ တစ်ယောက်တည်းမှုံးနေတာ။

ခေသြမှဟုတ်ရဲ့လား။

နက် မျက်စိများမှားတာလား။

သူက နှင်းဆီနက် ကားမောင်းလာတဲ့ဖက်ကို မျက်နှာချင်းဆိုင် လျှောက်တာမဟုတ်ဘဲ လမ်းထိပ်ဖက်သို့ ကျောခိုင်းလျှောက်လိုက်တာဖြစ်၍ သူ့မျက်နှာကို သေချာမမြင်လိုက်ရ။

ဒါပေမဲ့ ဒီလိုပုံ ဒီလိုဟန် ဒီလိုအဝတ်အစားစတိုင်လ်။ ဒီဆံပင်နှင့်ဆိုတော့ ဒါဟာ ခေသြစာပဲဖြစ်မှာပေါ့။

ခေသြစာက ပလက်ဖောင်းအတိုင်း ဘေးကပ်လျှောက်သွားနေသည်။

ဒါပေမဲ့ သူ့ဥစ္စာက တော်တော်နှင့်ခရီးမရောက်။

လူက ဒီဖက်လှမ်းရင် ဟိုဖက်ယိုင် ဟိုဖက်လှမ်းရင် ဒီဖက်ယိုင်နှင့် သိုင်းကွက်နင်းနေသည်။

ဒီလောက်ကြီး ရှမ်ပျက်ဆင်းပျက်ဖြစ်အောင် အမူးလွန်အောင်သောက်ရသလားကွယ်။

သူကြည့်ရတာ အသည်းကွဲသမားကြီးကျနေတာပဲ။

အံ့ပါရဲ့။





ကိုယ့်မျက်စိတောင် ကိုယ်မယုံချင်။ တခြားသူတစ်ယောက်ကသာ လာပြောရင်တော့ လက်ခံဖို့ကိုမဖြစ်နိုင်။

နှင်းဆီနက်က ကားကိုဖြေးဖြေးလေးပဲ ဆက်မောင်းလာပါသည်။

ခေသြဟုတ်မဟုတ် သေချာကြည့်ချင်သေးလို့ပါ။

ညအမှောင်မှာ သူ့ကို သဲသဲကွဲကွဲမမြင်ရသေးဘူးလေ။

ဒါက သူဘယ်သွားနေတာလဲ။ ဘယ်ကိုလျှောက်နေတာလဲ။

သူ့ကားရော မပါဘူးလား။

ကားကိုပါ သူ့အိမ်က သိမ်းလိုက်ပြီလား။

ယိုင်ကျတော့မလို ခွေကျတော့မလို သူ့ပုံစံကြောင့် နက်မှိုးရိုမ်သွားသည်။

"ဟဲ့ အို"

တစ်ချိန်မှာ သူအတော်ကြီးပြိုယိုင်သွား၏။

ခေသြရယ်။ ရှင်ဘယ်လိုဖြစ်ရတာလဲ။

သူ့အနားမှာ ဖြတ်ကျော်ကာ ကားကိုရှေ့တက်ပြီး ကမန်းကတန်းရပ်ပစ်လိုက်၏။

မျက်နှာကိုမြင်ရတော့ ခေသြဆိုတာ သူမသိသွားရပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဩ ဩ၊ ဒါကဘယ်လိုဖြစ်တာလဲ ဩရယ်"

အထိတ်တလန့်ပင် သူ့ကိုပြေးဆွဲမိ၏။

"ဗျာ ခင်ဗျားကဘယ်သူလဲ"

"နက်လေ နက်နက်ပါ၊ သေချာကြည့်ပါဦး ရှင်အရမ်းအမူးလွန်နေပြီ"

ဖေဩက မျက်စိတွေမှိတ်နီရဲပြီး မေးစင်းစင်းဖြစ်နေပြီ။

အာလေးလျှာလေးသံကြီးနှင့်မေးရင်း သူ့ကို ပိုင်ပိုင်နိုင်နိုင် လာတွဲသော မိန်းကလေးတစ်ယောက်ကို အမှောင်ထဲမှာ ပြန်ကြည့်သည်။

"နက်နက် ဘယ်ကနက်နက်လဲ"

"နှင်းဆီနက်လေ၊ ကဲပါ ရှင်ဒီလိုလျှောက်နေရင်တော့ ခရီးတွင်မှာလည်းမဟုတ်ဘူး၊ တစ်နေရာမှာ မူးလဲသွားလိမ့်မယ်၊ ဟယ် ရှင့်ကိုယ်တွေလည်းပူနေပါလား၊ ရှင်ဖျားနေတာလား၊ ဖျားနေရင်နဲ့ ဒီလောက်ကြီးသောက်ရသလားရှင်ရယ်"

ကရုဏာဒေါသောနှင့် ပွစိပွစိရေရွတ်နေသော မိန်းကလေးဟာ ဘယ်သူလဲ။

ရီဝေယစ်မူးနေသော သူ့အာရုံမှာ ဘာမှမသဲကွဲ။

ရေမွှေးရနံ့တွေ မွှေးကြိုင်ပြီး လှပအဆင့်မြင့်သော





မိန်းကလေးတစ်ယောက်ဆိုတာပဲ သူသိသည်။ သူ့ကို ရင်းရင်းနှီးနှီး ထူညီတွဲခေါ်သူ အနားရောက်လာတော့ တင်းထားတဲ့စိတ်တွေလည်း လျှော့ချလိုက်မိသည်။

သူသည် ကောင်မလေးရင်ခွင်ထဲမှာ သူ့ကိုယ်သူ မဟန်နိုင်ဘဲ လဲပြိုသွားတော့၏။

"အို ဩ ဩ၊ ဘယ်လိုဖြစ်တာလဲ ဒုက္ခပါပဲရှင်"

နှင်းဆီနက် ဗျာယာခတ်သွား၏။ သူအမူးလွန်ပြီး မေ့မြောသွားတာလား။

ဘုရားရေ ငါဘယ်လိုလုပ်ရမှာပါလိမ့်။

အနီးနားက ယောကျ်ားလေးတချို့ကို အကူအညီတောင်းတာ သူ့ကို ကားထဲပွေ့တင်သည်။

"ဩ ဩ သတိထားလေ"

သူက အင်း အင်းဟု ငြီးယူပြီး အသက်ပြင်းပြင်းရှူနေ၏။

"ဘာမှမဖြစ်ဘူးအစ်မ အစ်မယောကျ်ား မူးသွားတာပါ၊ အိမ်ကျရင် သံပုရာရည်လေးဘာလေး တိုက်လိုက်ပေါ့"

"အလကားအစ်မ၊ သူ့ကိုသွားမနှိုးနဲ့တော့ နိုးလို့လည်းရမှာမဟုတ်ဘူး၊ မိုးလင်းထိယူပြီပဲ၊ မိုးလင်းကျနိုးရင်တောင်ကံကောင်း"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီနက်သည် အရက်မူးသမားနှင့် နီးနီးစပ်စပ်မရှိဖူး တော့ သူအမူးလွန်နေတာကို ခြေမကိုင်မိ လက်မကိုင်မိနှင့် ဖွာ ယီးဖွာယာ စိုးရိမ်နေတာကြောင့် ဘေးကကောင်လေးတွေက သူ့ကို ကားပေါ်ကူညီတင်ပေးရင်း တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ တာဖြစ်သည်။

နက်နက်က ခေါင်းအသာညိတ်ကာ

"ကျေးဇူးပဲမောင်လေးတို့ သွားမယ်နော်"

မောင်းသူနေရာ ဖျတ်ခနဲထိုင်၍ ကားစက်နှိုးကာ မောင်း ထွက်လာရပေမဲ့ သူ့ကို စိတ်မချ၍ လှည့်ကြည့်ရသေးသည်။

သူသည် ကားနောက်ခန်းမှာ တရှူးရှူးအသံပေး၍ အရု အပင်ကင်းစွာ အိပ်ပျော်နေလေပြီ။

ခေါင်းနပန်းကြီးနေရသူကတော့ နက်နက်ပင်။

သူ့ကို ဘယ်လိုပြုစုရမလဲ နက်မသိ။ သူက ကိုယ်တွေ့ ပူကာ ဖျားလည်းဖျားနေသေးတာ။

တစ်ခုခုဆိုရင်တော့ ပြဿနာပဲ။

နေစမ်းပါဦး။ အခု နက်က သူ့ကို ဘယ်ကိုပို့ပေးရမှာ လဲ။

သူ့အိမ်ကိုလား။





အို ဘယ်ဖြစ်မှာလဲ။

အိမ်ပေါ်က နှင်ချထားပါတယ်ဆိုမှ ဒီလိုပုံစံနှင့် သွားပို့ လို့က ကျိုင်ပြီပေါ့။

နက်သည် တစ်ယောက်တည်း ချွေးပြန်ကာ ခေါင်းစားနေ ၏။

လမ်းဆုံရောက်မှသာ ကားထဲက အဲကွန်းကိုဖွင့်ဖို့ သတိရ သည်။

သူမလည်း အယောင်ယောင်အမှားမှားနေနှင့် ဘာတွေဖြစ် နေလဲ မသိတော့ပါ။

ခုသြကို ဒီလိုပုံစံနှင့် ကားပေါ်တင်ခေါ်လာရလိမ့်မည် ဟု အိပ်မက်ပင် မမက်ဖူးခဲ့။

အခုတော့ သူမစိတ်တွေ စိတ်လှုပ်ရှားလှသည်။

မီးပွိုင့်ရောက်လျှင် ကလေးတစ်ယောက်ကို စိတ်မချသလို မျိုး နောက်ဖက်ကူရှင်ပေါ် ခွေခေါက်အိပ်ပျော်နေတဲ့ သူ့မျက်နှာကို လှမ်းကြည့်ရပါသေးသည်။

အခုလိုဆိုတော့လည်း မာနကြီးပြီး ခက်ထန်မာကြောတဲ့ ယောကျ်ားတစ်ယောက်နှင့် မတူပါလားနော်။

ဆံပင်စတွေ နဖူးပေါ် ဖရိုဖရဲနှင့် နှုတ်ခမ်းကိုဟလျှက်က



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူကာ အိပ်ပျော်နေတာများ ကလေးငယ်တစ်ယောက်လိုပင် ချစ်စဖွယ် သနားစဖွယ်ကောင်းလှတော့သည်။

နက်ရင်မှာ ကရုဏာစိတ်တွေ အလိုလိုယိုဖိတ်လာရပါသည်။

ရှင်သိပ်စိတ်ဆင်းရဲနေသလား သြရယ်။

နက် ဘာလုပ်ပေးရမလဲ။ နက် ဘာကူညီရမလဲ။

ရှင်က ယိမ်းကို ဒီလောက်ထိချစ်ရသလားကွယ်။ ရှင့်ဘဝကို အရက်ထဲနှစ်ရတဲ့အထိ ရှင်မိုက်မဲရသလား။

ရှင့်မှာ ဆင်ခြင်တုံတရားတွေ အသိဉာဏ်တွေရှိရဲ့သားနဲ့များ ဓေသြရယ်။

နှင်းဆီနက်က အားမလိုအားမရတွေးရင်း သက်ပြင်းလေးတစ်ရှိုက်ကိုသာ စိတ်မသက်မသာရှိုက်မိသည်။

ဒီလိုနှင့် တွေတွေဆေဆေနှင့်ပဲ ကားကိုမောင်းလာရာ သူမရဲ့အိမ်ဂေဟာသို့ပင် ရောက်လာပါတော့သည်။

"တီ တီ"

ကားဟွန်းဖြေးဖြေးနှစ်ချက်တီးလျှင် ဦးအိုက် ပြေးထွက်လာကာ ခြံဝင်းတံခါးဖွင့်ပေးသည်။

သူမက ကားကို ပေါ်တီကိုအောက်ထိ မောင်းဝင်လာခဲ့





သည်။

ဦးအိုက်က ခြံတံခါးပြန်ပိတ်ပြီးလျှင် သူ့ကိစ္စပြီးပြီထင်ပြီး ကားကိုဒေါင်ဖက်သို့ ခြေလှမ်းရွယ်သည်။

"ဦးအိုက် လာပါဦး"

သူမက အမောတကောလှမ်းခေါ်ရသည်။

"အသောင်းရေ"

အိမ်ထဲက ဒေါ်သောင်းကိုလည်း အသံပြုရင်း ကားတံခါးကို ဟင်းလင်းဖွင့်လိုက်သည်။

"ဟောဗျာ ဒါကဘယ်သူလဲ၊ မမလေးနဲ့ ဘယ်လိုပါလာတာလဲ"

"ကဲပါ နောက်မှမေး၊ သူ့ကိုအရင်ကူတွဲချစမ်းပါဦး"

ကောင်းလေစွ။ သင်းကဖြင့် တခူးခူးနှင့် အိပ်မောပင်ကျနေပြီ။

"သြ သြ ဓေသြ"

လှုပ်နှိုးတာပင်မနိုးပါ။ တတ်လည်းတတ်နိုင်ပါရဲ့။

နှင်းဆီနက်က ဦးအိုက် ဒေါ်သောင်းတို့ရဲ့ အကူအညီနှင့် ဓေသြစာကို အိမ်ထဲသို့ခေါ်ကာ အိပ်ခန်းဆီ တွဲပို့လိုက်ရသည်။

"သူကဘယ်သူလဲ မမလေး"



www.burmeseclassic.com

www.burmeseclassic.com



"နက်နက် သူငယ်ချင်း"

သူတို့က ဒီထက်ပိုမမေးကြ။

ညလည်းမိုးချုပ်ပြီမို့။

"မမလေး ထမင်းစားပြီးပြီလား"

"တော်ပြီ မစားတော့ဘူး"

"အသောင်း ဘာလုပ်ပေးရဦးမလဲ"

"လိုမှ နက်နက်ခေါ်မယ်"

ဦးအိုက်နှင့်အသောင်းမှာ အံ့သြနေပုံတော့ပေါ်၏။

နက်ကိုတစ်လှည့် မှုံးပြီးအိပ်ပျော်နေတဲ့ ဖေသြကို တစ်လှည့် မယုံသလိုကြည့်နေကြသည်။

ဖေသြကိုတော့ ဟိုတစ်ခါ ခြေထောက်အဆစ်ရောင်ပြီး ဆေးခန်းပို့ပေးတုန်းက မြင်ဖူးသိဖူးထားကြသည် မဟုတ်လား။

သူတို့ မမလေးနှင့် ဘယ်လိုပတ်သက်မှန်းတော့ သူတို့ မသိ။

နက်လည်း ဖေသြကို အိပ်ခန်းထဲပို့ပြီးမှ ဆက်တီတစ်လုံး ပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

ရင်တွေလည်း မောပါရဲ့။

အခုထိ ရေလေးတစ်ခွက်ပင် မသောက်နိုင်သေး။ အခု





တွေတောင် ဘယ်လိုကုန်မှန်းမသိ။

ညဉ့်နက်ပြီ။

နှင်းဆီနက်သည် အခန်းတံခါးကိုဖွင့်ကာ သူ့ထံသွားကြည့်သည်။

ကုတင်ပေါ်မှာ မှောက်ခုံကြီး အိပ်ပျော်လျှက်သား။

အရက်နံ့ ချဉ်စူးစူးကလည်း ထွက်ပေါ်နေ၏။

သူမက နှာခေါင်းလေးရှုံ့မိသည်။

မတတ်နိုင်ပါဘူးလေ။

သူက ဖေသြဓာဖြစ်နေတော့ နက် ဘယ်လိုပစ်ထားနိုင်မလဲ။

သူ့ရဲ့ ရှူးဖိနပ်နှင့် ခြေအိတ်ကို အသာအယာချွတ်ပေးသည်။

ကြည့်ပါဦး နက်ခ်တိုင်ပင် မချွတ်ရသေး။

လှုပ်ကစတိုင်လ်ကျကျနှင့် အပြုအမူကကြ ကလေကချေ။

နှင်းဆီနက်က သူ့လည်ပင်းက နက်ခ်တိုင်ကိုလည်း ဖြုတ်ပေးဆ၏။

"အင်း"

"အို"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြတ်ပေးစဉ် သူက နက်နက်လက်ကိုဆွဲပြီး ကယောင်ကတမ်း လှမ်းဖက်လျှင် နက် လန့်ဖျပ်သွားရသည်။

"ဩ ဖယ်စမ်းပါ"

သူ့ထံမှ ပြန်ကျူးထသည်။

နက်ကိုနက်လည်း နားမလည်နိုင်ပါ။ တကယ်ဆိုရင် သူ့ရင်ခွင်ထဲ နက်ပျော်ပျော်ရွှင်ရွှင် ငြိမ်သက်နေရမှာ။

ဒါဟာ နက်ကို မမျှော်လင့်ဘဲ ပေးလာတဲ့ အခွင့်အရေး ပဲ။

နက်နက်က သူ့နဖူးကို အသာအယာစမ်းလိုက်၏။

ကိုယ်တွေကပူဆဲပါ။

မဖြစ်ချေ။ ရေခဲဝတ်နှင့် အုပ်ပေးမှပါပဲ။

ရေခဲသေတ္တာဖွင့်ကာ ရေခဲတုံးလေးတွေထုတ်ယူပြီး ဖလား ထဲထည့် လက်ကိုင်ပုဝါတစ်ထည်နှင့် သူ့ဆီပြန်ရောက်လာရပြ ၏။

ရင်ထဲမှ စစ်မှန်သော အကြင်နာတရားဖြင့် နက်နက် သူ့ ပြုစုပေးတာဖြစ်သည်။

သူ့မျက်နှာကို ငေးမောကာ နဖူးပြင်ကို ငုံ့နမ်းလိုက်ချ စိတ်လည်းဝင်သည်။





မျက်ခုံးထူထူတန်းတန်းလေးနှင့် သူ့မျက်နှာဟာ ခပ်မှိန်မှိန်မီးရောင်မှာ နက်ကို အင်မတန်ဆွဲဆောင်နေသည်။

မျက်ဝန်းတွေမှိတ်ထားသဖြင့် မျက်တောင်ရှည်ရှည်တို့က ဝင်းကျနေ၏။

ဩရယ် နက်ချစ်လိုက်ရတာ။

အခုနေ နက်သူ့ကို ပိုင်ချင်ရင်အလွယ်လေးပေါ့။

သူ့နံဘေးမှာဝင်လှဲချပြီး မနက်လင်းလို့ သူလူးလွန့်ပြီး နိုးလာတာနှင့် နက်က ဘာဘာညာညာ စွပ်စွဲအပြစ်ပုံချလိုက်ရုံပင်။

မိန်းကလေးတစ်ယောက်နှင့် တစ်အိပ်ရာထဲ အတူရှိနေမှ တော့ သူဘာကိုငြင်းပယ်နိုင်ဦးမှာလဲ။

နက်ဖက်က အထွေအထူး ညာဏ်များစရာပင်မလို။

အလွန်ဆုံး နက်ကို သူမုန်းချင်သာမုန်းလို့ရမည်။

လက်ထွေ့မှာတော့ သူရှောင်ထွက်လို့မရ။

ဘာကြောင့်ပဲမှားမှား အဲဒီအမှားအတွက် ပြန်ပေးဆပ်ရမှာပဲ မဟုတ်လား။

သူ့အကြောင်းပြသည်။ ဒီအပြစ်ကနေ ရှောင်လွှဲလို့မရပါ ဘူး။

စိတ်ကူးနှင့် အကွက်ဆင်ရင်း နက်က ရှက်ပြုံးပြုံးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဒေသြကို တစ်သက်လုံး ပိုင်ဆိုင်သွားနိုင်ဖို့ နည်းလမ်းတွေ့ခဲ့ပါပြီ။

ဒီနည်းလမ်းကို သူမရှာဖွေခဲ့တာလည်းမဟုတ်။

အားလုံးဟာ သူ့အလိုလိုဖြစ်လာခဲ့တာ။

နောက်တစ်နေ့ မိုးလင်းတာနဲ့ ရှင်ဟာ နှင်းဆီနက်ရဲ့ ခင်ပွန်းဖြစ်သွားမယ်လေ။

သူမက ဒီလိုအကြံပ်ကိုင်ရင် ဒေသြ ဘာတတ်နိုင်မှာလဲ။

နှင်းဆီနက်က သူ့နံဘေးမှာ ခဏလေးလှဲချကြည့်၏။

ပြီးလျှင် ချက်ချင်းငေါက်ခနဲ ပြန်ထထိုင်ပြန်သည်။

ဟင့်အင်း ငါဒီလိုလုပ်လို့မဖြစ်ပါဘူး။

မိန်းကလေးတစ်ယောက်ရဲ့ အရှက်နဲ့သိက္ခာ။ ဒီတန်ဖိုးကို ဘာနှင့်မှ အလျော်အစားမလုပ်နိုင်။

ပြီးတော့ နက်ကို သူအထင်သေးလိမ့်မယ်။ သူ ခါးခါးသီးသီး မုန်းနေလိမ့်မည်။

သူ့အမုန်းကို နက်မလိုချင်။

အချစ်ဆိုတာ အတင်းအကြပ် လုပ်ကြံဖန်တီးယူလို့လည်း ရနိုင်တဲ့ အရာမျိုးမှ မဟုတ်တာ။

နဖူးပေါ်က သူ့ဆံပင်လေးတွေကို ပွတ်သပ်ရင်း နက်က





ခင့်သက်ကလေးသာ ရှိုက်မိပါသည်။

ပြီးလျှင် ဆုံးဖြတ်ချက်ချကာ ခေါင်းအုံးနှင့်စောင်ယူပြီး ဧည့်ခန်းသို့ ပြန်ထွက်လာသည်။

အောက်ထပ်မှာက အိပ်ခန်းတစ်ခန်းပဲရှိတာမို့ ဒေသြ အိပ်ပါစေ။ သူမက ဧည့်ခန်းဆက်တီရှည်ပေါ်ပဲ အိပ်လိုက်တော့မည်။

သူ့ကိုပြုစုရတာရော စိတ်တွေ ပင်ပန်းရှုပ်ထွေးနေတာကြောင့်ရော နက်အိပ်ငိုက်လာပါပြီ။ ခေါင်းထဲမှာ ဘာမှလည်း ထပ်မတွေးချင်တော့။

ခေါင်းအုံးလေးချကာ စောင်ခြုံပြီး နက်အိပ်လိုက်သည်။

သုံးမိနစ်ပင်မကြာဘဲ သူမလှစ်ခနဲ အိပ်ပျော်သွားရလေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ညည့်ခန်းများ မီးရောင်မှိန်မှိန်လေးဖြင့် အဲကွန်းရဲ့ အအေး

စိတ်ကစိမ့်ကာ ခြင်လုံဇကာလည်းရှိတာမို့ သူမ နှစ်နှစ်ခြိုက်ခြိုက်

ပင် အိပ်ပျော်သွားခဲ့တာ။

"အောက် အီး အီး အွတ်"

မနက်လင်းလို့ ဘယ်ကမှန်းမသိတဲ့ ကြက်တွန်သံကြား

ဖျတ်ခနဲနိုးလာခဲ့၏။

ဟင် ငါးနာရီတောင်ခွဲနေပါရောလား။

တိုင်ကပ်နာရီဆီ လှမ်းကြည့်ရင်း တစ်ချက်အညောင်းဆ

လိုက်သည်။

ခေသြရော ခေသြ။

သူ့အိပ်ပျော်နေတုန်းပဲလား။

ကမန်းကတန်း ကျုံးထကာ သူ့အခန်းဆီ ပြေးကြည့်

မှာင် တော်ပါသေးရဲ့။





ကိုယ်တော်ချောက သူ့အိမ်သူ့ယာလိုပင် ခြေပစ်လက်ပစ်

အိပ်မောကျနေဆဲပါ။

နှင်းဆီနက်သည် ယိမ်းကိုသတိရလိုက်သဖြင့် သူမရဲ့

လက်ကိုင်ဖုန်းကနေ ယိမ်းတို့အိမ်သို့ ဖုန်းခေါ်လိုက်သည်။

"ဟဲလို"

မေမေဘုရားရှိခိုးနေတုန်း ဖုန်းမြည်သံကြားသဖြင့် ယိမ်းက

အိပ်ရာက မထချင်ဘဲ အိပ်ချင်မူးတူးသံလေးနှင့် ပြန်ထူးလိုက်ပါ

သည်။

"ယိမ်း ငါပါ"

နက်နက်အသံကြောင့် ယိမ်း နည်းနည်းမျက်လုံးကျယ်သွား

ရသည်။

စောစောစီးစီး ဘာကိစ္စများလဲ။

ခါတိုင်း နက်ဒီလိုအချိန် ဝေလီဝေလင်းမှာ မနိုးတတ်

ပါဘူး။

သူ့အိပ်ရာထရင် အနည်းဆုံးကကိုးနာရီဆိုတာ ယိမ်းသိ

ထားသည်။

"ဘာကိစ္စလဲ နက်"

"နှင် ငါ့အိမ်ကို အခုချက်ချင်းထွက်လာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ဘာတွေဖြစ်လို့လဲ"

ယိမ်းက သူ့အသံကြောင့် ရင်တုန်ပန်းတုန် လန့်ဖျပ်သွားရ၏။

နက်ပြောဟန်မှာ အရေးတကြီးနှင့်။

"ဒီမှာ ခေသြရောက်နေတယ်"

"ဘာ"

နားကြားများလွဲသွားသလားဟုသာ 'ဘာ' ရတာ တကယ်က သေချာကြားလိုက်တာပါ။

"ခေသြဟုတ်လား၊ သူက နင့်ဆီဒီလောက်အစောကြီး ဘာလာလုပ်တာလဲ"

"မနက်အစောကြီးမဟုတ်ဘူးဟေ့၊ ညကတည်းက ငါ့အိမ်မှာပဲ"

ဘုရားရေ။

နက်စကားကြောင့် ယိမ်းခေါင်းထဲ မိုက်ခနဲတောင် ဖြစ်ချင်သည်။

ခေသြကတစ်ညလုံး သူ့ဆီမှာတဲ့။

ယိမ်းသည် ယောင်ယမ်း၍ ရင်ဘတ်ကလေးဖိမိသည်။ ရင်ထဲမှာ ဆို့တက်လာတဲ့ အလုံးကြီးတစ်လုံးကြောင့် စကားပြန်မပြောနိုင်ဘဲ နင်နေမိသည်။

ဒါဆိုရင် သူတို့ သူတို့။

"ယိမ်း နင်တစ်မျိုးမတွေးနဲ့နော်၊ သူအမူးလွန်ပြီး လဲကျမှာစိုးလို့ ငါက ကားပေါ်တင်ပြီး ခေါ်လာတာပါ၊ ဘာသဘောနဲ့မှ မဟုတ်ဘူးနော်၊ ငါနဲ့သူနဲ့ ဘာမှလည်းမဖြစ်ဘူး၊ သူ့ကို အခန်းထဲမှာသိပ်ထားပြီး ငါက အပြင်မှာအိပ်တာ၊ နင်မယုံရင် အခုလာလိုက် သူ ခုထိ အိပ်ပျော်နေတုန်းပဲ၊ အံ့ရော နိူးလို့ကိုမရတာသိလား၊ အဲဒါ ငါလည်း ဦးနှောက်တွေစားနေပြီ၊ သူ့အိမ်ကို ဖုန်းဆက်ရင်လည်း သူ့အဘိုးနဲ့တွေ့မှာ ငါကြောက်တယ်ဟ၊ အိမ်ကလည်း နင်ချထားပြီးသားဆိုတော့ ဘယ်ကိုပို့ရမှန်းကိုမသိတာ"

"ဟဲ့ နက် ဘယ်ကသူ့အဘိုးလဲ၊ သူ့မှာ နှစ်ဖက်စလုံး အဘိုးအဘွားတွေမှ မရှိတော့ဘဲ ဆုံးပြီလို့ ငါ့ကိုပြောဖူးတာပဲ"

"ဟင် ဟုတ်လို့လား၊ ဖုန်းထဲမှာ သူ့အဘိုးကိုယ်တိုင် စကားပြောတဲ့ဥစ္စာ"

"အဲဒါ ခေသြပဲဖြစ်မှာပေါ့၊ ခေသြက အသံဖျက်ပြီး နောက်တတ်တယ်"

"သိပါဘူးဟယ်၊ အဲဒါအသာထား နင်အခုလာခဲ့နော် ယိမ်း၊ မကြာနဲ့"







www.burmeseclassic.com

www.burmeseclassic.com



"ယိမ်း ဓေသြတို့အိမ်ကို အကြောင်းကြားရဦးမှာပေါ့"

"ဖြစ်ပါ့မလား ကြည့်လည်းလုပ်ပါယိမ်းရယ်၊ ငါ့ကို အထင်လွဲနေပါ့မယ်"

အခုမှတော့ မကြောက်ပါနဲ့တော့နက်ရယ်။ ဒီပြဿနာ အတွက် အဖြေတော့ရှိမှာပါ။

ဓေသြတစ်ယောက်လုံး နင့်အိမ်ပေါ်ရောက်နေပြီဆိုမှတော့ ယိမ်းက ဘာပြောစရာရှိဦးမှာလဲ။

နင်နဲ့ထိုက်လို့ နင့်လက်ထဲပါလာတာပဲဖြစ်မှာပါ။

ယိမ်းတော့ ဒီလိုပဲ သဘောထားလိုက်ရမှာပင်။

ရင်ထဲမှာ ဝမ်းပန်းတစ်နည်းကြီးနှင့် ဘယ်လိုဖြစ်နေမှန်း မသိတော့ပါ။

ဆုံးရှုံးလစ်ဟာကြေကွဲမှုတွေနှင့် ယိမ်းနှလုံးသားမှာ မခံ မဆန့်ကြီး ခံစားနေရသည်။ ဘာပဲဖြစ်ဖြစ် ဖြေရှင်းရမည်။

ဓေသြဇာတို့ အိမ်ဖုန်းနံပါတ်ကိုနှိပ်လိုက်သည်။

"ဟဲလို"

ထူးသံကြားလျှင် ယိမ်းမယုံနိုင်။

"ယိမ်း ယိမ်းလား၊ ယိမ်း ကျွန်တော့်ဆီ ဖုန်းဆက်တယ်နော်"





အံ့သြဝမ်းသာသံနှင့် မေးလိုက်သူက ဓေသြဇာ။

သူမ ကြောင်အမ်းသွားမိကာ

"ဟင် ဓေသြ ဓေသြ ရှင်အခုဘယ်မှာလဲ"

"ဟ အိမ်ကိုဆက်တာလေ၊ ကျွန်တော် အိမ်မှာပေါ့"

အိမ်မှာတဲ့။

တစ်ခုခုတော့ အကြီးအကျယ်လွဲမှားနေပြီ။

ခုနစ်မိုင်ကနေ သူ့အိမ်ကို ဘယ်လိုမှ ဒီလောက်ချက်ချင်း မရောက်နိုင်။

"ယိမ်း ပြောလေ၊ ဘာဖြစ်လို့လဲ အန့်တီထားရော နေကောင်းရဲ့လား"

မိုးမလင်းခင်ဝင်လာတဲ့ ယိမ်းရဲ့ဖုန်းကြောင့် ဓေသြက လည်း စိုးရိမ်စွာ ပြန်မေးသည်။

"မေမေနေကောင်းပါတယ် ဘာမှမဖြစ်ပါဘူး၊ ယိမ်းဆက်တာက ဓေသြကိစ္စ"

"ကျွန်တော့်ကိစ္စ"

"ရှင် နက်နက်အိမ်မှာရောက်နေတာဆို၊ ညက အရက်မူး လွန်ပြီး သူကားထဲပါလာတာဆို၊ အခု ဘယ်လိုလုပ်ပြီး အိမ်ပြန် ရောက်နေတာလဲ၊ ရှင်မိန်းကလေးတစ်ယောက်အပေါ် အဲလိုတာဝန်



www.burmeseclassic.com

www.burmeseclassic.com



မဲ့တော့ မပြုမူသင့်ပါဘူး၊ နက်ကိုမုန်းတယ်ဆိုပေမဲ့ သူလည်း မိန်းကလေးတစ်ယောက်ပဲလေ၊ ငဲ့ညှာပေးရဦးမှာပေါ့''

''ဟာ ကျွတ် ဘာတွေလျှောက်ပြောနေတာလဲ၊ ကျွန်တော် ညကတည်းက ဘယ်မှမသွားဘူး၊ အိမ်မှာပဲ နှင်းဆီနက်က ခင်ဗျားလေးကို ဘာတွေမဟုတ်တာ လုပ်ကြံပြောပြန်ပြီလဲ''

ယိမ်းစကားတွေက ကျောချမ်းစရာကောင်းလှပါသည်။ သူပဲ နှင်းဆီနက်နှင့် အတူတူရှိနေသလိုလို။ ဧသြမှာ ဒေါသတွေပင် ထွက်လာမိ၏။

ဒီမိန်းမတော့ နည်းနည်းတရားလွန်ပြီ။

''နက်နက်က ရှင့်ကိုလာခေါ်ပေးဖို့ ဖုန်းဆက်နေတာ ရှင့်ကို အိမ်ကနှင်ထားတယ်လို့ပဲ သူထင်နေတာ၊ သိရဲ့လား''

ယိမ်းစကားကြောင့် တစ်စုံတစ်ရာကို ဖျပ်ခနဲတွေး သွားသည်။

ကိုကို။

သူ့ရဲ့အမြွှာအစ်ကို။

ကိုကို့ကို အိမ်ကနှင်တာမဟုတ်။

မေမေနှင့်စကားပြော အဆင်မပြေလို့ သူဟာသူဆင်းသွားတာ။





ကိုကိုက ဂျပန်မှာပဲနေချင်သူ။

ဖေဖေမေမေတို့က ဒီမှာပြန်နေ ဒီမှာမိန်းမပေးစားမယ်ဆိုလို့ ပြဿနာတက်နေတာ။

ပြန်ရောက်ပြီး ဘယ်လောက်မှမကြာသေး။

သူငယ်ချင်းအိမ်သွားနေမယ်ဆိုပြီး ထွက်သွားတာ။

အခုပြောပုံအရဆိုရင် ကိုကိုနဲ့ နှင်းဆီနက်နဲ့တွေ့နေပြီ။

နှင်းဆီနက်ဟာ သူ့အစ်ကို နေဩဇာကို သူပဲထင်ပြီး ခေါ်သွားခဲ့တာဖြစ်မည်။

ဧသြခေါင်းထဲ အလျှင်အမြန် အဖြေထုတ်ရင်း

''ယိမ်း ကျွန်တော်သိပြီ၊ နှင်းဆီနက်အိမ်ရောက်နေတာ ကျွန်တော့်အစ်ကိုပဲဖြစ်မယ်၊ ကျွန်တော့်ကိုကို နေဩဇာလည်း ပြန်ရောက်လာပြီယိမ်း၊ သူနဲ့ ကျွန်တော်က အမြွှာ၊ အမှတ်တမဲ့ကြည့်ရင် ခွဲမရအောင်တူတယ်၊ ဒါပေမဲ့ သေချာနှစ်ယောက်ယှဉ်ကြည့်ရင်တော့ သိသာပါတယ်၊ ယိမ်းကို ကျောင်းမှာတုန်းက အစ်ကိုရှိတယ်လို့ ပြောဖူးတယ်လေ''

''ဧသြအစ်ကို ဟုတ်လား၊ ရှင်က အမြွှာလို့မှ ထည့်မပြောဘဲ၊ ယိမ်း ဘယ်လိုသိမှာလဲ''

ကြားလိုက်ရတာကိုမယုံချင်။

စိုးမိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့ စိတ်သောကတွေကို တစ်စုံတစ်ရာသော ဖန်ဆင်းရှင်က မျက်လှည့်ပြသလိုပင် လျှပ်တစ်ပြက် ဖယ်ရှားပေးလိုက်တာပါလား။

ဝမ်းသာလွန်း၍ ကတုန်ကယင်ပင်ဖြစ်သွားမိသည်။

ဓေဿရယ်။

ယိမ်းက ဓေဿကို အပြီးတိုင် လက်လွှတ်ဆုံးရှုံးရပြီလို့ ထင်ထားတာပါ။

နက် အိမ်ပေါ်တောင်ရောက်နေပြီဆိုတော့ အားလုံးဟာ လမ်းဆုံးသွားပြီပေါ့လို့ တွေးနေတာ။

ဘယ်လိုပဲ စိတ်ကောင်းထားထား။ ဘယ်လောက်ပဲ စွန့်လွှတ်လွှတ် တကယ်တမ်း ရှင့်ကို ယိမ်းရင်ထဲ အသည်းထဲက မခွဲချင်ပါဘူး။

မလွဲသာလို့ နက်နက်စိတ်ချမ်းသာအောင် လိုက်လျောခဲ့ရပေမဲ့ ရှင့်ကို နှလုံးသားထဲမှာ သိမ်းဝှက်ထားခဲ့ပါတယ်။

"အခုရော ကျွန်တော်ပြောတာကို ယုံရဲ့လား"

"ထူးဆန်းလိုက်တာ ဓေဿရယ်၊ ဓေဿမှာ ဒီလောက် ရုပ်ချင်းဆင်တဲ့ အစ်ကိုရှိတယ်ဟုတ်လား၊ ဒါဆို နက်နက်လူမှား နေတာပေါ့နော်"





"သေချာတာပေါ့ ယိမ်းရယ်"

"ဒါဆို အခု ယိမ်းတို့ ဘယ်လိုလုပ်မလဲဟင်"

"ကျွန်တော်တို့နှစ်ယောက် နှင်းဆီနက်အိမ်ကို လိုက်သွားမှာပေါ့ ဒါပဲရှိတာပဲ"

"အင်း ဟုတ်တယ်၊ လိုက်သွားကြမယ်"

"ကျွန်တော် ယိမ်းကိုလာခေါ်မယ်လေ၊ ဘာပဲဖြစ်ဖြစ် ယိမ်းစိတ်ဆိုးပြေတာကိုပဲ ကျွန်တော် အရမ်းပျော်သွားပြီ"

အို သူပျော်တာထက် ယိမ်းက အဆတစ်ရာတစ်ထောင်က ပျော်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

နေသြဇာသည် အိပ်မက်ထဲမှာ အလွန်မွှေးသော ပန်းရုံ လေးတစ်ခုကို ရှူရှိုက်နေရ၏။

ထိုပန်းလေးက မွှေးလွန်းသည်။ သူမျက်စိဖွင့်ကြည့်လိုက် ချင်သည်။

ဒါပေမဲ့ သူ့ခေါင်းတွေက မူးဝေပြီး ချာချာလည်နေသည် ထင်ရ၏။

မျက်လုံးတွေကို အားတင်းပြီး ဖွင့်ကြည့်သည်။

မျက်ခွံများက လေးလံနေ၍ ချက်ချင်းမဖွင့်နိုင်။

ဟင် ငါဘယ်ရောက်နေတာလဲ။

မွှေးဆွတ်သော မွေ့ရာခင်းနှင့် ကျွန်းကုတင်လေးတစ်လုံး ပြီးတော့ သပ်ရပ်လှပသောအခန်း။

အခန်းထဲမှာလည်း မိန်းကလေး အသုံးအဆောင်ပစ္စည်း တချို့နှင့် ကျွန်းကနုတ်မှန်တင်ခုံ လှလှကြီးရှိ၏။





ဒါဘယ်သူ့အခန်းလဲ။

သူအလန့်တကြားတွေးမိသည်။

ထိုအချိန်မှာပင် ဖွင့်ထားသော တံခါးဝ၌ မိန်းမချောလေး တစ်ဦးပေါ်လာပြီး

"ဧသြ နိုးပြီလား"

"ဗျာ ခင်ဗျားကဘယ်သူလဲ၊ ကျွန်တော် ဘယ်ကိုရောက် နေတာလဲ"

သူငေါက်ခနဲထကာ မေးမိ၏။ ပြီးလျှင် အိပ်ရာထက် ဘနေ ဝုန်းခနဲဆင်းလိုက်သည်။

"ခင်ဗျားလူမှားနေပြီ ကျွန်တော်က ဧသြဇာမဟုတ်ဘူး၊ ဧသြအစ်ကို နေသြဇာ"

ပုံစံကိုကြည့်ရတာ နောက်နေပုံလည်းမရတော့ နက်ပင် ဝေဇဝါဖြစ်သွားရပါသည်။

"ရှင်က နေသြ"

မယုံနိုင်လွန်းစွာ လက်ညှိုးလေးထိုး၍ ပြန်မေးမိ၏။

နေသြဇာက ခေါင်းညိတ်သည်။

မြို့စွန်ဖျားနားက ရပ်ကွက်မှာနေတဲ့ သူငယ်ချင်း အောင်မောင်အိမ်မှာ သူတည်းခိုမလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အိမ်ကကျဉ်းတော့ သူမနေတတ်။ ထိုနားက ဈေးချိုသော တည်းခိုခန်းလေးတစ်ခုမှာပဲ တည်းလိုက်တာ။

ညရောက်တာနဲ့ အနီးနားကဆိုင်လေးတစ်ခုမှာ သူသွားသောက်မိတာ။ စိတ်တွေကလည်းထွေနေ၏။

သောက်ရင်းသောက်ရင်း ဆယ်လုံးကျော် ဆယ့်ငါးလုံးလောက်ဖြစ်သွားသည်ထင်ပါရဲ့။

ခေါင်းကိုပင် မနည်းထူပြီး ပြန်ဖို့ကြိုးစားရတာ။

အခု အဲဒီနားက တည်းခိုခန်းကိုမရောက်ဘဲ သူဘာကြောင့် ဒီကိုရောက်လာခဲ့သလဲ မစဉ်းစားတတ်။

ထိုအချိန်မှာပင် ခြံထဲသို့ ဧသြမောင်းသော ပရီဆီမီးနီရောင်လေးကဝင်လာသည်။

ဒါကိုတော့ သူသိသည်။

ထွက်ကြည့်လိုက်တော့ ညီလေ ဧသြရဲ့လား။

ဒါဆို အင်္ကျီမတန်လှပပြီး ဆွဲဆောင်မှုရှိတဲ့ ဒီမိန်းကလေးဟာ ဧသြရဲ့ အသိမိတ်ဆွေဖြစ်နေတာပေါ့။

ကားတံခါးနှစ်ချပ်စလုံး တစ်ပြိုင်တည်းလို ပွင့်သွားသောညီလေးဧသြနှင့်အတူ ပန်းနုရောင်ဝတ်ထားသော မိန်းမငယ်လေးတစ်ဦးပါ အတူဆင်းလာကြ၏။





နှင်းဆီနက်သည် ဧသြထံ ထူးဆန်းအံ့သြစွာ လှမ်းကြည့်၏။

တကယ်ပဲ ရုတ်တရက်ကြည့်ရင် ဧသြနှစ်ယောက်ဖြစ်နေပါလား။

ဒါပေမဲ့ ခြေလှမ်းကျဲကျဲ မျက်နှာထားတင်းတင်းနဲ့ တိုက်ထဲလှမ်းဝင်လာတာက ဧသြအစစ်။

ဒီတော့မှပင် သူမနားမှာရှိနေတာဟာ ဧသြရဲ့အစ်ကို နေသြဆိုတာ သူမလက်ခံရတော့သည်။

နေသြတရဲ့ မျက်လုံးအကြည့်ဟာ အေးချမ်းပြီး သိမ်မွေ့သည်။ ဧသြလိုမဟုတ်။

သူကလည်း နက်ကို ကျေးဇူးတင်သော အကြည့်လေးတစ်မျိုးနှင့် တုံ့ပြန်ကြည့်နေပါသည်။

စကားလုံးမဲ့ နားလည်မှုတွေဟာ သူတို့နှစ်ဦးရင်ထဲ တူညီစွာ ဖြစ်ထွန်းလာသည်။

◆ ◆ ◆



www.burmeseclassic.com

လေယာဉ်ပျံကြီးက စက်သံကျယ်ကျယ်နှင့် ပြေးလမ်းအတိုင်းလာပြီးနောက် သပ်ရပ်စွာ လေဟုန်ကိုစွင်း၍ တိမ်တိုက်ထဲသို့ ထိုးတက်မောင်းနှင်သွားလေပြီ။

ထိုလေယာဉ်ပေါ်မှာ နေသြစာနှင့် နှင်းဆီနက်တို့ လိုက်ပါသွားကြပြီမဟုတ်လား။

အခုတော့လည်း ဧသြစာကို ယိမ်းမို ပိုင်ပိုင်ချစ်ခွင့်ရရှိသွားလေပြီ။

"မောင်တွေ့ဖူးတဲ့ မိန်းကလေးတစ်ယောက်က သိပ်ထူးဆန်းပြီး အံ့သြဖို့ကောင်းတယ်ကွာ သိလား၊ ကျေးဇူးရှိတဲ့ သူငယ်ချင်းတစ်ယောက်အတွက် သူ့အချစ်ကို စတေးခံရဲတယ်၊ ချစ်သူထိုစွန့်လွှတ်ရဲတဲ့စိတ်မျိုး သူ့မှာရှိတယ်"

"အဲဒါကို ခုထိ မကျေနပ်သေးဘူးလားမောင်ရယ်၊ ယိမ်းတို့သာ ဖူးစာမှန်ရင် ဘယ်လိုအကြောင်းနဲ့မှ မဝေးကွာနိုင်ဘူးလို့





ယုံကြည်ထားခဲ့တာ အခု ယုံကြည်တဲ့အတိုင်း ဖြစ်လာပြီပဲကွာ"

"မောင့်အစ်ကိုကယ်ပေလို့သာပေါ့"

"နက်နက်ကလည်း သဘောပေါက်ပြီး နောက်ဆုတ်ပေးပါပြီ"

"မောင်တို့ကံကောင်းတယ်နော်၊ မောင့်ဘဝမှာ ယိမ်းကိုပိုင်ဆိုင်ခွင့်ရတာက အကောင်းဆုံးကံတစ်ခုပဲ"

"ယိမ်းလည်း မောင့်ကိုချစ်ခွင့်ရတာ ဘဝမှာ အကျေနပ်ဆုံးပါပဲ"

ရင်နှင့်အမျှ ကြည်နူးချမ်းမြေ့လှစွာ မောင့်ပခုံးပေါ် မှီလိုက်တဲ့အခါ မောင်ကလည်း ချစ်မြတ်နိုးစွာ သူမကို ဖက်ထားလိုက်သည်။

ယိမ်းဘဝလေး လုံခြုံနွေးထွေးပြည့်စုံပါတယ် မောင်ရယ်။

ဆုလေးနွယ်([illegible])



www.burmeseclassic.com